မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

အတွဲ (၅၃) အမှတ် (၉၁)

၁၃၇၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်

၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာ ၃၀ ရက်၊ တနင်္လာနေ့။

ဒို့တာဝန်အရေး (၃) ပါး

- ❒ ပြည်ထောင်စု မပြိုကွဲရေး။
- ❒ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❒ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ရုပ်ရှင်လုပ်ငန်းသို့ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာအောင်ပိုမိုဆွဲဆောင်

ရန်ကုန်　　ဒီဇင်ဘာ　　၂၉

မြန်မာ့ရုပ်ရှင်အဆင့်အတန်းမြင့်မားရေးအတွက် ၁၉၅၂ ခုနှစ်မှ စတင်ပြီး မြန်မာ့ရုပ်ရှင်အဆင့်အတန်းမြင့်မားရေး အကဲဖြတ်အဖွဲ့သည် နှစ်စဉ်လိုလို မြန်မာ့ရုပ်ရှင်လောကမှ ထူးချွန်ထက်မြက်သည့် အနုပညာရှင်၊ အတတ်ပညာရှင်များကို ရွေးချယ်ပြီး ထူးချွန်ဆုများ ချီးမြှင့်လာခဲ့ရာ ၂၀၁၂ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်သည့်အခမ်းအနားကို ယနေ့ညနေပိုင်းတွင် ကျင်းပသည်။

အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆုရရှိသူ သရုပ်ဆောင် ပြေတီဦး။

ယခုနှစ်ဆုပေးပွဲတွင် ၂၀၁၂ ခုနှစ်အတွင်း ရုံတင်ပြသခဲ့သော ရုပ်ရှင်ဇာတ်ကား ၁၇ ကားအနက်မှ အကောင်းဆုံး အနုပညာစွမ်းဆောင်ချက်များအပေါ် စိစစ်၍ ထူးချွန်ဆုများ ချီးမြှင့်ခဲ့သည်။

၂၀၁၂ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်သည့် အခမ်းအနားကို ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် ဝေဇယန္တာလမ်းရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏဥ္ဇကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအေးမြင့်ကြူ၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦး၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေး၊ ရန်ကုန်တိုင်း ဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာ့ရုပ်ရှင်အဆင့်အတန်းမြှင့်တင်ရေး အကဲဖြတ်အဖွဲ့ဝင်များ၊ ရုပ်ရှင်ဆင်ဆာအဖွဲ့နှင့် ဗီဒီယိုဆင်ဆာအဖွဲ့တို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယကကြီးများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံစာရေးဆရာအသင်းနှင့် ဖိတ်ကြားထားသည့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ မြန်မာ့ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များ၊ ရုပ်ရှင်ထုတ်လုပ်သူများနှင့် မြန်မာ့ရုပ်ရှင်ကို ချစ်မြတ်နိုးသူပြည်သူများ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ■

အများပြည်သူဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများကို ဗဟိုဦးစီးပုံစံဖြင့်ဆောင်ရွက်ခဲ့သော အလေ့အထမှသည် ယခုအခါ သက်ဆိုင်ရာ အသင်းအဖွဲ့များအား အများပြည်သူဝန်ဆောင်မှု လွှဲအပ်ပေးခြင်းပုံစံသို့ ပြောင်းလဲကျင့်သုံးလျက်ရှိ၊ ထိုသို့ ပြောင်းလဲမှုကြောင့် အစိုးရဝန်ထမ်းများ၏ ကျွမ်းကျင်မှုအပေါ် မှီခိုအားထားနေရသောအခြေအနေမှ အသင်းအဖွဲ့များကိုယ်တိုင်ကို အားကိုးအားထားပြုနိုင်သည့် "အရွေ့" မလွဲမသွေ ဖြစ်ပေါ်စေမည်ဖြစ်၊ အသင်းအဖွဲ့များကလည်း ပို၍ တာဝန်ယူလုပ်ဆောင်ကြရမည် ဖြစ်။

အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆုရရှိသူ သရုပ်ဆောင် ဖွေးဖွေး။

၂၀၁၂ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ဆုရစာရင်း

ဆုအမျိုးအစား	ဇာတ်ကားအမည်	ဆုရရှိသူ
အကောင်းဆုံးရုပ်ရှင်အသံဆု	ကယန်းအလှ	တိုနီ(လင်း)
အကောင်းဆုံးရုပ်ရှင်တေးဂီတဆု	အမွေခံထိုက်သူဖြစ်ပါစေ	ဂီတမျိုး ဝင်းကို
အကောင်းဆုံးရုပ်ရှင်တည်းဖြတ်ဆု	ဥ	ဦးဇော်မင်း(ဟံသာမြေ)
အကောင်းဆုံးရုပ်ရှင်ဓာတ်ပုံဆု	ကယန်းအလှ	ဦးအောင်ကိုလတ်
အကောင်းဆုံးရုပ်ရှင်အထူးဆု (ကလေးသရုပ်ဆောင်ဆု)	တိမ်မင်းသမီးရဲ့ဒဏ္ဍာရီ	ယွန်းယွန်း
အကောင်းဆုံး ရုပ်ရှင်အမျိုးသားဇာတ်ဆောင်ဆု	လက်ပံ	ပြေတီဦး
အကောင်းဆုံးရုပ်ရှင်အမျိုးသမီးဇာတ်ပို့ဆု	ဥ	ချောရတနာ
အကောင်းဆုံးရုပ်ရှင်အမျိုးသမီးဇာတ်ဆောင်ဆု	လက်ပံ	ဖွေးဖွေး
အကောင်းဆုံးရုပ်ရှင်ဒါရိုက်တာဆု	ဥ	ကိုဇော်(အရုဏ်ဦး)

Ph : 662107, 9669012, 0973028674, 02-77838, 053-27705, 074-20071, 081-2122838, 057-27170, 073-22158, 082-23561, 043-23859, 098763546, 067-24760, 0949850196, 075-25979. Fax-521905

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

သိပ္ပံနည်းကျတိုင်းရင်းဆေး

အနောက်တိုင်း အင်္ဂလိပ်ဆေးဝါးများ မပေါ်ပေါက်မီကပင် တိုင်းရင်းဆေးကို နိုင်ငံတိုင်းတွင် သူ့နည်းသူ့ဟန်နှင့် အသုံးပြုခဲ့ကြသည်။ ရောဂါတစ်မျိုးမျိုးခံစားနေရသော လူနာကိုလည်းကောင်း၊ ဒဏ်ရာရလူနာကိုလည်းကောင်း သက်သာပျောက်ကင်းစေရန် တိုင်းရင်းဆေးကို အမျိုးမျိုးအသုံးပြုခဲ့ကြသည်။

"နွယ်မြက်သစ်ပင်ဆေးဖက်ဝင်"ဟူသည့်စကားရှိသည်။ သစ်ပင်မှန်သမျှတို့သည် ဆေးပင်တို့သာတည်း။ အရွက်၊ အမြစ်၊ အသီး၊ အပွင့်၊ အခေါက်စသည်ဖြင့် သစ်ပင်တို့ကို အာနိသင်ပေါ်မူတည်၍ ဆေးဖုံပြုလုပ်ကာ အနာနှင့်ဆေး တည့်အောင်ပေးပြီး ကုသမှုအဆင့်မြင့်မားလာသည့်ခေတ်တွင် ဆေးဖုံများနေရာ၌ ဆေးလုံး၊ ဆေးထုပ်၊ ဆေးပုလင်းစသည်ဖြင့် တိုင်းရင်းဆေးထုတ်လုပ်သုံးစွဲမှုမှာ အဆင့်အတန်းမြင့်မားစွာ ရပ်တည်လာနိုင်ခဲ့သည်။ တိုင်းရင်းဆေးနှင့် အနောက်တိုင်းအင်္ဂလိပ်ဆေးတို့၏ ခြားနားချက်မှာ အင်္ဂလိပ်ဆေးက ချက်ချင်းသာပျောက်ကင်းသည်။ တိုင်းရင်းဆေးမှာမူ ရေရှည်စွဲသောက်ရသည့်သဘောရှိသည်။ အင်္ဂလိပ်ဆေးဝါးများသည် ဓာတုဆေးများကို အခြေခံထုတ်လုပ်ထားသဖြင့် ခန္ဓာကိုယ်အတွင်း ဖြစ်ပေါ်နေသောရောဂါများကို ချက်ချင်းကုစားနိုင်သည်။ အမြန်ဆုံး သက်သာနိုင်စွမ်းရှိသည်။ အကယ်၍ တိုင်းရင်းဆေးဝါးများကိုလည်း ခန္ဓာဗေဒသဘောအရ ရောဂါဘယများ ကုစားပေးနိုင်မည့် သိပ္ပံနည်းကျထုတ်လုပ်သွားနိုင်မည်ဆိုလျှင် တိုင်းရင်းဆေး၏ အဆင့်အတန်းသည် ပိုမိုမြင့်မားလာပြီး သုံးစွဲမှုများပြားလာမည်ဖြစ်ပါသည်။

အင်္ဂလိပ်ဆေးအများစုမှာ ရောဂါတို့ဖြစ်စေနိုင်သောပိုးရပ်စ်ကို သတ်လိုက်ခြင်းဖြစ်သည်။ ထို့ကြောင့်လည်း ရောဂါမှာအမြန်ဆုံး သက်သာပျောက်ကင်းသည်။ သစ်ဥ၊ သစ်ဖု၊ သစ်မြစ်၊ သစ်ခေါက်တို့မှရရှိသော တိုင်းရင်းဆေးသည် ပိုးရပ်စ်ပိုးကိုတိုက်ခိုက်နိုင်စွမ်းရှိသော သိပ္ပံနည်းကျတိုင်းရင်းဆေးသာဖြစ်လျှင် တိုင်းရင်းဆေး၏ အာနိသင်သည် ပိုမိုအစွမ်းထက်လာမည်ဖြစ်ပါသည်။ အင်္ဂလိပ်ဆေးသည် ဘေးထွက်ဆိုးကျိုးရှိသည်။ ရေရှည်စွဲသောက်လျှင် မကောင်းပါ။ တိုင်းရင်းဆေးသည် ထိုသို့မဟုတ်ပါ။ ဘေးထွက်ဆိုးကျိုးဖြစ်မှုအလွန်နည်းပါးသည်။ ရောဂါပိုးအမျိုးမျိုးကို သေစေနိုင်သည့် သိပ္ပံနည်းကျတိုင်းရင်းဆေးများအဖြစ် ထုတ်လုပ်သွားနိုင်မည်ဆိုလျှင် တိုင်းရင်းဆေးသုံးစွဲမှုမှာလည်း ပိုမိုကျယ်ပြန့်လာမည်ဖြစ်ပါကြောင်း။ ။

လွတ်လပ်ရေးနေ့ကြိုဆိုဂုဏ်ပြု စာအုပ်ပြပွဲကျင်းပ

သရက် ဒီဇင်ဘာ ၂၉

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက (၆၆)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စာအုပ်ပြပွဲကို ဒီဇင်ဘာ ၂၈ ရက် မွန်းတည့် ၁၂ နာရီက လေးတိုင်စင်ရပ်ကွက် ရွှေမုဋ္ဌောစေတီဝင်းအတွင်း၌ ခင်းကျင်းပြသခဲ့သည်။

အခမ်းအနားတွင် ခရိုင်ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ဆွေက စာအုပ်ပြပွဲကျင်းပရခြင်း ရှင်းလင်းပြောကြားပြီး ပြည်သူများစာပေဖတ်ရှုသည့် အလေ့အထများရှိလာစေရန်နှင့် စာကြည့်တိုက်တွင် အခမဲ့လာရောက်ဖတ်ရှုနိုင်ကြောင်း၊ အသင်းဝင်ကတ်များ အခမဲ့ပြုလုပ်ပေးပြီး ငှားရမ်းပေးနေကြောင်း ပြောကြားပြီး ရပ်ကွက်အတွင်းရှိ ပြည်သူများက ခင်းကျင်းပြသသည့် သုတ၊ ရသစာအုပ်များ လေ့လာဖတ်ရှုကြကာ မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ ခင်းကျင်းပြသဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ဇော်ထက်**

ပြည်တွင်းသတင်း

ငွေကြေးအရင်းအနှီးများကို ကျေးလက်အထိရောက်ရှိအောင် ဝန်ဆောင်မှုပေးမည်

နေပြည်တော် ဒီဇင်ဘာ ၂၉

အသေးစား ငွေရေးကြေးရေး လုပ်ငန်းဆောင်ရွက်မည့် အဖွဲ့အစည်းများမှ လုပ်ငန်းတာဝန်ခံများနှင့် တွေ့ဆုံပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက အသေးစား ငွေရေး၊ ကြေးရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်မည့် အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများသည် ပြည်သူ့အကျိုးပြု လုပ်ငန်းများကို ဆောင်ရွက်နေကြသည့် အဖွဲ့အစည်းများဖြစ်ပြီး ပြည်သူများအတွက် လိုအပ်နေသည့် ငွေကြေးအထောက်အပံ့များကိုကူညီပြီး မိမိ၏မတည်ရင်းနှီးငွေများပြားစွာဖြင့် ဆောင်ရွက်ပေးနေခြင်းအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းကို အထောက်အကူပြုပေးသည့်အတွက် များစွာဂုဏ်ယူမိပါကြောင်း။

အသေးစားငွေရေး၊ ကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုထားသော အဖွဲ့အစည်းများမှာ တဖြည်းဖြည်းများပြားလာသဖြင့် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရ အဖွဲ့အစည်းများသည် အသေးစားငွေရေး၊ ကြေးရေးလုပ်ငန်း၏အဓိကရည်ရွယ်ချက်ဖြစ်သော ကျေးလက်ဒေသနေပြည်သူများ လိုအပ်နေသော ငွေကြေးအရင်းအနှီးကို ကျေးလက်အထိ ရောက်ရှိအောင် အသေးစား ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်းများအနေဖြင့် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်သည့်အခါ လက်ရှိနိုင်ငံတော်က ပြဋ္ဌာန်းထားသည့် ငွေရေးကြေးရေး မူဝါဒအရလည်းကောင်း၊ အသေးစား ငွေရေးကြေးရေး လုပ်ငန်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ လည်းကောင်းဆောင်ရွက်ကြရန်နှင့် ပြည်သူ့လိုအပ်ချက်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများသည် လုပ်ငန်းဆောင်ရွက်မှု အင်အားကောင်းလာသည့် အခြေအနေပေါ်မူတည်ပြီး လုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အသေးစား ငွေရေးကြေးရေးလုပ်ငန်း ဆောင်ရွက်မည့် အဖွဲ့အစည်းများမှလုပ်ငန်းတာဝန်ခံများက လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပဲခူးမြို့ လက်တစ်ကမ်းအကွာမှ မချောမွေ့သော လမ်းပန်းဆက်သွယ်ရေးပြယုဂ်တစ်ခု

ပဲခူးမြို့သည် ကျေးလက်ကို အခြေခံ၍ အရောင်းအဝယ်စည်ကားနေသော တိုင်းဒေသကြီးမြို့တော်ဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ကဝမြို့နယ်၊ သနပ်ပင်မြို့နယ် ကျောထောက်နောက်ခံပြုရေလမ်းခရီးစဉ်တွင် မိုးရာသီကုန်ဆုံးသွားပြီဖြစ်သဖြင့် မော်တော်ယာဉ်လမ်းကြောင်း ပွင့်သွားခဲ့ပြီဖြစ်သည်။ ချောင်းများ၊ မြောင်းများ ခြောက်သွေ့သွားပြီဖြစ်၍ သွားလမ်း၊ လာလမ်း လျင်မြန်စွာ သွားနိုင်ပြီဖြစ်သည်။ သို့ရာတွင် ပဲခူးမြို့နယ်အတွင်းရှိ အထက်ချောင်းဖျားဒေသ ဇောင်းတူရေအားလျှပ်စစ် စက်ရုံတည်ရှိရာ ဒေသသို့သွားသည့် ခရီးလမ်းမှာမူ မိုးရာသီကုန်ဆုံး၍ ဆောင်းရာသီ၏ အလယ်ကာလသို့ ရောက်သည့်တိုင် သွားလမ်းလာလမ်း မဖြောင့်တန်းသေးပါ။ လမ်းခရီးတစ်လျှောက် ချောင်းငယ်၊ မြောင်းငယ်များတွင် နှစ်စဉ်တည်ဆောက်မြဲဖြစ်သော ကားကူး ယာယီတံတား(နင်းကြမ်း)များ မတည်ဆောက်သေးသဖြင့် မော်တော်ကားများ လုံးဝသွားလာ၍မရသေးပါ။ တွေ့မြင်ရသည့် မော်တော်ဆိုင်ကယ်များမှာ ပဲခူးမြို့မှ ဇောင်းတူကျေးရွာသို့သွားမည့် ဆိုင်ကယ်များဖြစ်ပါသည်။ ပဲခူးဈေးကြီးသို့ ဈေးလာဝယ်သော ဆိုင်ကယ်များဖြစ်ပါသည်။ လူနှစ်ယောက်စီးရန် တည်ဆောက်ထားသည့် ဆိုင်ကယ်ပေါ်တွင် အထုပ်ကြီးငါးထုပ်၊ ဆိုင်ကယ်ရှေ့ခြင်းထဲတွင် အထုပ်သေးတစ်ထုပ်၊ သစ်သားသေတ္တာတစ်လုံး တင်ဆောင်ထားသည်။ မောင်းနှင်သူတစ်ထိုင်စာ နေရာသာ လွတ်ပါသည်။ အလွန်အန္တရာယ်ကြီးပါသည်။ "ဆိုင်ကယ်တွေက ပဲခူးမြို့က နံနက် ၁၂ နာရီမှာထွက်လျှင် ဇောင်းတူကို ညနေ ၅ နာရီခန့်ဆိုရောက်ပါတယ်။ သယ်ယူပို့ဆောင်ခ ငွေကျပ် ၁၅၀၀၀ ပေးရပြီး လမ်းပန်းဆက်သွယ်မှု အဆင်မပြေခြင်းကြောင့် ယခုလိုအခက်အခဲများ ကြုံတွေ့နေရပြီး ကျန်းမာရေးတစ်ခုခုဖြစ်ခဲ့ရင် မတွေးဝံ့စရာပါ" ဟု ဒေသခံပြည်သူတစ်ဦးကပြောပြ၍ သိရှိခဲ့ရသည်။ **(အပေါ်ပုံ)** **သန့်စင်**

မြန်မာနိုင်ငံဆရာဝန်အသင်း (ရန်ကုန်တိုင်းဒေသကြီး) နှစ်ပတ်လည် အထွေထွေအစည်းအဝေးကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၉

မြန်မာနိုင်ငံ ဆရာဝန်အသင်း (ရန်ကုန်တိုင်းဒေသကြီး)၏ ၂၀၁၃ ခုနှစ်နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်း အမှတ် (၂၄၉)ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(အေ)၌ကျင်းပရာအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဦးကျော်မြင့်နိုင်က အမှာစကားပြောကြားပြီး အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဦးမြင့်သောင်းက နှစ်ပတ်လည်အစီရင်ခံစာကို ဖတ်ကြားသည်။ ယင်းနောက် ဘဏ္ဍာရေးမှူး ဒေါက်တာ ဒေါ်ခင်မာအေးက ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားတင်ပြပြီး အတည်ပြုဆုံးဖြတ်ကာ ၂၀၁၄-၂၀၁၅ ခုနှစ် အလုပ်အမှုဆောင်အဖွဲ့သစ်ကို ရွေးချယ်တင်မြှောက်ကြသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကြည့်ရှုစစ်ဆေး

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ခပေါင်းကုန်းကျေးရွာအုပ်စုနှင့် ပတ်ဝန်းကျင်ကျေးရွာများ ပါဝင်ယှဉ်ပြိုင်သည့် အိုးစည်ဒိုးပတ်နှင့် ချောတိုင်တက်ပြိုင်ပွဲတွင် ဆုရရှိသည့်အသင်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဒီဇင်ဘာ ၂၉

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့တွင် ရောက်ရှိနေသော သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းသည် ကျောက်ပန်းတောင်းမြို့နယ် ခပေါင်းကုန်းကျေးရွာရှိ ဒေသခံပြည်သူများ တစ်ပိုင်တစ်နိုင် ထုတ်လုပ်ဆောင်ရွက်လျက်ရှိသည့် မိရိုးဖလာအိုးလုပ်ငန်းနှင့် ဒေသသုံး မီးဖိုထုတ်လုပ်ရေးလုပ်ငန်းများကို ယနေ့ နံနက်ပိုင်းတွင် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဒေသသုံးမီးဖိုထုတ်လုပ်ရေးလုပ်ငန်းသည် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် UNDP ၏ နည်းပညာပံ့ပိုးကူညီမှုဖြင့် ထုတ်လုပ်သည့်လုပ်ငန်းတစ်ရပ်ဖြစ်ပြီး လွန်ခဲ့သည့် ၁၅ နှစ်မှ စတင်ထုတ်လုပ်ခဲ့ကြောင်း သိရှိရသည်။ မိရိုးဖလာအိုးလုပ်ငန်းသည် မျိုးရိုးစဉ်ဆက် လက်ဆင့်ကမ်းထုတ်လုပ်လာသည့်လုပ်ငန်းဖြစ်ပြီး ဒေသခံပြည်သူများအတွင်း လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရန် အထောက်အကူပြုလျက်ရှိနေကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီးသည် ယမန်နေ့ကလည်း စကားဝါမြေဖောင်ဒေးရှင်း၏ စတုတ္ထအကြိမ်မြောက် ကျေးရွာအုပ်စု လေးအုပ်စု၊ ကျေးရွာ ၁၅ ရွာတို့မှ ရှင်သာမဏေလောင်း ၁၀၈ ပါးတို့အား သာသနာ့ဘောင်သို့ ချီးမြှင့်သည့် ရှင်ပြုအလှူတော်မင်္ဂလာအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ပေးအပ်

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ လက်ဆောင်ပစ္စည်းများအား ကျေးရွာအုပ်စုများကိုယ်စား ကျေးရွာအုပ်ချုပ်ရေးမှူးတစ်ဦးထံသို့ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့်အဖွဲ့သည် ခပေါင်းကုန်းကျေးရွာအုပ်စုနှင့် ပတ်ဝန်းကျင်ကျေးရွာများ ပါဝင်ယှဉ်ပြိုင်သည့် အိုးစည်ဒိုးပတ်ပြိုင်ပွဲနှင့် ချောတိုင်တက်ပြိုင်ပွဲများကို အားပေးကြည့်ရှုကာ ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသည့် အသင်းများအား ဆုများပေးအပ်ချီးမြှင့်ပြီး ခပေါင်းကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ပန်းပေါင်းဗုဒ္ဓရုပ်ပွားဆင်းတုတော်များ လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင် လမ်း/တံတားလုပ်ငန်းများကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၉

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်သည် ဒီဇင်ဘာ ၂၈ ရက်တွင် နေပြည်တော်-တောင်ညို-ချောင်းနက်-တောင်တွင်းကြီးလမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ၊ မိချောင်းရဲ-ပဌနဂိုရ်-မလွန်လမ်းပိုင်း အခြေအနေများ၊ သရက်ခရိုင် မင်းလှမြို့နယ် သရက်-မင်းလှ-မင်းဘူးလမ်း မိုင်တိုင်အမှတ် (၆၃/၄)နှင့် (၆၃/၅)ကြား တံတားအမှတ် (၃/၆၄) ပန်းတော်ပြင်တံတား တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သရက်-မင်းလှ-မင်းဘူးလမ်း၌ ကတ္တရာခင်းခြင်းလုပ်ငန်း၊ ကျောက်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ မိုင်တိုင်အမှတ် (၅၄/၅)တွင် ဂျုံးဂျုံးကျတံတား တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန် လုပ်ငန်းအပေါ် စေတနာထားဆောင်ရွက်ရေး၊ ဘဏ္ဍာငွေကြေး အလေအလွင့်မရှိစေရေး တို့ကို မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စစ္စနိုး-ရေနံ့မ-ကျောက်ပုံ-ကန်တုတ်လမ်းအား စက်ယန္တရားများဖြင့် ကျောက်ခင်းခြင်း၊ ကတ္တရာခင်းခြင်းနှင့် တံတားများ၊ Box Culvert များ တည်ဆောက်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ပုသိမ်-မုံရွာလမ်းအပိုင်း(၂)နှင့်အပိုင်း(၃)တို့တွင် လမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(အောက်ပုံ) (သတင်းစဉ်)**

ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီ ပြည်သူ့ကိုယ်စားလှယ်များနှင့်တွေ့ဆုံ

ရန်ကုန် ဒီဇင်ဘာ ၂၉

စီးပွားရေးရာ ကော်မတီ၏ ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် ဒီဇင်ဘာ ၂၈ ရက် နံနက် ၉ နာရီတွင် အင်းစိန်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ဇရာဝတီခန်းမ၌ ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ အင်းစိန်မြို့နယ်၊ လှိုင်သာယာမြို့နယ်၊ ရွှေပြည်သာမြို့နယ်နှင့် ထန်းတပင်မြို့နယ်တို့မှ ပြည်သူ့ကိုယ်စားလှယ်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ဆပ်ကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးစိုးတင့်က ရန်ကုန် မြောက်ပိုင်းခရိုင်အတွင်းရှိ ပြည်သူတို့၏ ဆန္ဒ၊ ပြည်သူတို့၏ မေးမြန်းချက်များ၊ အကြံပြုချက်များနှင့် ဆွေးနွေးတင်ပြချက်ကို သိရှိပြီး ဆောင်ရွက်ပေးရန် ရောက်ရှိလာခဲ့ခြင်းဖြစ်ပါကြောင်း၊ မိမိတို့ဆပ်ကော်မတီသည် ဝန်ကြီးဌာနလေးခုဖြင့် ဖွဲ့စည်းထားပြီး ပြည်သူ့ကိုယ်စားလှယ်များ၏ မေးမြန်းတင်ပြချက်များအနက် ဆောင်ရွက် ပေးနိုင်သည်များကို ချက်ချင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အခြားဝန်ကြီးဌာနများနှင့် သက်ဆိုင်သည့် ကိစ္စရပ်များအား သက်ဆိုင်ရာဝန်ကြီးဌာန ဆပ်ကော်မတီများနှင့်ဆက်သွယ်၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် စတင်တာဝန်ထမ်းဆောင်သည့်အချိန်မှစ၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အတွက် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် (၄) ရပ်ဖြစ်သည့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများဆောင်ရွက်ခြင်း၊ စီးပွားရေး ပြုပြင်ပြောင်းလဲခြင်း၊ အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲခြင်း၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခြင်းစသည့် လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုကဲ့သို့ ဆပ်ကော်မတီအနေဖြင့် ပြည်သူများထံကွင်းဆင်းပြီး ပြည်သူတို့၏ ဖြစ်လိုသည်များ သိရှိလိုသည်များအား မျက်နှာချင်းဆိုင် အပြန်အလှန် တွေ့ဆုံ ဆွေးနွေးခြင်းများသည် ပြည်သူများအကျိုး၊ နိုင်ငံတော်အကျိုး မျှော်ကိုး၍ ပြုလုပ်ခြင်းဖြစ်၍ ဝိုင်းဝန်းဆွေးနွေးတင်ပြပေးကြပါရန် ပြောကြားသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ ဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးဝင်းသန်းနှင့် ဦးမြင့်သိန်းတို့က ဝန်ကြီးဌာနအလိုက် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးများဖြစ်သည့် ဦးအောင်ခင်နှင့် ဦးကျော်စိုးတို့က တိုင်းဒေသကြီးအတွင်း ဆောင်ရွက်မှုများကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ကိုယ်စားလှယ် ခုနစ်ဦးက မေးခွန်း (၂၆) ခုမေးမြန်းခဲ့ရာ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ကော်မတီမှ တာဝန်ရှိသူများကဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ရှင်းလင်းဖြေကြားပြီး ဆပ်ကော်မတီဥက္ကဋ္ဌက ယခုဆွေးနွေးပွဲတွင် ပြည်သူ့ကိုယ်စားလှယ်ကြီးက မေးမြန်းသည့်မေးခွန်းများကို ချက်ချင်း ဆောင်ရွက်ပေးခြင်း (၁၈)ခုနှင့် ဆက်လက်ဆောင်ရွက်မည့် ရှစ်ခုအား ရှင်းလင်းဖြေကြားခဲ့ပါကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့် ပြည်သူများ၏ ဆင်းရဲမှုလျှော့ချရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက်လည်း အခြေခံမှု(၇)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိပြီး မိမိတို့ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီအနေဖြင့် လူမှုဘဝအမြန်ဆုံး ဖွံ့ဖြိုးတိုးတက်ရေး (Quick Win) အမြန်ဆုံးရရှိရန် လုပ်ငန်းစဉ်(၉)ရပ်၊ ဦးစားပေးနယ်ပယ် (၂၆) ချက်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

ဆပ်ကော်မတီနှင့် ပြည်သူတို့တွေ့ဆုံစဉ် ပြန်ကြားချက်များအား နေ့စဉ်ထုတ်သတင်းစာများမှ ဖော်ပြအသိပေးလျက်ရှိပြီး ပြည်သူ့ကိုယ်စားလှယ်ကြီးများကလည်း ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးချက်များအား ဒေသခံပြည်သူလူထုထံ ပြန်လည်သတင်းပေးပြီး မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ခွန်စိုက်ကြိုးစားဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အာဆီယံပြည်သူ့ဖိုရမ်နှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မည့် မြန်မာပြည်သူ့ဖိုရမ် ကျင်းပလျက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၂၉

၂၀၁၄ ခုနှစ်တွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူမည့်မြန်မာနိုင်ငံအနေဖြင့် အာဆီယံလူထုဖိုရမ်တစ်ရပ် အောင်မြင်စွာ ကျင်းပနိုင်ရန်အလို့ငှာ ပြည်တွင်းလူမှုအဖွဲ့အစည်းများ ပူးပေါင်းပါဝင်သော မြန်မာလူမှုဖိုရမ်လုပ်ငန်းအဖွဲ့က ကြီးမှူးကျင်းပသည့် မြန်မာပြည်သူ့ဖိုရမ်ကို ဒီဇင်ဘာ ၂၈ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသည်။

မြန်မာပြည်သူ့ဖိုရမ်ကို မြန်မာ့လူမှုအဖွဲ့အစည်းအချင်းချင်း စည်းလုံးညီညွတ်စွာ ဆက်သွယ်ဆောင်ရွက်ခြင်းဖြင့် အပြန်အလှန်နားလည်မှုနှင့် ညီညွတ်မှုရရှိလာပြီး အတွေ့အကြုံနှင့် သတင်းအချက်အလက်များ မျှဝေနိုင်စေရန်၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်မှုများကိုကျော်လွှားရန်၊ အဖွဲ့အစည်းများ၏ အပြုသဘောပူးပေါင်းဆောင်ရွက်မှုဖြင့် အတွေးအခေါ်အကြံဉာဏ်များ ဖလှယ်နိုင်စေရန်၊ မသန်စွမ်းများ၊ အမျိုးသမီးများနှင့် လူကြီးလူငယ်များအပါအဝင် သက်ဆိုင်ရာလူမှုရပ်ဝန်းမှ ပြည်သူလူထု၏ပါဝင်မှုဖြင့် ၎င်းတို့၏ အသံများကို မြှင့်တင်နိုင်ရန်၊ မြန်မာနိုင်ငံ၏လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးဖွံ့ဖြိုးတိုးတက်မှုများနှင့် ဆင်းရဲမှုလျှော့ချရေး အစီအစဉ်များအတွက် ပြည်သူလူထု၏ ဆုံးဖြတ်ပါဝင်မှုကို မြှင့်တင်နိုင်စေရန် ရည်မှန်းလျက် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အရပ်ဘက်လူမှုအဖွဲ့အစည်းပေါင်း ၁၅၀ ကျော် ပါဝင်သော မြန်မာပြည်သူ့ဖိုရမ်ကို ကျင်းပကြောင်း သိရသည်။

မြန်မာပြည်သူ့ဖိုရမ်ကို ကျင်းပခြင်းဖြင့် အာဆီယံပြည်သူ့ဖိုရမ်နှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မည့် ဖိုရမ်များကျင်းပနိုင်ရန်၊ အဆိုပါဖိုရမ်များမှတစ်ဆင့် မြန်မာ့လူမှုအခြေပြု အဖွဲ့အစည်းများကို ကိုယ်စားပြုသည့် ကိုယ်စားလှယ်များအား ရွေးချယ်ပြီး အာဆီယံပြည်သူ့ဖိုရမ်သို့ စေလွှတ်သွားရန်၊ မြန်မာပြည်သူ့ဖိုရမ်တွင် ပြည်သူလူထုနှင့် သက်ဆိုင်သော အကြောင်းအရာများကို ရှာဖွေပြီး အကြံပြုတင်ပြနိုင်ရန်၊ ယမန်နှစ်က ကျင်းပခဲ့သော ASEAN People Forum ၏ အကြံပြုချက်နှင့် လုပ်ငန်းစဉ်များကို ဆက်လက်အကောင်အထည်ဖော်နိုင်ရန်ရည်ရွယ်လျက် ယခုနှစ်တွင် ပထမဆုံးအကြိမ်အဖြစ် ကျင်းပနိုင်ခြင်းဖြစ်ကြောင်း သိရသည်။

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အစိုးရအဖွဲ့အစည်းများအပြင် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏အားကိုပါ ရယူဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ၂၀၁၄ ခုနှစ်တွင် အာဆီယံနှင့် ဆက်စပ်သည့်အစည်းအဝေးများအား အိမ်ရှင်အဖြစ်လက်ခံကျင်းပရာတွင် ASEAN People Forum သည် တစ်ခုအပါအဝင်ဖြစ်ပြီး အာဆီယံပြည်သူ့ဖိုရမ်သည် အဓိကအားဖြင့် အာဆီယံအသိုက်အဝန်းထူထောင်ရာတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍမြင့်မားရေးနှင့် အာဆီယံ၏ အဓိကမျှော်မှန်းချက်ဖြစ်သည့် ပြည်သူဗဟိုပြုအာဆီယံဖြစ်စေရေးနှင့်အညီ ပြည်သူများဖြင့် ဖွဲ့စည်းထားသည့် အရပ်ဘက်အဖွဲ့အစည်းများ၏အသံကို နားထောင်ရန်အတွက် နှစ်စဉ်ကျင်းပသော ဖိုရမ်တစ်ခုဖြစ်ကြောင်း၊ မြန်မာပြည်သူ့ဖိုရမ်သည် အာဆီယံပြည်သူ့ဖိုရမ် ကျင်းပနိုင်ရေးအတွက် အထောက်အကူဖြစ်စေမှာဖြစ်ပြီး ပြည်သူ့ဖိုရမ်မှတစ်ဆင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော အကြံဉာဏ်ကောင်းများကို ဖော်ထုတ်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ အဆိုပါ မြန်မာပြည်သူ့ဖိုရမ် အခမ်းအနားသို့ တက်ရောက်လာသော မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ပြောကြားသည်။

မြန်မာပြည်သူ့ဖိုရမ်ကို ဒီဇင်ဘာ ၂၈ ရက်မှ ၃၀ ရက်အထိ သုံးရက်ကျင်းပသွားမည်ဖြစ်ပြီး တရားမျှတမှုနှင့် လူ့အခွင့်အရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး စသည့်ခေါင်းစဉ်များဖြင့် အရပ်ဘက်အဖွဲ့အစည်း ၁၅၀ ကျော်မှ အဖွဲ့ဝင်များမှ ကဏ္ဍအလိုက် ခေါင်းစဉ်များခွဲကာ ဆွေးနွေးကြမည်ဖြစ်သည်။

အာဆီယံလူထုဖိုရမ်တွင် အာဆီယံနိုင်ငံများရှိ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ပါဝင်ဆွေးနွေးကာ ရလဒ်များကို အာဆီယံနိုင်ငံခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးကျင်းပချိန်တွင် တင်ပြလေ့ရှိပြီး မြန်မာပြည်သူ့ဖိုရမ်မှ ဆွေးနွေးပွဲရလဒ်များကို အခြေပြုစဉ်းစားကာ အာဆီယံပြည်သူ့ဖိုရမ်တွင် ဆက်လက်ဆွေးနွေးသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

နိုင်ငံတကာသတင်း

ဓာတုလက်နက်များ ဖျက်ဆီးရေး အင်တိုက် အားတိုက်ပါဝင်ရန် ဆီးရီးယားကို တိုက်တွန်း

ဝါရှင်တန် ဒီဇင်ဘာ ၂၉

ကမ္ဘာလုံးဆိုင်ရာ ဓာတုလက်နက်များ စောင့်ကြည့်ရေးအဖွဲ့က ဆီးရီးယားနိုင်ငံကို ၎င်းတို့ပိုင် အန္တရာယ်များသည့်ဓာတုလက်နက်များဖျက်ဆီးရေးအတွက် အင်တိုက်အားတိုက် ပါဝင်ကူညီပေးရန် တိုက်တွန်းလိုက်သည်။

လက်နက်ဖျက်ဆီးရေးအတွက် လက်နက်များစုဆောင်းရန် ဆီးရီးယားဆိပ်ကမ်း Latakia သို့ Norwegian စစ်သင်္ဘောတစ်စင်းက သွားရန်အသင့်ရှိနေပြီဖြစ်သည်။

ဆီးရီးယားနိုင်ငံသည် ပြီးခဲ့သည့် ဩဂုတ်လကတည်းက ဓာတ်ငွေ့ဖြင့် တိုက်ခိုက်မှုဖြစ်ပွားအပြီး အမေရိကန်၏ အရေးယူဆောင်ရွက်မှုကို ဖြစ်နိုင်သမျှ ရှောင်လွှဲရန် ၎င်းတို့၏ ဓာတုလက်နက်များ ဖျက်ဆီးရေး သဘောတူခဲ့သည်။

ယင်းကာလက အမေရိကန်နှင့် ရုရှားတို့၏ ကြားဝင်ဖြေရှင်းမှုကြောင့် ဓာတုလက်နက်များနှင့် ဆက်စပ်ပစ္စည်းများအားလုံးကို ၂၀၁၄ ခုနှစ်၏ ပထမနှစ်ဝက်အတွင်း အပြီးဖယ်ရှားရမည်ဖြစ်သည်။

နော်ဝေစစ်သင်္ဘောသည် လီမာဆိုဆိပ်ကမ်းမှ ဒီဇင်ဘာ ၂၈ ရက်က ထွက်ခွာခဲ့ပြီ ဖြစ်သည်။ သို့သော် ဆီးရီးယားရှိ ကုလသမဂ္ဂ အဖွဲ့၏ ညွှန်ကြားချက်မရရှိသေးမီ ဆီးရီးယားရေပိုင်နက်သို့ ဝင်ရောက်ရမည်မဟုတ်ချေ။ **(ဘီဘီစီ)**

နယူးဒေလီမြို့တော်အစိုးရအဖွဲ့ ဝန်ကြီးချုပ်သစ် ကျမ်းသစ္စာကျိန်ဆို

နယူးဒေလီ ဒီဇင်ဘာ ၂၉

အိန္ဒိယနိုင်ငံ၏ နယူးဒေလီမြို့တော်ဒေသဆိုင်ရာ အစိုးရအဖွဲ့၏ ဝန်ကြီးချုပ်အဖြစ် အိန္ဒိယနိုင်ငံ၏ အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေး ပါတီခေါင်းဆောင် အာရာဗင် ကီဂျရီဝေါလ်က ကျမ်းသစ္စာကျိန်ဆိုခဲ့ပြီး ဖြစ်ကြောင်း ဘီဘီစီသတင်းတွင် ရေးသားဖော်ပြထားသည်။

အိန္ဒိယနိုင်ငံရေး လောကတွင် အရိုးစွဲလာသော အခွင့်ထူးခံ ခံစားနေမှုကို အဆုံးသတ်ပေးမည်ဟု ကတိပြုပြောကြားခဲ့သည်။

မစ္စတာ ကီဂျရီဝေါလ်၏ Aam Aadmi Party (AAP) သည် ရွေးကောက်ပွဲ၏ အမတ်နေရာ ၇၀ တွင် ၂၈ နေရာကို အနိုင်ရရှိထားပြီး ကွန်ဂရက်ပါတီ အထောက်အပံ့ဖြင့် အစိုးရအဖွဲ့ ဖွဲ့စည်းခွင့် ရရှိခဲ့သည်။

ဖွဲ့စည်းခွင့်ဆုံးရှုံး

ကွန်ဂရက်ပါတီသည် အမတ်နေရာ ရှစ်နေရာသာ ရရှိခဲ့သဖြင့် နယူးဒေလီအစိုးရအဖွဲ့ ဖွဲ့စည်းခွင့် ဆုံးရှုံးခဲ့သည်။

ကနဦးက အတိုက်အခံပါတီ ဘီဂျေပီသည် အမတ်နေရာ ၃၂ နေရာဖြင့် အကြီးဆုံးပါတီအဖြစ် ထွက်ပေါ်လာသော်လည်း အစိုးရအဖွဲ့ ဖွဲ့စည်းခွင့်ကို ငြင်းဆိုခဲ့သည်။

ယခုမြို့တော်အစိုးရ ဝန်ကြီးချုပ်သစ် အာရာဗင်၏ AAP ပါတီသည် အိန္ဒိယနိုင်ငံ၌ ပြီးခဲ့သည့်နှစ်နှစ်ကတည်းက အကျင့်ပျက်ခြစားမှုကို အင်တိုက်အားတိုက် တိုက်ဖျက် ဆန့်ကျင်ရေး ပါတီအဖြစ် မွေးဖွားလာသောပါတီဟု နာမည်ကျော်ကြားခဲ့သည်။ **(ဘီဘီစီ)**

အန္တာတိကတွင် ပိတ်မိနေသည့် သင်္ဘောကို ကယ်တင်ရန် ထပ်မံကြိုးပမ်း

ကင်ဘာရာ ဒီဇင်ဘာ ၂၉

အန္တာတိကအရှေ့ပိုင်းတွင် ဒီဇင်ဘာ ၂၄ ရက်ကတည်းက ပိတ်မိနေခဲ့သော သိပ္ပံဆိုင်ရာစူးစမ်းလေ့လာရေး ရေယာဉ်လွတ်မြောက်ရေးအတွက် နောက်ထပ်ကြိုးပမ်းချက်တစ်ရပ်အဖြစ် ဩစတြေးလျနိုင်ငံမှ ရေယာဉ်တစ်စင်းက အခင်းဖြစ်ပွားရာဒေသသို့ ထွက်ခွာမည်ဖြစ်သည်။

စောစောပိုင်းက တရုတ်နှင့်ပြင်သစ်ရေခဲခွဲသင်္ဘောများ၏ ကယ်ဆယ်ရေးအတွက် ကြိုးပမ်းအားထုတ်မှုများမှာ ရေခဲများထူထပ်သိပ်သည်းနေမှုကြောင့် အချည်းနှီးဖြစ်ခဲ့ရသည်။

ရုရှားသုတေသနရေယာဉ်ပေါ်တွင်ရှိနေသော ဘီဘီစီသတင်းထောက်တစ်ဦး၏အဆိုအရ ရေခဲပြင်အက်ကြောင်းကြီးများဖြစ်ပေါ်လာနေပြီး ရေယာဉ်အနေဖြင့် မိမိဘာသာခုတ်မောင်းရွေ့လျားနိုင်မည့် မျှော်လင့်ချက်များလည်း မြင့်မားလာသည်ဟုဆိုသည်။

သိပ္ပံပညာရှင်များ၊ ကမ္ဘာလှည့်ခရီးသည်များနှင့် သင်္ဘောအမှုထမ်းများ စုစုပေါင်း ၇၄ ဦး အဆိုပါ သုတေသနရေယာဉ်ပေါ်၌ လိုက်ပါလာခြင်းဖြစ်ပြီး လွန်ခဲ့သည့်ရာစုနှစ်က စူးစမ်းရှာဖွေရေးသုတေသီ ဒေါက်ဂလပ်စ်မော်ဆန်၏ လမ်းကြောင်းအတိုင်း ခုတ်မောင်းခဲ့ခြင်းဖြစ်သည်။

(ဘီဘီစီ)

လက်ဘနွန်က အစ္စရေးမြောက်ပိုင်းသို့ ဒုံးကျည်နှစ်စင်းပစ်ခတ်

ဂျေရုဆလင် ဒီဇင်ဘာ ၂၉

လက်ဘနွန်နိုင်ငံဘက်မှ အစ္စရေးမြောက်ပိုင်းသို့ ဒုံးကျည်နှစ်စင်းဖြင့် ယနေ့ ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ဒဏ်ရာရမှုနှင့် ထိခိုက်ပျက်စီးမှု မရှိကြောင်းနှင့် အစ္စရေးစစ်ဘက်ကလည်း နယ်စပ်ကိုဖြတ်ကျော်၍ အမြောက်ဖြင့် တုံ့ပြန်ပစ်ခတ်ခဲ့ကြောင်း တရားဝင် ထုတ်ဖော်ပြောကြားသည်။

ကီယာရက်ရှမိုနာမြို့အနီးသို့ လက်ဘနွန်ဒုံးကျည်များ ကျရောက်ခဲ့သည်ဟု အစ္စရေးစစ်ဘက်က ကြေညာချက်ထုတ်ပြန်ခဲ့ပြီး ဒုံးကျည်ပစ်ခတ်သည့်နေရာဆီသို့ အမြောက်ဖြင့် ပြန်လည်ပစ်ခတ်ခဲ့သည်ဟုလည်း ထည့်သွင်းဖော်ပြထားသည်။

လက်ဘနွန်ရှေ့တန်း နယ်မြေရှိ မျက်မြင်တွေ့ရှိသူတစ်ဦးကလက်ဘနွန် တောင်ပိုင်းနယ်စပ်မြို့နှစ်မြို့အနီးသို့ အစ္စရေး အမြောက်ကျည် ၂၀ ကျော် ထိမှန်ခဲ့သည်ဟု ဆိုသည်။

၂၀၀၆ ခုနှစ် အစ္စရေးနှင့် လက်ဘနွန် ဟစ်ဇ်ဘိုလာစစ်အုပ်စုတို့ အကြား ၃၄ ရက်ကြာ စစ်ပွဲဖြစ်ပွားပြီးကတည်းက အစ္စရေးနှင့် လက်ဘနွန်နယ်စပ်ဒေသမှာ ငြိမ်သက် တိတ်ဆိတ်နေခဲ့သည်။

သို့ရာတွင် ယခုလအတွင်း လက်ဘနွန် စစ်သားတစ်ဦးက အစ္စရေးစစ်သားတစ်ဦးကို နယ်စပ်စည်းရိုးကိုကျော်ကာ ပစ်ခတ်သတ်ဖြတ်ခဲ့ခြင်းကြောင့် တင်းမာမှုများ ဖြစ်ပေါ်လာခဲ့ပြီး ကုလသမဂ္ဂ ငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်ဖွဲ့က အခြေအနေကို ထိန်းသိမ်းရန် နှစ်ဖက်စလုံးနှင့် တွေ့ဆုံခဲ့သည်။

အဆိုပါဖြစ်ရပ်နှင့် ပတ်သက်၍လည်း တစ်ဦးတစ်ယောက်တည်းက မိမိသဘောနှင့်မိမိ ပြုမူဆောင်ရွက်ခဲ့ခြင်းသာ ဖြစ်သည်ဟု ညွှန်ပြပြောဆိုခဲ့သည်။ **(ရိုက်တာ)**

အစ္စရေးနယ်မြေသို့ ကျရောက်သော ဒုံးကျည် အစိတ်အပိုင်းတစ်ခုကို အစ္စရေးစစ်သည်တစ်ဦးက သယ်ဆောင်လာသည်ကို တွေ့ရစဉ်။
(ရိုက်တာ)

ထောင်ပေါင်းများစွာသော တောင်ဆူဒန်လူငယ်များ မဟာဗျူဟာမြို့တော်သို့ ချီတက်ထွက်ခွာ

ဘော်(တောင်ဆူဒန်) ဒီဇင်ဘာ ၂၉

တောင်ဆူဒန်သူပုန်ခေါင်းဆောင် ရက်(ခ်)မာချာကို ထောက်ခံသည့် ထောင်ပေါင်းများစွာသော လူငယ်များသည် မဟာဗျူဟာမြောက်မြို့ဖြစ်သည့် ဘော်မြို့သို့ခရီးထွက်သွားကြကြောင်း အစိုးရသတင်းရပ်ကွက်များက ပြောသည်။

အစိုးရတပ်များက ဘော်မြို့ကို ထိန်းချုပ်ထားပြီဖြစ်ကြောင်း၊ ယင်းမြို့သည် ဂျွန်ဂလိပြည်နယ်၏ မြို့တော်ဖြစ်ပြီး သူပုန်တို့လက်မှအစိုးရတပ်များက ပြန်လည်သိမ်းပိုက်နိုင်ခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။

အစိုးရတပ်များက သူပုန်အဖွဲ့အား အပစ်အခတ်ရပ်စဲရန် ကမ်းလှမ်းထားသော်လည်း မြောက်ပိုင်း ရေနံလုပ်ကွက်များပေါ်တွင် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်သည်။ ယခုလအစောပိုင်းက စတင်ဖြစ်ပွားခဲ့သော တိုက်ပွဲများအတွင်း အနည်းဆုံးလူပေါင်း ၁၀၀၀ သေဆုံးခဲ့ပြီဖြစ်သည်။

အဆိုပါ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် လူပေါင်း ၁၂၁၆၀၀ နေအိမ်များကို စွန့်ခွာပြေးကြသည်ဟု ယုံကြည်ရသည်ဟုဆိုသည်။ ယင်းပဋိပက္ခသည် မစ္စတာမာချာနှင့် သမ္မတဆဲလ်ဗာကီယာတို့အကြား အာဏာလုကြရာမှ စတင်ခဲ့သည်။ ထောင်ပေါင်းများစွာသော တောင်ဆူဒန်လူငယ်များသည် သူပုန်ခေါင်းဆောင်မာချာနှင့် ပူးပေါင်းသွားဖွယ်ရှိသည်ဟု ဆိုသည်။ **(ဘီဘီစီ)**

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၅၂၁/စီ၊ မြေကွက်အမှတ် (၇၅/၂)၊ ဧရိယာ ၁ ဒသမ၃၈ဧက၊ မြေကွက်တည်နေရာအမှတ်(၇၅/၂)၊ ရွာဦးကျောင်းလမ်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အမည်ပေါက် အစိုးရမြေအား လွှယ်ဟိန်းကုမ္ပဏီလီမိတက်ကိုယ်စား ဒါရိုက်တာဦးဟန်မင်းထွဏ်း ၁၃/လရန(နိုင်)၀၀၇၁၁၆က ပြည်ထဲရေးဝန်ကြီးဌာန၏ ၁၇-၁-၂၀၁၃ရက်စွဲပါ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းလိုက်ပြီး မြေအမည်ပေါက်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့လျှောက်ထားရန် အမိန့်ကိုတင်ပြ၍ နှစ်၆၀မြေငှားစာချုပ်ဂရန်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့်၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်တီ**

မီးသတိပြု

ကံကောင်း

အိမ်၊ ခြံ၊ မြေ အကျိုးဆောင်

သီလဝါ၊ ဖလမ်း၊ တပ်ရာကုန်း၊ စံချိန်မီ ၃၊ ၂၊ ၁၊ မြိုင်သာယာ၊
VIP 80'x60' လုံးချင်းတိုက်များ၊ သိန်း၄၀သွင်းရသော VIP မြေကွက်များ၊
သန်လျင်၊ ကျောက်တန်း မြေကွက်များ ရောင်းဝယ်ရန်ရှိသည်။
(သီလဝါ၊ သန်လျင်၊ ကျောက်တန်း) သီးသန့်
ဖုန်း-၀၉-၄၉၃၀၀၉၆၇၊ ၀၉-၄၂၀၁၈၅၅၉၉
၀၉-၄၂၀၁၈၅၅၇၇၊ ၀၉-၇၃၂၂၇၅၅၆၊ ၀၉-၄၄၀၀၀၅၀၁၈

နှစ်သစ်အကူးမှာ ထိပ်တန်းအသင်းတွေ ရလဒ်ကောင်းနိုင်ပါ့မလား

မိုးမြင့်လင်းလက်

၂၀၁၄ ခုနှစ်ရဲ့ ပထမဆုံး နှစ်သစ်ကူးနေ့ဖြစ်တဲ့ ဇန်နဝါရီ တစ်ရက်မှာတော့ ပရီမီယာလိဂ်ပွဲစဉ် ၂၀ ကို ဆင်နွှဲကြဖို့ ရှိနေပြန်ပါတယ်။ နှစ်သစ်ကူးမှာ ရလဒ်ကောင်းတွေ ဆောင်ကြဉ်းနိုင်ဖို့အသင်းတိုင်းအာရုံ စိုက်ထားကြတာမို့ အသင်းကြီးတွေ အားထည့်ကြရဦးမှာဖြစ်ပါတယ်။

ဆွမ်ဆီးနှင့် မန်စီးတီး

ဆွမ်ဆီးရဲ့ အိမ်ကွင်းခြေစွမ်းက ယုံကြည်ရဖို့ ခက်ခဲနေပါတယ်။ အိမ်ကွင်းမှာ ပေးဂိုးများလေ့ရှိတဲ့ ဆွမ်ဆီးကိုမန်စီးတီးတိုက်စစ်မှူးတွေ ဘယ်လောက်အထိ ဂိုးသွင်းနိုင်မလဲကြည့်ရမှာဖြစ်ပါတယ်။ မန်စီးတီးဟာ ခြေစွမ်းအကောင်းဆုံး ပုံစံပြန်ရနေပြီး အဂူရိုတို့အုပ်စုကလည်း ဂိုးသွင်းနိုင်နေတာကြောင့် ဒီပွဲမှာ အဝေးကွင်းဆိုပေမယ့် အနိုင်ရလဒ်ကိုသိမ်းပိုက်ပြီး နှစ်သစ်ကို မန်စီးတီးတို့ ပျော်ရွှင်စွာ ဖြတ်သန်းနိုင်ပါလိမ့်မယ်။

အာဆင်နယ်နှင့် ကာဒစ်

အိမ်ကွင်းမှာ ခြေစွမ်းပြနိုင်တဲ့ အာဆင်နယ်ဟာ ဒီပွဲကိုတော့ အနိုင်သေချာအောင် ပြင်ဆင်ကစားပါလိမ့်မယ်။

တိုက်စစ်မှူးတွေရဲ့ ဂိုးသွင်းစွမ်းရည်ဟာအကောင်းဆုံးပုံစံမရသေးပေမယ့် တာဝန်ကျေအောင် စွမ်းဆောင်နိုင်သူတွေဖြစ်ပါတယ်။ ကာဒစ်တို့ အာဆင်နယ်တိုက်စစ်ကို မထိန်းနိုင်ရင် ဂိုးပေးရနိုင်တာမို့ အမှတ်ရဖို့ မျှော်လင့်ချက် ထားလို့မရနိုင်တဲ့ အခြေအနေပါပဲ။

မန်ယူနှင့် စပါး

ဖိအားတွေကိုယ်စီရှိနေတဲ့ နှစ်သင်း အားပြိုင်မယ့်ပွဲပါပဲ။ အိမ်ရှင်မန်ယူအတွက် အရေးကြီးသလို စပါးအတွက်လည်း အားကုန်သုံးရမယ့်ပွဲဖြစ်နေပါတယ်။

မန်ယူဟာ နိုင်ပွဲတွေအတွက် အကောင်းဆုံးပုံစံ ပြန်မရသေးတာမို့ အိုးထရက်ဖို့ဒ်မှာ စပါးကို ဧည့်ခံရမယ့်ပွဲက ဇောချွေးပြန်အောင် ကစားရဦးမှာ သေချာပါတယ်။

ဆောက်သမ်တန်နှင့် ချယ်လ်ဆီး

အိမ်ကွင်းမှာ ပြိုင်ဘက်ကို ချေမှုန်းတတ်တဲ့ ဆောက်သမ်တန်ကို ချယ်လ်ဆီးတို့ လျှော့တွက်လို့မရပါဘူး။ ချယ်လ်ဆီးဟာ အဝေးကွင်းမှာ ပုံမှန်ခြေစွမ်း မထုတ်နိုင်တာကြောင့် အိမ်ကွင်းမာကျောတဲ့ ဆောက်သမ်တန်ကို အနိုင်ရဖို့ဆိုတာ ခက်ခဲမယ့် အနေအထားရှိနေပါတယ်။

စတုတ်နှင့် အဲဗာတန်

အိမ်ကွင်းအဝေးကွင်း ရလဒ်ကောင်းအောင် ကစားနိုင်တဲ့ အဲဗာတန်ဟာ အိမ်ကွင်းခြေစွမ်းထက်တဲ့ စတုတ်ကို အကြိတ်အနယ် ရင်ဆိုင်ရပါလိမ့်မယ်။ စတုတ်ဟာ လျှော့တွက်လို့မရတဲ့အသင်း ဖြစ်တာမို့ အဲဗာတန်အတွက်သောကများ ရမယ့်ပွဲပါပဲ။

မန်စီးတီးပဲလေ့စ်ကိုအနိုင်ရ

မန်စီးတီးနှင့်ခရစ္စတယ်ပဲလေ့စ်တို့ပွဲတွင် မန်စီးတီးက တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်သည်။ မန်စီးတီးအတွက် တစ်လုံးတည်းသောဂိုးကို ဒီဇီကိုကသွင်းယူခဲ့သည်။

ယင်းဂိုးသည် ၎င်း၏ မန်စီးတီးအတွက် သွင်းယူပေးခဲ့သော ၅၀ မြောက်ဂိုးဖြစ်သည်။ မန်စီးတီးက ယင်းဂိုးမသွင်းမီ ပထမပိုင်းတစ်ချိန်လုံး ခရစ္စတယ်ပဲလေ့စ်ကို ထိန်းချုပ်ကစားခဲ့သည်။

ဒီဇင်ဘာ ၂၉ရက် ညပိုင်းက နယူးကာဆယ်အိမ်ကွင်း၌ သွားရောက်ကစားခဲ့သော အာဆင်နယ်တို့ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ယင်းဂိုးကို ဂီရော့ဒ်က ဒုတိယပိုင်း ၆၅မိနစ်တွင် သွင်းယူပေးသည်။ အဲဗာတန်က ဆောက်သမ်တန်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရသည်။

နော့ဝှစ်ချ်ကို နိုင်၍ မန်ယူအသင်း နိုင်ပွဲဆက်

မန်ယူနှင့်နော့ဝှစ်ချ်တို့ပွဲတွင် လူစားဝင်လာသူဝဲလ်ဘတ်က မန်ယူအတွက် တစ်လုံးတည်းသောအနိုင်ဂိုးသွင်းယူပေးခဲ့သဖြင့် မန်ယူတို့ လေးပွဲဆက်တိုက် အနိုင်ရခဲ့သည်။ ပထမပိုင်းတွင် အိမ်ရှင်နော့ဝှစ်ချ်တို့ အကြိတ်အနယ်ပိတ်ဆို့ ကစားခဲ့ရသည်။

ပွဲချိန် ၅၇ မိနစ်ရောက်မှ မန်ယူအတွက် ဝဲလ်ဘတ်က လူစားဝင်ကစားပြီး အနိုင်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ နော့ဝှစ်အသင်းသည် ရှုန်းကန်ကြိုးစားနေရပြီး ပြီးခဲ့သောပရီမီယာလိဂ်လေးပွဲတွင် တစ်ပွဲမျှအနိုင်မရခဲ့ပေ။

ကောင်းမြတ်သူ-စုစည်းသည်

ဖိလစ်ပိုင်နိုင်ငံသားများ ၂၀၁၄ ခုနှစ် အစောပိုင်းတွင် ဗီဇာမပါဘဲမြန်မာနိုင်ငံသို့လည်ပတ်နိုင်တော့မည်

မနီလာ ဒီဇင်ဘာ ၂၉

၂၀၁၄ ခုနှစ် အစောပိုင်းတွင် ဖိလစ်ပိုင်နှင့် မြန်မာနိုင်ငံတို့အကြား ဗီဇာကင်းလွတ်ဝင်ခွင့် သဘောတူညီချက် စတင်အာဏာတည်သည့်အခါ ဖိလစ်ပိုင်နိုင်ငံသားများသည် ဗီဇာမပါဘဲ မြန်မာနိုင်ငံသို့ သွားရောက်လည်ပတ်နိုင်မည်ဖြစ်သည်ဟု ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၂၇ ရက်က ပြောကြားခဲ့သည်။

အဆိုပါ သဘောတူညီချက်အရ သာမန်ပတ်စပို့စ်ကိုင်ဆောင်သူ ဖိလစ်ပိုင်နိုင်ငံသားများသည် ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၄ ရက်မှစတင်၍ ဗီဇာမပါဘဲ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လျက် ၁၄ရက်ကြာ နေထိုင်ခွင့်ရရှိမည်ဖြစ်သည်ဟု ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

ပြောကြား

ဗီဇာကင်းလွတ်ဝင်ခွင့် သဘောတူညီချက်သည် ဖိလစ်ပိုင်နှင့် မြန်မာနိုင်ငံတို့အကြား ခရီးသွားလာမှု၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတို့ကို မြှင့်တင်ပေးမည်ဟု မျှော်လင့်ရကြောင်း ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၅ ရက်က ဖိလစ်ပိုင်နိုင်ငံသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန် သွားရောက်လည်ပတ်စဉ်အတွင်း နှစ်နိုင်ငံအစိုးရများသည် သာမန်ပတ်စပို့စ်ကိုင်ဆောင်သူများကို ဗီဇာကင်းလွတ်ခွင့်ပေးရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

ဖိလစ်ပိုင်နိုင်ငံသည် ၁၉၆၀ပြည့်နှစ်တွင် ချုပ်ဆိုခဲ့သည့် Executive Order 408 စီမံခန့်ခွဲရေး ညွှန်ကြားချက် ၄၀၈ အရ မြန်မာနိုင်ငံသားများအား ရက်ပေါင်း၃၀ဗီဇာကင်းလွတ်ခွင့် ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **(ဆင်ဟွာ)**

ဘာသာပြန်သူ-ထန်ဆွင်း

နိုင်ငံတကာအားကစားသတင်း

နိုင်ငံတကာ ပြည်တွင်းလိဂ် ဂိုးအများဆုံးစာရင်း (သီဟ)

စပိန်လာလီဂါ ဂိုးအများဆုံး ၁၀ဦး

အမည် ဒီယေဂိုကော်စတာ
နိုင်ငံ ဘရာဇီး
အသက် ၂၅
အသင်းဟောင်း ဗယ်လာဒိုလစ်
လက်ရှိအသင်း အက်သလက်တီကို

စဉ်	အမည်	ဂိုး	အသင်း
၁။	ဒီယေဂိုကော်စတာ	၁၉	အက်သလက်တီကို
၂။	စီရော်နယ်ဒို	၁၉	ရီးရဲမက်ဒရစ်
၃။	ဂျာဗီ ဂူအာရာ	၁၁	ဗယ်လာဒိုလစ်
၄။	ဂရေ့ဇ်မန်း	၁၁	ဆိုစီဒက်
၅။	ပက်ထရို	၁၀	ဘာစီလိုနာ
၆။	ကာလို့စ်ဗီလာ	၈	ဆိုစီဒက်
၇။	မက်ဆီ	၈	ဘာစီလိုနာ
၈။	ဆန်ချက်ဇ်	၈	ဘာစီလိုနာ
၉။	ဘန်ဇီမာ	၈	ရီးရဲမက်ဒရစ်
၁၀။	ဒေးဗစ်ဗီလာ	၈	အက်သလက်တီကို

အီတလီစီးရီးအေ ဂိုးအများဆုံး ၁၀ဦး



အမည် ရော့ဆီ
နိုင်ငံ အီတလီ
အသက် ၂၆
အသင်းဟောင်း ဗီလာရီးရဲလ်
လက်ရှိအသင်း ဖီအိုရင်တီးနား

စဉ်	အမည်	ဂိုး	အသင်း
၁။	ရော့ဆီ	၁၄	ဖီအိုရင်တီးနား
၂။	တီဗက်ဇ်	၁၁	ဂျူဗင်တပ်စ်
၃။	ပလာစီယို	၁၀	အင်တာမီလန်
၄။	ဆာဆီ	၉	တိုရီနို
၅။	ဂွန်ဇာလိုဟီဂူအင်	၉	နာပိုလီ
၆။	ကယ်လီဂျွန်	၈	နာပိုလီ
၇။	စီရိုအင်မိုဘိုင်း	၈	တိုရီနို
၈။	လူကာတိုနီ	၇	ဗီရိုနာ
၉။	ဂျော်ဂျင်ဟို	၇	ဗီရိုနာ
၁၀။	ဗီဒယ်	၇	ဂျူဗင်တပ်စ်

ဂျာမန်ဘွန်ဒက်စ်လီဂါ ဂိုးအများဆုံး ၁၀ဦး

အမည် အက်ဒရီယန် ရာမို့စ်
နိုင်ငံ ကိုလံဘီယာ
အသက် ၂၇
အသင်းဟောင်း အမေရိက ဒီကလီ
လက်ရှိအသင်း ဟာသာဘာလင်

စဉ်	အမည်	ဂိုး	အသင်း
၁။	အက်ထရီယန် ရာမို့စ်	၁၁	ဟာသာဘာလင်
၂။	လီဝမ်ဒေါစကီး	၁၁	ဒေါ့မွန်
၃။	မန်ဇူကစ်	၁၀	ဘိုင်ယန်မြူးနစ်
၄။	ကိစ်စလင်း	၉	လေဗာကူဆင်
၅။	အူဘာမီရောင်း	၉	ဒေါ့မွန်
၆။	အိုင်ဘီစီဗစ်	၉	စတုဂတ်
၇။	ရာဖေးလ်	၉	မိုချန်ဂလက်ဘတ်
၈။	လာဆော့ဂါ	၉	ဟမ်းဘတ်
၉။	အိုကာဇာကီ	၈	မိန့်ဇ်
၁၀။	နီကိုလိုင်မူလာ	၈	မိန့်ဇ်

ဆေးပညာသတင်းဆန်းများ(၅၅)

ဒေါက်တာကံညွန့်

ယခုအပတ်မှာတော့ လေထုညစ်ညမ်းမှုဟာ ကင်ဆာဖြစ်စေနိုင်တဲ့ အကြောင်းထဲမှာ Group I ထိပ်ဆုံးကပါဝင်နေတယ်ဆိုတဲ့ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ International Agency for Research on Cancer (IARC) အသင်းကြီးက သတိပေးလိုက်တဲ့သတင်းကို ပထမဆုံးဖော်ပြချင်ပါတယ်။ ၂၀၁၀ ခုနှစ်ကစပြီး အဆုတ်ကင်ဆာနှင့် ဆီးအိတ်ကင်ဆာဖြစ်ပွားနှုန်းဟာ သိသိသာသာမြင့်တက်လာတယ်လို့ ဆိုပါတယ်။ အဆုတ်ကင်ဆာကြောင့် သေဆုံးရသူပေါင်းဟာ ၂၀၁၀ တစ်နှစ်တည်းမှာ ၂၂၃၀၀၀ ကျော်ရှိတယ်လို့ ဆိုပါတယ်။ ကမ္ဘာကြီးရဲ့နေရာအနှံ့အပြားမှာ သယ်ယူပို့ဆောင်ရေး၊ ဓာတ်အား ထုတ်လုပ်မှုလုပ်ငန်း၊ စက်မှုနှင့်စိုက်ပျိုးရေးလုပ်ငန်း၊ အိမ်သုံးစက်ပစ္စည်း တွေကထွက်တဲ့ မီးခိုးနှင့်အထွေထွေ စက်မှုလုပ်ငန်းပေါင်းစုံက ထွက်လာတဲ့ အခိုးအငွေ့တွေဟာ လေထုကို အကြီးအကျယ်ညစ်ညမ်းစေတာကို သတိထား ကြဖို့ လိုတယ်လို့ ထောက်ပြထားပါတယ်။ IARC အဖွဲ့ကြီးဟာ လေထု ညစ်ညမ်းမှုကြောင့် ဖြစ်ပေါ်နိုင်တဲ့ရောဂါတွေကို စမ်းသပ်မှုတွေပြုလုပ်ခဲ့ရာမှာ အဆုတ်ကင်ဆာဖြစ်ပေါ်မှုဟာ အများဆုံးဖြစ်တယ်လို့ဆိုပါတယ်။ ကင်ဆာ ဖြစ်စေတဲ့အရာတွေရဲ့ Group I အုပ်စုမှာ Asbestos Plutonium , Silica Dust, Ultra Violet Radiation ဆေးလိပ်ငွေ့တွေနဲ့အတူ လေထုညစ်ညမ်း မှုကိုလည်း ထိပ်ဆုံးကထည့်သွင်းထားရပြီဆိုတာ တင်ပြလိုက်ရပါတယ်။

ပေကျင်းမှာ အဆုတ်ကင်ဆာဖြစ်နှုန်းတိုး

တစ်ဆက်တည်းမှာပဲ တရုတ်နိုင်ငံ ပေကျင်းမြို့တော်ကြီးမှာလည်း အဆုတ်ကင်ဆာဖြစ်နှုန်းတိုးတက်လာနေတယ်ဆိုတဲ့ သတင်းကိုလည်း ဖော်ပြ ချင်ပါတယ်။ အဆုတ်ကင်ဆာဟာ ၂၀၀၂ ခုနှစ်စာရင်းအရ လူတစ်သိန်းမှာ ၃၉၆၅ ဦးသာရှိခဲ့ပေမယ့် ၂၀၁၁ ခုနှစ်မှာတော့ ၆၃၀၉ ဦးရှိလာတယ်လို့ ဆိုပါတယ်။ ဒါဟာ Beijing Municipal Health Bureau ကထုတ်ပြန် လိုက်တဲ့စာရင်းပါ။ ၂၀၁၁ ခုနှစ်က စုစုပေါင်း အဆုတ်ကင်ဆာဖြစ်တဲ့ လူနာသစ် ၇၉၉၉ ဦးရှိပြီး ဒီအရေအတွက်ဟာ ကင်ဆာဖြစ်သူအားလုံးရဲ့ ၂၀ ဒသမ ၈ ရာခိုင်နှုန်းရှိတယ်လို့ ဆိုပါတယ်။ အဆုတ်ကင်ဆာဟာ ယောကျ်ားတွေမှာ အများဆုံးဖြစ်တဲ့ကင်ဆာဖြစ်နေပြီ။ ဒါဟာ ဆေးလိပ် သောက်ခြင်း၊ လူနေမှုပုံစံပြောင်းလဲလာခြင်းနှင့် လေထုညစ်ညမ်းမှုဖြစ် လာခြင်းတို့ကြောင့်ဖြစ်ရတယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

ဦးနှောက်ကြည်လင်ဖို့ အိပ်ရေးဝဝအိပ်ကြစို့

လူတွေဟာ နေ့အိပ်သည်ဖြစ်စေ၊ ညအိပ်သည်ဖြစ်စေ နှစ်ခြိုက်စွာ အိပ်ပျော်ဖို့နှင့် အိပ်ရေးဝဖို့အရေးကြီးကြောင်း၊ အိပ်ရေးဝခြင်း၊ အိပ်ပျော် ခြင်းဟာ ဦးနှောက်က အညစ်အကြေးတွေကို ဆေးကြောသလိုဖြစ်တာ ကြောင့် ဦးနှောက်ရဲ့ မှတ်ဉာဏ်စွမ်းရည်ကို တိုးတက်စေပြီး Alzheimer Dementia တို့လို အမေ့လွန်ရောဂါ၊ သူငယ်ပြန်ရောဂါနှင့်မှတ်ဉာဏ် ကျဆင်းတဲ့ရောဂါတွေကိုလည်း ကာကွယ်နိုင်မှာဖြစ်ကြောင်း လေ့လာထားချက် ကိုလည်း တင်ပြချင်ပါတယ်။ ဒီလေ့လာချက်ကိုတော့ အမေရိကန်နိုင်ငံ New York မြို့ University of Rochester ဆေးသုတေသနဌာနက သိပ္ပံ ပညာရှင်တွေက ပြုလုပ်တွေ့ရှိခဲ့တာဖြစ်ပြီး US Journal of Science မှာ ဖော်ပြထားတာဖြစ်ပါတယ်။ သူတို့အဆိုအရ ဦးနှောက်ဟာ အိပ်ပျော်နေစဉ် မှာ ဦးနှောက်မှာရှိနေတဲ့ အဆိပ်ဖြစ်စေတဲ့ အညစ်အကြေးတွေ (Toxic Metabolic by Products)တွေကို သန့်စင်နိုင်စွမ်းပိုရှိတယ်လို့ ဆိုပါတယ်။ နှစ်ခြိုက်စွာအိပ်ပျော်နေစဉ် ဦးနှောက်ရဲ့ ကလပ်စည်းတွေဟာ သေးငယ်သွား ပြီး Cells တွေထဲက မလိုအပ်တဲ့အရာတွေကို ညှစ်ထုတ်ပစ်တယ်လို့ ဆိုပါ တယ်။ ဒါကို သူတို့အဆိုအရ glymphatis System လို့ အမည်ပေးထား ပြီး ဦးနှောက်အတွင်းမှာရှိတဲ့ Cerebral Spinal Fluid(CSF)အရည်က တစ်ဆင့် သွေးကြောထဲကို အညစ်အကြေးတွေ ပြန်ရောက်သွားအောင်လုပ် ပေးပြီး အသည်း၊ ကျောက်ကပ်တို့က အညစ်အကြေးတွေ စွန့်ပစ်တာလို့ ဆိုပါတယ်။ ဒါကြောင့် လူတွေဟာ အိပ်ရေးဝပြီး ဦးနှောက်ကြည်လင်သွား တယ်။ တာရှည်ဦးနှောက်ကြည်လင်ဖို့ နေ့စဉ်အိပ်ရေးဝအောင် အိပ်ကြဖို့ အရေးကြီးတယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

လိင်အင်္ဂါရေယုန်ကာကွယ်ဆေး

အမေရိကန်နိုင်ငံမှာ လိင်ဆက်ဆံခြင်းက ကူးစက်နိုင်တဲ့ Genital Herpes ခေါ်တဲ့ လိင်အင်္ဂါရေယုန်ရောဂါဟာ အမေရိကန်က အရွယ်ရောက်ပြီးသူ လူဦး ရေအားလုံးရဲ့ ၉၀ ရာခိုင်နှုန်းလောက်မှာ ဖြစ်နေတဲ့ရောဂါပါ။ ဒီရောဂါဟာ ဆေးကုသမှုခံယူရင် ရောဂါပျောက်သလို ဖြစ်သွားပေမယ့် မကြာခဏပြန်ပေါ် တတ်ပြီး ရောဂါဖြစ်လာပြီဆိုရင်လည်း နေရထိုင်ရခက်တဲ့ ရောဂါတစ်ခုပါ။ ဒီရောဂါအတွက် ကာကွယ်ဆေးတစ်ခုကို ၂၀၁၆ ခုနှစ်လောက်မှာ ဖော်ထုတ် နိုင်တော့မယ်လို့ အမေရိကန်နိုင်ငံ National Institute of Allergy and Infectious Diseases(NIAIDS)အဖွဲ့ကြီးက ကြေညာလိုက်ပါတယ်။ ဒီရောဂါ ဟာ Herpes Simplex Virus Type 2 ကြောင့်ဖြစ်ပြီး ဒီ Virus ရဲ့ ရောဂါ ဖြစ်ရာမှာ အရေးကြီးတဲ့ protein နှစ်မျိုးကိုထုတ်ပြီး ကာကွယ်ဆေးကို တီထွင် ထားတာလို့ သိရပါတယ်။ ဒီကာကွယ်ဆေးကို HSV 529 လို့ အမည်ပေးထားပြီး ဒီဆေးထိုးပြီး လူ့ခန္ဓာကိုယ်ရဲ့ ဒီ Virus အပေါ် ခုခံစွမ်းအား Immune System ကို မြင့်တင်ပေးထားတာဖြစ်တယ်လို့ဆိုပါတယ်။ ဒီဆေးကို ဓာတ်ခွဲခန်း မှာ စမ်းသပ်တာအောင်မြင်မှုရရှိခဲ့ပြီး ယခုအခါ နောက်ဆုံးအဆင့်အနေနဲ့ အသက် (၁၈)နှစ်ကနေ (၄၀)ရှိတဲ့ လူပေါင်း ၆၀ ကို စမ်းသပ်ထားတာ ၂၀၁၆ ခုနှစ် အောက်တိုဘာလမှာပြီးမယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

ဆေးပညာ၏ပြောင်းလဲလာသော အယူအဆများ

ဆေးပညာမှာလည်း ယခင်က ယူဆခဲ့တဲ့အယူအဆတွေနဲ့ အခုအသစ် တွေ့ရှိလာတဲ့ အယူအဆတွေမတူဘဲ ပြောင်းလဲလာတာတွေ ရှိပါတယ်။ ယခင် က (Heart Failure)ခေါ်တဲ့ နှလုံးပျက်စီးရောဂါရှိသူတွေကို မလှုပ်မရှား ငြိမ်ငြိမ်သက်သက်နေဖို့ တိုက်တွန်းခဲ့ကြတာပါ။ အခုတော့ အဲဒီအယူအဆ မဟုတ်တော့ဘဲ လှုပ်ရှားနိုင်လေ အသက်ရှင်ဖို့အခွင့်အလမ်းပိုရနိုင်တယ်လို့ လေ့လာသူတွေက ဆိုပါတယ်။ ဒီလေ့လာမှုကိုတော့ Australia နိုင်ငံ New South Wale ပြည်နယ် New England တက္ကသိုလ်က ဆေးပညာရှင်တွေက လေ့လာထားခဲ့ကြတာ ဖြစ်ပါတယ်။ ဒီအယူအဆကို အမေရိကန်နိုင်ငံမှာလည်း အသုံးပြုခဲ့ကြပြီး ယခုအခါ Heart Failure ရောဂါခံစားနေရတဲ့ အမေရိကန်လူမျိုး ၅ ဒသမ ၈ သန်းဟာလည်း ပုံမှန်လေ့ကျင့်ခန်းပြုလုပ်ခြင်း၊ Cardiac Rehabilitaion Programme ခေါ်တဲ့ နှလုံးပြန်လည်သန်စွမ်းရေးအစီအစဉ်တွေမှာ ပါဝင်လေ့ကျင့်ခြင်းတို့ ပြုလုပ်နေကြောင်း တင်ပြလိုက်ရပါတယ်။

ယခင်က အဝလွန်ရောဂါကာကွယ်ဖို့ အစာကို နည်းနည်းစီ အကြိမ်များများ စားခြင်း(တစ်နေ့မှာ ငါးကြိမ်မှ ခြောက်ကြိမ်)ထိ စားသုံးခြင်းဟာ စားချင်စိတ် ကို ပြေဖျောက်အောင်မလုပ်နိုင်ဘဲ အဝလွန်ခြင်းကို ပိုဖြစ်စေတယ်လို့ ဆိုပါ တယ်။ အစာကို တစ်နေ့သုံးကြိမ်ပဲ အာဟာရပြည့်အောင်စားခြင်းကသာ အဝ လွန်ခြင်းကိုပိုထိန်းနိုင်တယ်လို့ ဆိုပါတယ်။ ဒီလေ့လာချက်ကိုတော့ Missouri တက္ကသိုလ်က ဇီဝကမ္မဆိုင်ရာသုတေသီတွေက လေ့လာခဲ့ကြတာ ဖြစ်ပါ တယ်။

အစားအသောက်နဲ့ပတ်သက်ပြီး လေ့လာထားချက်တစ်ခုမှာလည်း ယခင်က မနက်စောစော ကာဘိုဟိုက်ဒရိတ်များများပါတဲ့ Oatmeal တစ်ခု စားသုံးခဲ့ ကြရာမှာ Protein ပါတဲ့ အစာတစ်ခုခုကို စားသုံးမှသာပိုသင့်တော်တယ်လို့ အကြံပြုထားပါတယ်။ ဒါဟာ အဝလွန်ဖြစ်တာကိုလည်း ကာကွယ်နိုင်ပြီး နေ့လယ် နေ့ခင်းမှာ အလွန်အကြူးစားသောက်ချင်စိတ်ကိုလည်း ထိန်းထားနိုင်တယ် လို့ဆိုပါတယ်။ Protein ဓာတ်ဟာ အူလမ်းကြောင်းထဲကိုရောက်သွားတဲ့အခါ Peptie YY ဆိုတဲ့ ဟော်မုန်းဓာတ်တစ်မျိုးကို ထုတ်လုပ်နိုင်ပြီး ဒီဟော်မုန်း ဓာတ်ဟာ ဦးနှောက်ကို အာဟာရပြည့်ဝနေတဲ့သတင်းကို ပို့ပေးနိုင်တာကြောင့် ဖြစ်တယ်လို့ လေ့လာချက်တစ်ခုမှာ ဖော်ပြထားပါတယ်။ ဒါကြောင့် အစား အသောက်ပုံစံကို သတိထားစားသုံးကြဖို့ တင်ပြလိုက်ရပါတယ်။

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ Meditation ခေါ်တဲ့ တရားထိုင်ခြင်းဟာ စိတ်ဖိစီးမှု (Stress) ကိုတော့ လျှော့ချနိုင်တာမှန်ပေမယ့် သွေးတိုးရောဂါ (Hypertenstion) ကို သိသိသာသာ မလျှော့ချနိုင်ဘူးဆိုတာ လေ့လာထားတဲ့သတင်းပါ။ ဒီလေ့လာချက်ကိုတော့ ကနေဒါနိုင်ငံ Toronto မြို့ Sunny Brook Health Centre က ဆေးပညာရှင်တွေရဲ့ လေ့လာချက် ကို Reuter Health သတင်းဌာနက ဖော်ပြထားတာပါ။ ဒါဟာ သွေးတိုး ရောဂါ ကုသမှုမှာ တရားထိုင်ခြင်းဟာ အသုံးမဝင်၊ အကျိုးမရှိဘူးလို့ ဆိုလို တာမဟုတ်ဘဲ စိတ်ဖိစီးမှုကို ကာကွယ်ခြင်းဟာ သွေးတိုးကြောင့်ဖြစ်လာ မယ့် နောက်ဆက်တွဲ နှလုံးရောဂါတွေကို ထိန်းနိုင်ရာမှာ အကျိုးရှိတယ် ဆိုတာတော့ သေချာတယ်လို့ ဆိုပါတယ်။ အမေရိကန်နိုင်ငံက လေ့လာချက် တစ်ခုမှာလည်း Meditation တစ်ခုပဲပြုလုပ်တာထက် ဆားအငန်လျှော့ စားခြင်း၊ ဆေးလိပ်၊ အရက်ဖြတ်ခြင်းနှင့် ကိုယ်လက်လေ့ကျင့်ခန်းမှန်မှန် ပြုလုပ်ခြင်းနှင့် သွေးကျဆေးသောက်သုံးခြင်းကသာ ပိုမိုထိရောက်တယ်လို့ ဆိုပါတယ်။ အမေရိကန်နိုင်ငံ Centre for Disease Control and Prevention နှင့် National Heart, Lung and Blood Institute ရဲ့ အဆိုအရ အရွယ်ရောက်ပြီးသူ အမေရိကန်နိုင်ငံသား သုံးယောက်မှာ တစ်ယောက် ဟာ သွေးတိုးရောဂါခံစားနေရပြီး သွေးတိုးရောဂါဆိုတာ သွေးပေါင်ချိန် ၁၄၀/၉၀ mmHg ရှိသူနှင့် ၎င်းအထက်ရှိသူတွေကို ခေါ်တယ်လို့ဆိုတာ တင်ပြလိုက်ရပါတယ်။

ပန်းနာဆေးက အင်ပျဉ်မှာလည်းအသုံးဝင်

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ ပန်းနာရင်ကျပ်ရောဂါမှာ အသုံးပြုနေတဲ့ ဆေးတစ်ခုအကြောင်းပါ။ ဒီဆေးဟာ ပန်းနာရင်ကျပ် ရောဂါတင်မဟုတ်ဘဲ တစ်ကိုယ်လုံးယားယံပြီး အင်ပျဉ်ထသလို ဖြစ်တတ်တဲ့ Chronic Spontaneous Urticaria (CSU) ခေါ်တဲ့ ရောဂါတစ်မျိုးမှာလည်း အထူးအသုံးဝင်နေတာကို တွေ့ရတယ်လို့ ဆိုပါတယ်။ ဒီဆေးနာမည်က တော့ Omalizumab ဖြစ်ပြီး Xolair နာမည်နဲ့လည်း လူသိများတဲ့ ဆေးပါ။ ဒီဆေးကိုနာမည်ကြီးဆေးကုမ္ပဏီတစ်ခုဖြစ်တဲ့ Novartis က ထုတ်လုပ်ခဲ့ တာဖြစ်ပါတယ်။ ဒီဆေးကို ဒီ (CSU) ရောဂါရှင်တွေမှာပါ အသုံးပြုဖို့ အထောက်အထားအချက်အလက်တွေနှင့်အတူ အမေရိကန်နှင့် ဥရောပ နိုင်ငံတွေက FDA အဖွဲ့ကြီးတွေဆီကို လျှောက်ထားတယ်ဆိုတာ တင်ပြ လိုက်ရပါတယ်။

သက်ရှည်ကျန်းမာဖို့ အချက်(၆)ချက်

အမေရိကန်နိုင်ငံ CDC ခေါ်တဲ့ Centre for Disease Controll and Prevention ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဗဟိုအဖွဲ့ကြီးကတော့ ၂၀၀၄၊ ၂၀၀၇နှင့် ၂၀၁၃ ခုနှစ်အတွင်း စာရင်းဇယားတွေအရ အမေရိကန် နိုင်ငံသားတွေ သေဆုံးနေကြရတာဟာ နှလုံးရောဂါ၊ ကင်ဆာရောဂါ၊ လေဖြတ်ရောဂါ၊ အသက်ရှူလမ်းကြောင်းရောဂါ၊ သက်ကြီးအမေ့လွန်ရောဂါ နှင့် ဆီးချိုရောဂါတွေကြောင့်လို့ ထောက်ပြထားပါတယ်။ ဒီထောက်ပြချက် နှင့်အတူ ရောဂါကင်းပြီး အသက်ရှည်နေထိုင်နိုင်ဖို့အချက်(၆)ချက်ကိုလည်း အကြံပြုထားပါတယ်။

(၁) အမျိုးသမီးတွေ အသက်၅၀မှ ၇၅ နှစ်အတွင်းမှာ ရင်သားကင်ဆာ အများဆုံးဖြစ်နေရတဲ့ ရောဂါဖြစ်လို့ ရင်သားဓာတ်ပုံ (Mamogram) ကို အရွယ်ရောက်ပြီးတာနဲ့ တစ်နှစ်တစ်ခါ သို့မဟုတ် နှစ်နှစ်တစ်ခါ သာ ရိုက်ဖို့အကြံပြုထားပါတယ်။

(၂) Pneumonia ခေါ်တဲ့အဆုတ်ရောင်ရောဂါဟာ အသက်ကြီးသူတွေ မှာ ဖြစ်တတ်တဲ့ရောဂါဖြစ်တာကြောင့် ဒီရောဂါကာကွယ်ဆေးကို တစ်နှစ်တစ်ခါ ထိုးထားဖို့ တိုက်တွန်းထားပါတယ်။

(၃) ပုံမှန်လေ့ကျင့်ခန်းတွေကို နေ့စဉ်နာရီဝက်လောက် တစ်ပတ်မှာ အနည်းဆုံးငါးရက် စုစုပေါင်းတစ်ပတ်မှာ နှစ်နာရီခွဲလုပ်ကြဖို့။

(၄) လတ်ဆတ်တဲ့ ဟင်းသီးဟင်းရွက်၊ အသီးအနှံအနည်းဆုံးငါးမျိုးကို စားသုံးဖို့။

(၅) ဆေးလိပ်မသောက်ဖို့။

(၆) သွေးတိုးရောဂါကိုထိန်းဖို့။

တိုက်တွန်းထားကြောင်းကို တင်ပြရင်း ယခုအပတ်ဆေးပညာသတင်းဆန်း များ တင်ပြခြင်းကို နိဂုံးချုပ်လိုက်ရပါတယ်။ ။

ကရင်ပြည်နယ် ကြာအင်း - တဂေး - ခုတ်ခွား - ကျိုက်ဒုံကားလမ်းပေါ်မှ ဟောင်သရောတံတားဖွင့်

သတင်း-ခရမ်းစိုးမြင့်၊ ဓာတ်ပုံ-အလှဆင်သူအဖွဲ့

ကရင်ပြည်နယ် ဟောင်သရော မြစ်ပေါ်နှင့် ကြာအင်း-တဂေး-ခုတ်ခွား-ကျိုက်ဒုံကားလမ်းပေါ်အရှည် ပေ ၇၈၀ရှိ ဟောင်သရောတံတား ဖွင့်ပွဲကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၉ နာရီက ကရင်ပြည်နယ် ကျိုက်ဒုံမြို့နယ် ခွဲရှိ တံတားစီမံကိန်းအထူးအဖွဲ့ (၁၃) မဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားတွင် ကရင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဇော်မင်းက အမှာစကားပြောကြားပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဒုတိယ ဦးဆောင်ညွှန်ကြားရေးမှူး (လုပ်ငန်း) ဦးဝင်းတင့်က တံတား တည်ဆောက်ခဲ့ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ၎င်းနောက် ဒေသခံတစ်ဦးဖြစ်သူ ဟောင်သရော ဒေသမှ ဦးတော်တော်က တံတား တည်ဆောက်ပေးမှုအတွက် ကျေးဇူး တင်ကြောင်း ပြန်လည်ပြောကြား သည်။

ယင်းနောက် အစီအစဉ်အရ ဟောင်သရော မြစ်ကူးတံတားကြီးကို ကရင်ပြည်နယ် လမ်းပန်းဆက်သွယ် ရေးဝန်ကြီး၊ ကရင်ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌနှင့် ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ ဒုတိယဦးဆောင်ညွှန်ကြား ရေးမှူး (လုပ်ငန်း) ဦးဝင်းတင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယခု ဖွင့်လှစ်လိုက်သည့် ကရင် ပြည်နယ် ဟောင်သရောမြစ်ပေါ်မှ ဟောင်သရောမြစ်ကူးတံတားကြီးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော် အစိုးရလက်ထက် (၃၆) စင်းမြောက်တံတားကြီးဖြစ်ပြီး တံတား အရှည်မှာ ပေ ၇၈၀ ရှိသည်။

တံတားအမျိုးအစားမှာ သံကူ ကွန်ကရစ် အုတ်မြစ်ထိပ်ဖူးကိုယ်ထည် ဖြစ်ပြီး အပေါ်ပိုင်းမှာ ဘေလီသံပေါင် နှင့် ခွင့်ပြုအလေးချိန်မှာ ၂၀တန်ဖြစ် သည်။ တံတားတစ်စင်းလုံး စီမံကိန်း တန်ဖိုးမှာ ကျပ်သန်းပေါင်း ၁၂၁၄ ဒသမ ၄ သန်းကုန်ကျခဲ့ကြောင်း သိရ သည်။

ဟောင်သရောတံတားဖွင့်ပွဲသို့ တက်ရောက်လာသည့် ဒေသခံများအား ပြည်နယ်ဝန်ကြီးချုပ် နှုတ်ဆက်စဉ်။

ပြည်တွင်းသတင်း

"ဥ" ဇာတ်ကားဖြင့် အကောင်းဆုံးရုပ်ရှင်တည်းဖြတ်ဆုရ ဦးဇော်မင်း(ဟံသာမြေ)။

"ကယန်းအလှ" ဇာတ်ကားဖြင့် အကောင်းဆုံးရုပ်ရှင်အသံဆုရ တိုနီ(လင်း)။

"တိမ်မင်းသမီးရဲ့ဒဏ္ဍာရီ"ဇာတ်ကားဖြင့် အကောင်းဆုံးရုပ်ရှင်အထူးဆု (ကလေးသရုပ်ဆောင်ဆုရ) ယွန်းယွန်း။

"အမွေခံထိုက်သူဖြစ်ပါစေ" ဇာတ်ကားဖြင့် အကောင်းဆုံးရုပ်ရှင်တေးဂီတဆုရ ဂီတမှူး ဝင်းကို။

❊ *ကျောဖုံးမှ*

အကောင်းဆုံးရုပ်ရှင် အမျိုးသားဇာတ်ဆောင်ဆုရရှိသည့် ပြေတီဦးက"ဒီဆုကို မမျှော်လင့်ဘဲရရှိခဲ့တာပါ။ ပထမအကြိမ် အကယ်ဒမီဆုရရှိခဲ့တာက အလှူပ်ဇာတ်ရုပ်သရုပ်ဆောင်ပြီးရရှိခဲ့တာ ဖြစ်ပါတယ်။ အခုရရှိတာက အငြိမ်ဇာတ်ရုပ်ဖြစ်တော့ ပိုပြီးအမှတ်တရဖြစ်စေပါတယ်" ဟု အကယ်ဒမီဆုယူအပြီး ပြောကြားသွားသည်။

တစ်ဖန် အကောင်းဆုံး ရုပ်ရှင်အမျိုးသမီးဇာတ်ဆောင်ဆုကို ဖွေးဖွေးက **"လက်ပံ"** ဇာတ်ကားဖြင့် ရရှိခဲ့သည်။ လက်ပံဇာတ်ကားတွင်ဖွေးဖွေး၏ သရုပ်ဆောင်မှုများမှာ အနု၊ အကြမ်းဇာတ်ဝင်ခန်းများတွင် ပီပီပြင်ပြင်သရုပ်ဆောင်နိုင်ခဲ့ခြင်းကြောင့် ဖြစ်သည်။ "အနုပညာဝါနုတဲ့သူတစ်ဦးအနေနဲ့ ဒီလိုအကယ်ဒမီဆုရရှိတာ အံ့ဩဝမ်းသာဂုဏ်ယူစရာ ဖြစ်ပါတယ်။ စိတ်လှုပ်ရှားစရာကောင်းပြီး အားလုံးကိုလည်း ကျေးဇူးတင်ရမှာပါ" ဟု ဖွေးဖွေးက ပြောကြားသည်။

အကောင်းဆုံးရုပ်ရှင်အသံဆုကို **"ကယန်းအလှ"** ဇာတ်ကားဖြင့် တိုနီ (လင်း)က ရရှိခဲ့သည်။ တစ်ဖန် အကောင်းဆုံးရုပ်ရှင်တေးဂီတဆုကို **"အမွေခံထိုက်သူဖြစ်ပါစေ"** ရုပ်ရှင်ကားဖြင့် ဝင်းကိုက ဆွတ်ခူးရရှိခဲ့သည်။ ဇာတ်ဝင်ခန်းများနှင့် လိုက်ဖက်သည့် နောက်ခံတေးဂီတထည့်သွင်းမှုမှာ မှန်ကန်ကောင်းမွန် ညီညွတ်သည်ကို တွေ့ရသည်။

အကောင်းဆုံးရုပ်ရှင်တည်းဖြတ်ဆုကို ဇော်မင်း (ဟံသာမြေ) က **"ဥ"** ဇာတ်ကားဖြင့် ဆွတ်ခူးရရှိသွားသည်။ **"ဥ"** ဇာတ်ကားတွင် ဇာတ်ဝင်ခန်းတိုင်းကို တည်းဖြတ်မှုမှန်ကန်စွာဖြင့် ဇာတ်ကားကောင်းတစ်ကားအဖြစ် ပေါ်လွင်လာစေရန် တည်းဖြတ်မှုပညာအပြည့်ဖြင့် အပိုအလိုမရှိစေအောင် တည်းဖြတ်နိုင်ခြင်းကြောင့် အကယ်ဒမီဆုရရှိခဲ့ခြင်းဖြစ်သည်။

ဆက်လက်ပြီး အကောင်းဆုံး ရုပ်ရှင်ဓာတ်ပုံဆုကို **"ကယန်းအလှ"** ရုပ်ရှင်ကားဖြင့် ဦးအောင်ကိုလတ်က ဆွတ်ခူးရရှိခဲ့သည်။ ဦးအောင်ကိုလတ်သည် ယင်းရုပ်ရှင်ကားကို ကိုယ်တိုင်ဒါရိုက်တာပြုလုပ်ကာ ရိုက်ကူးခဲ့ခြင်းလည်းဖြစ်သည်။ ကယန်းဒေသ၊ ကယန်းလူမျိုးတို့ အလှပေါ်လွင်အောင် တင်ပြနိုင်သဖြင့် အကယ်ဒမီဆုရရှိခဲ့ခြင်းဖြစ်သည်။ အကယ်ဒမီကျေးဇူးတင်စကားကိုလည်း ဝမ်းနည်း၍လား၊ ဝမ်းသာ၍လားမသိ လိုရင်းသာ ပြောကြားသွားခဲ့သည်။

၂၀၁၂ ခုနှစ်အတွက် အထူးဆုအဖြစ် ကလေးသရုပ်ဆောင်ဆုရွေးချယ်ချီးမြှင့်ခဲ့ရာ ယွန်းယွန်းက **"တိမ်မင်းသမီးရဲ့ဒဏ္ဍာရီ"** ဇာတ်ကားဖြင့် ဆွတ်ခူးရရှိခဲ့သည်။ နှစ်ကိုယ်ခွဲသရုပ်ဆောင်ခဲ့ရာတွင် ဇာတ်ကောင်တစ်ဦးချင်းကွဲပြားထူးခြားစွာသရုပ်ဆောင်နိုင်ခဲ့ခြင်းကြောင့် ဖြစ်သည်။ "ကလေးသရုပ်ဆောင်တွေအားလုံးရဲ့ကိုယ်စား ဒီဆုကို ရယူပေးတယ်လို့ ခံယူပါတယ်" ဟု အကယ်ဒမီဆုယူအပြီး ဝမ်းနည်းဝမ်းသာသံဖြင့် ပြောကြားသွားသည်။

ထို့အပြင် အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆုကို ချောရတနာက **"ဥ"** ရုပ်ရှင်ဇာတ်ကားဖြင့် ဆွတ်ခူးရရှိခဲ့သည်။ စိတ်ဝေဒနာရှင်စာဥအဖြစ် ပီပြင်စွာသရုပ်ဆောင်နိုင်ခဲ့သဖြင့် အကယ်ဒမီဆုကို ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။

၂၀၁၂ ခုနှစ် မြန်မာ့ရုပ်ရှင်အကယ်ဒမီဆုချီးမြှင့်ပွဲတွင် အကယ်ဒမီထူးချွန်ဆုပေါင်းကိုးဆုကို ချီးမြှင့်နိုင်ခဲ့သည်။

(မြန်မာ့အလင်း)

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လမ်းဖွင့်ပွဲအခမ်းအနား

တောင်ငူ ဒီဇင်ဘာ ၂၉

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျပ်သိန်း ၂၄၀ အကုန်ကျခံ ဖောက်လုပ်ခဲ့သည့် အကျယ် ၁၂ ပေ၊ လမ်းအရှည် ၁၅၉၁ ပေရှိ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ (၂၂) ရပ်ကွက် ပင်းယလမ်း ကတ္တရာလမ်းဖွင့်ပွဲကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၈ နာရီက အဆိုပါ လမ်းမုခ်ဦး၌ ကျင်းပရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်ရှိန်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဝင်းနှင့် မြို့မိမြို့ဖ ဦးမြင့်ညို (အမေ့အိမ်) တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

ဖွင့်ပွဲတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လုပ်ငန်းတာဝန်ခံအင်ဂျင်နီယာ ဦးဝဏ္ဏမောင်က လမ်းနှင့်ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရပ်မိရပ်ဖ အငြိမ်းစားဒုရဲမှူး ဦးဌေးဝင်းက ကျေးဇူးတင်စကား ပြောကြားပြီး လမ်းဖွင့်ပွဲအထိမ်းအမှတ် အလံများကို တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်လွင်က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်ရှိန်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဝင်းတို့ထံလည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးဝဏ္ဏမောင်က မြို့မိမြို့ဖ ဦးမြင့်ညို (အမေ့အိမ်)ထံ လည်းကောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။ **(၁၁၅)**

ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၉

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပုဂ္ဂလိကကဏ္ဍမှ အသိပညာနှင့် သတင်းအချက်အလက်များရရှိစေရေးတို့အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၌ "၂၀၁၃" ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

တက်ရောက်နိုင်

အဆိုပါဟောပြောပွဲကို ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ ကုန်သည်/စက်မှုအသင်းချုပ် ပထမထပ်ခန်းမကြီး၌ ဇန်နဝါရီ ၄ ရက် မွန်းလွဲ ၂ နာရီတွင် ကျင်းပမည်ဖြစ်ပြီး စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။

မြတ်စန္ဒီသင်းဇော်

အင်းတော်မြို့နယ် တာဖလာရွာအနီး လူတစ်ဦးဆင်နင်း၍သေဆုံး

အင်းတော် ဒီဇင်ဘာ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် တာဖလာရွာအနီး သစ်ထုတ်ရေးစခန်းတွင် လူတစ်ဦးဆင်နင်း၍ သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၈ ရက် နံနက် ၉ နာရီခန့်က အင်းတော်ရဲစခန်းမှ ရဲအုပ်သန်းထွန်းလှိုင်နှင့်အဖွဲ့သည် စခန်းတွင် တာဝန်မှူးတာဝန်ထမ်းဆောင်နေစဉ် တာဖလာရွာအနီး သစ်ထုတ်ရေးဆင်စခန်းတွင် လူတစ်ဦးဆင်နင်း၍ သေဆုံးနေကြောင်း သတင်းအရ သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ ဆင်ပဲချိတ်ကိုင်စိုးဝင်းသည် မုန်ယိုနေသောဆင်က အစွယ်ဖြင့်ထိုးပြီး နင်းသတ်ခဲ့သဖြင့် ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို စစ်ဆေးတွေ့ရှိရ၍ ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်၊ မဟုတ်သိရှိနိုင်ရန် အင်းတော်ရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားသည်။

သေဆုံးသူမှာ စိုးဝင်း(ဆင်ပဲချိတ်ကိုင်)နံ့သာကျေးရွာ အင်းတော်မြို့နယ် နေသူဖြစ်ကြောင်း သိရသည်။

လူအောင်(ကသာ)

ကွတ်ခိုင်မြို့နယ် မုံးစီးကျေးရွာအနီး ပေါက်ကွဲမှုဖြစ်ပွား

နေပြည်တော် ဒီဇင်ဘာ ၂၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ် မုံးစီးကျေးရွာ၏ အရှေ့မြောက်ဘက် ဝေဠုဝန်ဘုန်းတော်ကြီးကျောင်းနှင့် ဝိန်းခေါင်ကျေးရွာသွားလမ်းခွဲအနီးတွင် ဒီဇင်ဘာ ၂၈ ရက် မွန်းလွဲ ၂ နာရီ ၅၅ မိနစ်ခန့်က ကြွပ်ကြွပ်အိတ်ဖြင့်ထုပ်ပြီး အဝတ်ဖြင့်ပတ်ထားသော အထုပ်တစ်ထုပ်ကို ဝေဠုဝန် ဘုန်းတော်ကြီးကျောင်းနေ ကိုရင်နှစ်ပါးကတွေ့ရှိခဲ့ပြီး ကိုရင်တစ်ပါးက ကောက်ယူသဖြင့် အဖော်ပါလာသူ ကိုရင်က မယူဘဲပြန်ချရန်ပြော၍ ပြန်ချခဲ့ရာ ၎င်းနေရာတွင်ပင် ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။

အဆိုပါပေါက်ကွဲမှုကြောင့် ကိုရင်ရှင်နေဝိန္ဒသည် ဦးခေါင်းမိုင်းစထိမှန်၍ ဦးခေါင်းခွံကွဲ၊ ဦးနှောက်ထွက်၊ ညာလက်ဖျံ၊ ညာရင်အုံတို့တွင် မိုင်းစထိမှန် ဒဏ်ရာများဖြင့် နေရာ၌ပင် ပျံလွန်တော်မူခဲ့ပြီး ကိုရင်ရှင်စိဏ္ဍာသည် ညာတံတောင်ဆစ်၊ ညာဘက်လက်ကောက်ဝတ်၊ ဘယ်ရင်အုံ မိုင်းစထိမှန် ပေါက်ပြဲဒဏ်ရာများရရှိခဲ့သည်။

အဆိုပါ ဒဏ်ရာရရှိသောကိုရင်ရှင်စိဏ္ဍာသည် မုံးစီးတိုက်နယ်ဆေးရုံတွင် ဆေးရုံတက်ရောက်ကုသလျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖြစ်စဉ်ဖြစ်ပွားရသည့် အခြေအနေအသေးစိတ်ကို စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

(မြဝတီ)

နိုင်ငံတကာသတင်း

ရုရှားရှိ ဘူတာတစ်ခုတွင် အမျိုးသမီးအသေခံဖောက်ခွဲရေးသမား တိုက်ခိုက်မှုဖြစ်ပွား

မော်စကို ဒီဇင်ဘာ ၂၉

ရုရှားနိုင်ငံရှိ ရထားဘူတာရုံတစ်ခု၏အဝင်ခန်းမအတွင်း အမျိုးသမီးအသေခံဗုံးခွဲသမားတစ်ဦးက အသေခံဖောက်ခွဲမှုကြောင့် အနည်းဆုံးလူ ၁၃ ဦးသေဆုံးမှု ယနေ့ဖြစ်ပွားရာ ဆောင်းရာသီအိုလံပစ်ပွဲတော်ကျင်းပရန် ပြင်ဆင်နေသည့် ၎င်းနိုင်ငံတွင်သုံးရက်အတွင်း ဒုတိယအကြိမ်မြောက် အသေအပျောက်ဖြစ်ပွားစေသည့် တိုက်ခိုက်မှုဖြစ်သည်။

ဗော်လ်ဂိုဂရက်ဘူတာရုံပင်မဝင်ပေါက်အတွင်းဘက်ရှိ သတ္တုပစ္စည်းရှာဖွေထောက်လှမ်းသည့် ကိရိယာရှေ့တွင် ဗုံးသမားက ဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း စုံစမ်းစစ်ဆေးရေးကော်မတီက ပြောကြားသည်။ ရုပ်သံကင်မရာမှတ်တမ်းအရ ခန်းမတွင် လိမ္မော်ရောင်မီးလုံးကြီးဖြင့် ပြည့်နှက်သွားပြီး ပြတင်းတံခါးများမှ မီးခိုးလုံးများ ထိုးထွက်လာသည်ကိုမြင်ကြရသည်။

ကြမ်းပြင်ပေါ်တွင် လူများလဲကျနေကြပြီး ကယ်ပါယူပါတစာစာ အော်ဟစ်နေကြကြောင်း မျက်မြင်တွေ့သူတစ်ဦးက ပြောကြားသည်။

ရုရှားစုံစမ်းထောက်လှမ်းရေးမှ ပြောရေးဆိုခွင့်ရှိသူက သေဆုံးသူ ၁၃ ဦးထက်မနည်းရှိသည်ဟု ပြောကြားသော်လည်း ဒေသအုပ်ချုပ်ရေးမှူးက ၁၅ ဦးဖြစ်သည်ဟု ပြောကြားသည်။

လုံခြုံမှု ပိုမိုသေချာစေရေးအတွက် လိုအပ်သမျှအားလုံးဆောင်ရွက်ရန် ဥပဒေရေးရာအဖွဲ့အစည်းများသို့ သမ္မတပူတင်က အမိန့်ထုတ်ပြန်လိုက်ကြောင်း အာရ်အိုင်အေ သတင်းဌာနက ပြောကြားသည်။ ရထားဘူတာရုံများနှင့် လေဆိပ်များတွင် လုံခြုံရေးတိုးမြှင့်ဆောင်ရွက်မည်ဖြစ်ကြောင်းဖြင့်လည်း ဖက်ဒရယ်ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

(ရိုက်တာ)

ပြည်တွင်းသတင်း

■ ***ရှေ့ဖုံးမှ***

ဖွင့်ပွဲအခမ်းအနား မစတင်မီ ညနေ ၃ နာရီမှစတင်၍ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) အတွင်း၌ The Trees တေးဂီတအဖွဲ့နှင့်အတူ ရုပ်ရှင်အနုပညာရှင်များနှင့် တေးသံရှင်များက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

ထို့နောက် ၂၀၁၂ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်သည့် အခမ်းအနားကို ညနေ ၄ နာရီခွဲတွင် စတင်ကျင်းပရာ အခမ်းအနားမှူးအဖြစ် မောင်ဆန်းထွဋ်နှင့် မတင်မိုးလွင်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးများက ဆုဗန်းကိုင်မည့် တက်သစ်စရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင် အမျိုးသမီးရှစ်ဦးနှင့် ပရိသတ်အား မိတ်ဆက်ပေးသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က အမှာစကားပြောကြားရာ၌ ရုပ်ရှင်ကို အသိပညာစီးပွားရေးနယ်အတွင်းမှ တန်ဖိုးမြင့်တီထွင်ဖန်တီးမှုရှိသော လုပ်ငန်းတစ်ရပ်အဖြစ် ကမ္ဘာတစ်ဝန်းက အသိအမှတ်ပြုထားကြသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ တီထွင်ဖန်တီးမှုရှိသောလုပ်ငန်းဆိုသည်မှာ သမားရိုးကျလုပ်ငန်းများနှင့် လုံးဝမတူကွဲပြားခြားနားမှု ရှိပါကြောင်း၊ သမားရိုးကျ စီးပွားရေးလုပ်ငန်းမှာ အရင်းသွင်းအားစု အများအပြား၊ စက်ယန္တရားများနှင့် လုပ်သားအင်အားများအသုံးပြုပြီး သမားရိုးကျထုတ်ကုန်များကို ထုတ်လုပ်

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးလူမင်း အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရခြင်းဖြစ်သော်လည်း တီထွင်ဖန်တီးမှုရှိသောလုပ်ငန်းမှာ ဆန်းသစ်တီထွင်ခြင်း၊ ယဉ်ကျေးမှုအသိပညာကို အရင်းတည်ပြီး အထူးတလည်အာရုံစူးစိုက်ရသည့် ပင်ကိုဉာဏ်စွမ်းရည်ဆိုင်ရာ အရည်အချင်းများကို အသုံးပြုရခြင်းဖြစ်ပါကြောင်း။

အနုပညာရှင် တစ်ဦးချင်းစီ၏ ပင်ကိုဉာဏ်စွမ်းရည်များနှင့် အတွေးအခေါ်အယူအဆများသည် လိုအပ်သလို ထုတ်သုံးနိုင်သော အနုပညာဘဏ်တိုက်တစ်ခုလို ပြည့်စုံလုံလောက်မှု ရှိနေရမည်ဖြစ်ပါကြောင်း၊ အနုပညာ၊ စီးပွားရေးနှင့် နည်းပညာရပ်အချိုးညီညီ ပေါင်းစပ်နိုင်မှသာ ရုပ်ရှင်သည် ယှဉ်ပြိုင်နိုင်စွမ်း၊ အသစ်တစ်ခု၊ တန်ဖိုးမြင့် တီထွင် ဖန်တီးမှု အသစ်တစ်ခု ဖြစ်လာမည်ဖြစ်ပါကြောင်း၊ ဆူလွယ်နပ်လွယ် ထုတ်လုပ်မှုများသည် ပြည်တွင်း/ ပြည်ပ ဈေးကွက်များတွင် ရေရှည်ရှင်သန်နိုင်သော စီးပွားရေးလုပ်ငန်းတစ်ခု ဖြစ်မလာနိုင်သည်ကို အားလုံးသိရှိကြပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် အနာဂတ်ကာလတွင် ယှဉ်ပြိုင်နိုင်စွမ်းရှိရန်အတွက် အနုပညာရှင်များနှင့် တတ်သိပညာရှင်များသည် ရုပ်ရှင်လုပ်ငန်းနယ်အတွင်းသို့ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာအောင် ပိုမိုဆွဲဆောင်နိုင်ရန် အရေးကြီးသည်ဟု ပြောကြားလိုပါကြောင်း။

နိုင်ငံတော်၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ပြန်ကြားရေးဝန်ကြီးဌာနသည် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတချို့ကို ပြုလုပ်ခဲ့ပါကြောင်း၊ အများပြည်သူဝန်ဆောင်မှုဆိုင်ရာ လုပ်ငန်းများကို ဗဟိုဦးစီးပုံစံဖြင့် ဆောင်ရွက်ခဲ့သော အလေ့အထမှသည် ယခုအခါ သက်ဆိုင်ရာ အသင်းအဖွဲ့များအား အများပြည်သူဝန်ဆောင်မှု လွှဲအပ်ပေးခြင်းပုံစံသို့ ပြောင်းလဲကျင့်သုံးလျက်ရှိပါကြောင်း၊ ထိုသို့ ပြောင်းလဲမှုကြောင့် အစိုးရဝန်ထမ်းများ၏ ကျွမ်းကျင်မှုအပေါ် မှီခိုအားထားနေရသောအခြေအနေမှ အသင်းအဖွဲ့များကိုယ်တိုင်ကို အားကိုးအားထားပြုနိုင်သည့် "အရွေ့" မလွဲမသွေ ဖြစ်ပေါ်စေမည်ဖြစ်ပါကြောင်း၊ အသင်းအဖွဲ့များကလည်း ပို၍ တာဝန်ယူလုပ်ဆောင်ကြရမည်ဖြစ်ပါကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာန အနေဖြင့် အများပြည်သူဝန်ဆောင်မှုလုပ်ငန်းများအတွက် အဆင်ပြေချောမွေ့စေရန် ပံ့ပိုးပေးသူအဖြစ်သာ ဆက်လက်ရပ်တည်သွားမည်ဖြစ်ပါကြောင်း၊ မူပိုင်ခွင့်ကာကွယ်ပေးခြင်း၊ ကျွမ်းကျင်မှုမြှင့်တင်ပေးခြင်း၊ မျှတသော စီးပွားရေးယှဉ်ပြိုင်မှုလုပ်ငန်းနှင့် စည်းမျဉ်း စည်းကမ်း၊ ကျင့်ဝတ်၊ ဓလေ့ထုံးတမ်းစဉ်လာ ထိန်းသိမ်းရေးလုပ်ငန်းတို့တွင် ဥပဒေနှင့်အညီ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခြင်းစသည့် အခြေခံအဆောက်အအုံပိုင်းဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးသွားမည် ဖြစ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးသည် ၂၀၁၃ ခုနှစ်အတွက် အကယ်ဒမီ ရွေးချယ်မှုလုပ်ငန်းများမှစတင်ပြီး လုံးဝလွတ်လပ်စွာ ရွေးချယ်ဆောင်ရွက်ခွင့် ရရှိတော့မည်ဖြစ်သည့်အတွက် ဝမ်းသာဂုဏ်ယူပါကြောင်းနှင့် အများပြည်သူအပေါ် ဝန်ဆောင်မှုပေးရာတွင် ထူးခြားသော အောင်မြင်မှုများ၊ ထောက်ခံအားပေးမှုများ ပိုမိုရရှိစေလိမ့်မည်ဟု အခိုင်အမာယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် ၂၀၁၂ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားတွင် တက်ရောက်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဆက်လက်၍ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးလူမင်းက မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပန်ကြားတင်ပြရာ၌ လက်ရှိအချိန်မှာ နိုင်ငံတော်တွင် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နေသည့် အချိန်အခါမျိုး၌ မိမိတို့ အနုပညာလောကအနေဖြင့်လည်း တိုးတက်မည့် အပြောင်းအလဲဘက်သို့ ရွေ့နေခြင်းဖြစ်ပါကြောင်း၊ လောကသားများ၏ စစ်မှန်သောဆန္ဒအရ လွတ်လပ်၍ တရားမျှတသော မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အမှုဆောင်အဖွဲ့ကို ၂၀၁၂ ခုနှစ် ဧပြီ ၁၀ ရက်တွင် စတင်ဖွဲ့စည်းနိုင်ခဲ့ပါကြောင်း၊ စတင်စဉ်က လောကသားအားလုံးသည် တက်ကြွသော စိတ်ဓာတ်များနှင့် အားတက်သရော ပူးပေါင်းဆောင်ရွက်မှုများဖြင့် စည်းလုံးညီညွတ်ခဲ့ကြပါကြောင်း၊ မိမိတို့လောကအနာဂတ်အတွက် မိမိတို့အားလုံးတွင် တာဝန်ရှိပါကြောင်း၊ မိမိတို့လောကကို အကာအကွယ်ပေးမည့်၊ မိမိတို့လောကကို တိုးတက်အောင် လမ်းကြောင်းချပေးနိုင်မည့် ရုပ်ရှင်ဥပဒေ ပေါ်ပေါက်ရေးသည် မိမိတို့လောက၏ အနာဂတ်အတွက် အသက်တမျှ အရေးကြီးပါကြောင်း၊ ထို့ကြောင့် ရုပ်ရှင်ဥပဒေပေါ်ထွန်းရေးကို လောကသားများအားလုံး စိတ်ပါဝင်စားကြရန် တိုက်တွန်းပန်ကြားအပ်ပါကြောင်း။

မိမိတို့ မြန်မာ့ရုပ်ရှင်လောကသားများအနေဖြင့်လည်း ကြိုးစားကြရန် လိုအပ်သကဲ့သို့ နိုင်ငံတော်အနေဖြင့်လည်း မိမိတို့လောကကို ယင်းအဆင့်အတန်းမျိုးရောက်အောင် ပံ့ပိုးကူညီပေးရန်၊ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် တင်ပြလိုပါကြောင်း၊ မိမိတို့ အနုပညာရှင်များသည် အနုပညာစွမ်းအားဖြင့် မိမိတို့တိုင်းပြည်၏ အကျိုးကို အစဉ်သယ်ပိုးနိုင်မည့်သူများဖြစ်သည်ဟု ယုံကြည်လျက်ရှိပါကြောင်း။

အချုပ်အားဖြင့် တင်ပြရလျှင် ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက မိမိတို့နိုင်ငံတွင် အောင်မြင်စွာ ကျင်းပနိုင်ခဲ့သော SEA Games ပွဲတော်ကြီး၏ Theme တစ်ခုကို မိမိတို့လောကအတွက် ယူဆောင်ခွင့်ပြုပါဟု ပန်ကြားလိုပါကြောင်း၊ ယင်းမှာ We Can Do ပင်ဖြစ်ပါကြောင်း၊ မိမိတို့လောကတိုးတက်ရန်အတွက် မိမိတို့အားလုံးလုပ်မည်ဆိုလျှင် လုပ်နိုင်ပါကြောင်း၊ ဘယ်သူမှ တစ်ဦး တစ်ယောက်တည်း မလုပ်နိုင်ပါကြောင်း၊ မိမိတစ်ယောက်တည်းလည်း မလုပ်နိုင်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ကျောင်းသူလေးများက ရွှေစင်ကြယ်အကဖြင့် ဖျော်ဖြေတင်ဆက်ပြီး ၂၀၁၂ ခုနှစ်အတွက် အကောင်းဆုံး မြန်မာ့ရုပ်ရှင်ထူးချွန်ဆုများကို ချီးမြှင့်ရာ အကောင်းဆုံးရုပ်ရှင်အသံဆုအတွက် အကယ်ဒမီ ဦးအေးမြင့်(ဇာတ်လမ်းရုပ်ရှင်)က "**ကယန်းအလှ**" ဇာတ်ကားမှ တိုနီ(လင်း)ရရှိကြောင်း ကြေညာပေးသည်။

ယင်းနောက် အခမ်းအနားမှူးက ဆုရရှိခဲ့မှုနှင့်စပ်လျဉ်း၍ အနှစ်ချုပ်တင်ပြသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က တိုနီ(လင်း)အား ရွှေစင်ရုပ်ဆုကိုချီးမြှင့်ပြီး တိုနီ(လင်း)က ကျေးဇူးတင်ဝမ်းမြောက်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် အကောင်းဆုံး ရုပ်ရှင်တေးဂီတဆုအတွက် ဂီတမှူး အကယ်ဒမီ ဦးခင်မောင်ကြီးက "**အမွေခံထိုက်သူဖြစ်ပါစေ**" ဇာတ်ကားမှ ဂီတမှူးဝင်းကို ရရှိကြောင်း ကြေညာပေးသည်။

ထို့နောက် အခမ်းအနားမှူးက ဆုရရှိခဲ့မှုနှင့်စပ်လျဉ်း၍ အနှစ်ချုပ်တင်ပြပြီး အကယ်ဒမီဆုရဇာတ်ကားမှ ဆုရရှိခဲ့သည့် ဂီတသံစဉ်နှင့်ပတ်သက်သောပြကွက်များကို တင်ဆက်ပြသသည်။

ဆက်လက်၍ ဂီတမှူး အကယ်ဒမီ ဦးဇော်မျိုးထွဋ်က ဂီတမှူး ဝင်းကိုအား ရွှေစင်ရုပ်ဆုကို ချီးမြှင့်ပြီး ဂီတမှူး ဝင်းကိုက ကျေးဇူးတင်ဝမ်းမြောက်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် အကောင်းဆုံးရုပ်ရှင်တည်းဖြတ်ဆုအတွက် အကယ်ဒမီ အောင်သွင်(ခ) ဦးအုန်းမောင်က "**ဥ**" ဇာတ်ကားမှ ဦးဇော်မင်း(ဟံသာမြေ) ရရှိကြောင်း ကြေညာပေးသည်။

ယင်းနောက် အခမ်းအနားမှူးက ဆုရရှိခဲ့မှုနှင့်စပ်လျဉ်း၍ အနှစ်ချုပ်တင်ပြပြီး အကောင်းဆုံးတည်းဖြတ်မှုနှင့်ပတ်သက်သည့် ပြကွက်များကို တင်ဆက်ပြသသည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေသက်ခင်က ဦးဇော်မင်း(ဟံသာမြေ)အား ရွှေစင်ရုပ်ဆုကို ချီးမြှင့်ပြီး ဦးဇော်မင်း(ဟံသာမြေ)က ကျေးဇူးတင်ဝမ်းမြောက်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် အဆိုတော် စိုင်းစိုင်းခမ်းလှိုင်က ယူရေနီယံအကအဖွဲ့နှင့်တွဲဖက်၍ တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်သည်။

ယင်းနောက် အကောင်းဆုံးရုပ်ရှင်ဓာတ်ပုံဆုအတွက်အကယ်ဒမီ ကျောက်ဖြူ(ပဒေသာ)က "**ကယန်းအလှ**" ဇာတ်ကားမှ ဦးအောင်ကိုလတ် ရရှိကြောင်း ကြေညာပေးသည်။

ထို့နောက် အခမ်းအနားမှူးက ဆုရရှိခဲ့မှုနှင့်စပ်လျဉ်း၍ အနှစ်ချုပ်တင်ပြပြီး အကောင်းဆုံးဆုရဓာတ်ပုံပြကွက်များကို တင်ဆက်ပြသသည်။

ဆက်လက်၍ အကယ်ဒမီ ဦးသန်းညွန့်(ပန်းသာ)က ဦးအောင်ကိုလတ်အား ရွှေစင်ရုပ်ဆုကို ချီးမြှင့်ပြီး ဦးအောင်ကိုလတ်က ကျေးဇူးတင်ဝမ်းမြောက်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် အကောင်းဆုံးရုပ်ရှင်အထူးဆု(ကလေးသရုပ်ဆောင်ဆု)အတွက် အကယ်ဒမီဒေါ်မြင့်မြင့်ခိုင်က "**တိမ်မင်းသမီးရဲ့ဒဏ္ဍာရီ**" ဇာတ်ကားမှ ယွန်းယွန်းရရှိကြောင်း ကြေညာပေးသည်။

ယင်းနောက် အခမ်းအနားမှူးက ဆုရရှိခဲ့မှုနှင့်စပ်လျဉ်း၍ အနှစ်ချုပ်တင်ပြပြီး အကောင်းဆုံးသရုပ်ဆောင်မှုနှင့်ပတ်သက်သည့် ပြကွက်များကို တင်ဆက်ပြသသည်။

ဆက်လက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က ယွန်းယွန်းအား ရွှေစင်ရုပ်ဆုကို ချီးမြှင့်ပြီး ယွန်းယွန်းက ကျေးဇူးတင် ဝမ်းမြောက်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် အကောင်းဆုံး ရုပ်ရှင် အမျိုးသားဇာတ်ဆောင်ဆုအတွက် အကယ်ဒမီရဲအောင်က "**လက်ပံ**"ဇာတ်ကားမှ ပြေတီဦး ရရှိကြောင်း ကြေညာပေးသည်။

ထို့နောက် အခမ်းအနားမှူးက ဆုရရှိခဲ့မှုနှင့်စပ်လျဉ်း၍ အနှစ်ချုပ်တင်ပြပြီး အကောင်းဆုံးသရုပ်ဆောင်မှုနှင့်ပတ်သက်သည့် ပြကွက်များကို တင်ဆက်ပြသသည်။

ဆက်လက်၍ အကယ်ဒမီ ရန်အောင်က ပြေတီဦးအား ရွှေစင်ရုပ်ဆုကို ချီးမြှင့်ပြီး ပြေတီဦးက ကျေးဇူးတင် ဝမ်းမြောက်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် တေးသံရှင် ဇော်ဝင်းထွဋ်က အင်ပါရာတေးဂီတအဖွဲ့၊ ခေမီကိုအကအဖွဲ့တို့နှင့် တွဲဖက်ကာ တေးသီချင်းဖြင့် သီဆိုဖျော်ဖြေသည်။

ထို့နောက် အကောင်းဆုံးရုပ်ရှင် အမျိုးသမီး ဇာတ်ပို့ဆုအတွက် အကယ်ဒမီဒေါ်မြင့်မြင့်ခင်က "**ဥ**" ဇာတ်ကားမှ ချောရတနာ ရရှိကြောင်း ကြေညာပေးသည်။

ယင်းနောက် အခမ်းအနားမှူးက ဆုရရှိခဲ့မှုနှင့်စပ်လျဉ်း၍ အနှစ်ချုပ်တင်ပြပြီး အကောင်းဆုံးသရုပ်ဆောင်မှုနှင့်ပတ်သက်သည့် ပြကွက်များကို တင်ဆက်ပြသသည်။

ဆက်လက်၍ အကယ်ဒမီ ဒေါ်ချိုပြုံးက ချောရတနာအား ရွှေစင်ရုပ်ဆုကို ချီးမြှင့်ပြီး ချောရတနာက ကျေးဇူးတင်ဝမ်းမြောက်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် အကောင်းဆုံး ရုပ်ရှင်အမျိုးသမီးဇာတ်ဆောင်ဆုအတွက် အကယ်ဒမီ မေသဥ္ဇာဦးက "**လက်ပံ**" ဇာတ်ကားမှ ဖွေးဖွေး ရရှိကြောင်း ကြေညာပေးသည်။

ထို့နောက် အခမ်းအနားမှူးက ဆုရရှိခဲ့မှုနှင့်စပ်လျဉ်း၍ အနှစ်ချုပ်တင်ပြပြီး အကောင်းဆုံးသရုပ်ဆောင်မှုနှင့်ပတ်သက်သည့် ပြကွက်များကို တင်ဆက်ပြသသည်။

ဆက်လက်၍ အကယ်ဒမီ မို့မို့မြင့်အောင်က ဖွေးဖွေးအား

၂၀၁၂ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားတွင် ဆုရရှိသူများအား တွေ့ရစဉ်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ပြည်တွင်းသတင်း

၂၀၁၂ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနား မှတ်တမ်းဓာတ်ပုံများ

ရွှေစင်ရုပ်ဆုကို ချီးမြှင့်ပြီး ဖွေးဖွေးက ကျေးဇူးတင်ဝမ်းမြောက်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် အကောင်းဆုံး ရုပ်ရှင် ဒါရိုက်တာဆုအတွက် အကယ်ဒမီ မလိခ စိုးထိုက်အောင်က "ဥ" ဇာတ်ကားမှ ကိုဇော်(အရုဏ်ဦး) ရရှိကြောင်း ကြေညာပေးသည်။

ယင်းနောက် အခမ်းအနားမှူးက ဆုရရှိခဲ့မှုနှင့်စပ်လျဉ်း၍ အနှစ်ချုပ်တင်ပြပြီး ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက ကိုဇော်(အရုဏ်ဦး) အား ရွှေစင်ရုပ်ဆုကို ချီးမြှင့်သည်။

ထို့နောက် ကိုဇော်(အရုဏ်ဦး)က ကျေးဇူးတင် ဝမ်းမြောက်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု)ရရှိကြသူများ၊ ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်ကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြပြီး ည ၇ နာရီတွင် အကယ်ဒမီဆုချီးမြှင့်ပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပပြီးစီးသည်။

ယနေ့ကျင်းပသော မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်သည့် အခမ်းအနားသည် နှစ် ၆၀ အတွင်း (၅၆)ကြိမ် ချီးမြှင့်ခြင်းဖြစ်သည်။ ၁၉၅၂ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ ချီးမြှင့်ပွဲကို ရန်ကုန်မြို့၌ကျင်းပခဲ့ပြီး ၂၀၀၅ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ နေပြည်တော်၌ ကျင်းပခဲ့သည်။ ၂၀၁၁ ခုနှစ်အတွက် ရန်ကုန်မြို့၌ ပြန်လည်ကျင်းပခဲ့ပြီး ယခုနှစ်နှင့်ဆိုလျှင် ရန်ကုန်မြို့၌ ပြန်လည်ကျင်းပသည်မှာ နှစ်နှစ်ရှိပြီဖြစ်သည်။

၂၀၁၂ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်သည့် အခမ်းအနားတစ်ခုလုံးကို Asia Pacific Region အတွက် စင်ကာပူနိုင်ငံတွင် အခြေစိုက်သော Barco Co.,Ltd. ၏ မြန်မာနိုင်ငံအတွက် ကိုယ်စားလှယ် ဆောင်ရွက်ပေးနေသည့် Clover Solution Co.,Ltd. က တာဝန်ယူဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ မြန်မာနိုင်ငံ၏ ရုပ်ရှင်ပြသမှုစနစ်ကို Digital ရုပ်ရှင်စနစ်အဖြစ် ပြောင်းလဲဆောင်ရွက်နေသည့် ယခုကဲ့သို့ အချိန်အခါမျိုးတွင် နှစ်စဉ်ကျင်းပသည့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်သည့်အခမ်းအနား၌ Barco Co., Ltd. က ထုတ်လုပ်သည့် Digital Projector နှင့် Silver Screen ကို အသုံးပြုပြီး ယခင်နှစ်များနှင့်မတူ တမူဆန်းပြားစေရန် စီစဉ်တင်ဆက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

၂၀၁၂ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်သည့် အခမ်းအနားကျင်းပပုံများကို မြန်မာ့ရုပ်မြင်သံကြား၊ နေပြည်တော် မြန်မာ့အသံ၊ တောင်သူလယ်သမားကဏ္ဍ ရုပ်သံလိုင်း၊ တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း၊ MRTV-4, MITV, MNTV, SKYNET up to date Channel, MWD Channel, MWD Variety Channel, MWD Documentary Channel, တို့က မွန်းလွဲ ၂ နာရီ ၄၅ မိနစ်မှစတင်၍ တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့သည်။

(သတင်းစဉ်)

ကယန်းအလှ ဇာတ်ကားဖြင့် အကောင်းဆုံးရုပ်ရှင် ဓာတ်ပုံဆုရရှိသူ ဦးအောင်ကိုလတ်အား ကယန်းတိုင်းရင်းသူများနှင့် တွေ့ရစဉ်။
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ ထွန်းအိန္ဒြာဗိုတို့ဇနီးမောင်နှံ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်လာစဉ်။
(သတင်းစဉ်)

တိမ်မင်းသမီးရဲ့ ဒဏ္ဍာရီဇာတ်ကားဖြင့် အကောင်းဆုံးရုပ်ရှင်အထူးဆု (ကလေးသရုပ်ဆောင်ဆု)ရရှိသူ ယွန်းယွန်းအား အနုပညာအသိုင်းအဝိုင်းမှ ဝိုင်းဝန်းနှုတ်ဆက်အားပေးနေသည်ကို တွေ့ရစဉ်။
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရုပ်ရှင်သရုပ်ဆောင် ပွင့်နဒီမောင်၏ အကယ်ဒမီပွဲတက်ဖက်ရှင်။ (သတင်းစဉ်)

ရုပ်ရှင် သရုပ်ဆောင်နှင့် အဆိုတော် စိုင်းစိုင်းခမ်းလှိုင် အကယ်ဒမီပွဲတက် ဖက်ရှင်။
(သတင်းစဉ်)

ရုပ်ရှင်သရုပ်ဆောင် ပပဝင်းခင်၏ အကယ်ဒမီ ပွဲတက်ဖက်ရှင်။
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ သက်မွန်မြင့်ကို ပြုံးရွှင်စွာ တွေ့ရစဉ်။ (သတင်းစဉ်)

ရုပ်ရှင်သရုပ်ဆောင် ပြေတီဦးနှင့်အိန္ဒြာကျော်ဇင်တို့ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်လာစဉ်။
(သတင်းစဉ်)

၂၀၁၂ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းအား တွေ့ရစဉ်။ (သတင်းစဉ်)



ပြည်တွင်းသတင်း

မလေးရှားနိုင်ငံ ဆာရာဝပ်ပြည်နယ် မီရီမြို့ရှိ မြန်မာအလုပ်သမားများကို မြန်မာသံရုံးအရာရှိများနှင့် မလေးရှားအလုပ်သမားအေဂျင်စီတာဝန်ရှိသူများတွေ့ဆုံမည်

ကွာလာလမ်ပူ ဒီဇင်ဘာ ၂၉

မလေးရှားရှိ မြန်မာသံရုံးမှ မြန်မာအလုပ်သမားဆိုင်ရာ သံအရာရှိ ဦးစိုးဝင်း၊ မြန်မာသံရုံးအရာရှိတစ်ဦး၊ (မြန်မာအလုပ်သမားများကို စေလွှတ်လိုက်သော) မလေးရှားအလုပ်သမားအေဂျင်စီတာဝန်ရှိသူများသည် ဒီဇင်ဘာ ၂၇ ရက် နံနက်ပိုင်းက ကွာလာလမ်ပူမြို့မှ ဆာရာဝပ်ပြည်နယ်သို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားပြီဖြစ်ကြောင်း မလေးရှားရောက် မြန်မာများ၏ ဆက်သွယ်ပြောပြချက်အရ သိရသည်။

မြန်မာအလုပ်သမားများ ကူညီရေးအဖွဲ့သည် ဆာရာဝပ်ပြည်နယ်မြို့တော် ကူချင်းသို့ ဒီဇင်ဘာ ၂၇ ရက် မွန်းလွဲပိုင်းက ရောက်ရှိခဲ့ပြီး ဒီဇင်ဘာ ၂၈ ရက် မွန်းတည့် ၁၂ နာရီတွင် လေယာဉ်ဖြင့် စက်ရုံတည်ရှိရာသို့ ဆက်လက်ထွက်ခွာမည်ဖြစ်ကြောင်း သိရပြီး ကူချင်းမှ စက်ရုံသို့ မော်တော်ကားဖြင့် ၁၄ နာရီခရီးစဉ်ကို လမ်းခရီးစိတ်ချရမှု မရှိခြင်းကြောင့် ဒီဇင်ဘာ ၂၈ ရက်တွင် ဆက်လက်ထွက်ခွာရန် ဖြစ်ကြောင်းလည်း သိရသည်။

မလေးရှားရှိ မြန်မာသံရုံးကလည်း မလေးရှားအစိုးရသို့ အဆိုပါဖြစ်စဉ်ကို အသိပေး၍ ကာကွယ်စောင့်ရှောက်မှု အမြန်ဆုံးပေးရန် တောင်းဆိုထားပြီး သက်ဆိုင်ရာ အစိုးရတာဝန်ရှိသူများက လုံခြုံရေးဆောင်ရွက်ပေးထားသဖြင့် မြန်မာအလုပ်သမားများ၏ အခြေအနေမှာ စိုးရိမ်စရာမရှိတော့ကြောင်း၊ လက်ရှိအချိန်တွင် အေးဆေးတည်ငြိမ်နေပြီဖြစ်ကြောင်းလည်း သိရသည်။

"တွေ့တဲ့အခြေအနေပေါ်မှာ မူတည်ပြီးတော့ ပြောမှရမှာ၊ အခုလောလောဆယ်ကတော့ အမျိုးမျိုးပြောနေကြတာ၊ အလုပ်သမားဘက်ကတစ်မျိုး ပြောလိုက်၊ အလုပ်ရှင်ဘက်က တစ်မျိုးပြောလိုက်၊ မီဒီယာတွေကပြောလိုက်ဆိုတော့ သူတို့စာချုပ်ချုပ်ထားတာ ဘယ်လိုချုပ်ထားတာလဲ၊ ဒီစာချုပ်တွေကို ကျွန်တော်တို့က ကြည့်ပြီးတော့ မျက်နှာချင်းဆိုင်တွေ့ပြီးတော့မှ မေးမြန်းပြီး စာရွက်တွေထုတ်ခိုင်းပြီးတော့ ဒါမှ ညှိလို့ရမှာ"ဟု မြန်မာအလုပ်သမားရေးရာတာဝန်ခံ ဦးစိုးဝင်း၏ ပြောကြားချက်ကို မလေးရှားရောက် မြန်မာများက ပြောကြားခဲ့သည်။ မြန်မာအလုပ်သမားများထံသို့ မြန်မာအလုပ်သမားအေဂျင်စီမှ တာဝန်ရှိသူအချို့ ရောက်ရှိနေပြီဖြစ်ပြီး စက်ရုံတာဝန်ရှိသူများနှင့် မြန်မာအလုပ်သမားများ၏ အခွင့်အရေး၊ လုံခြုံမှုကို ညှိနှိုင်းလျက်ရှိကြောင်း၊ နောက်ထပ် မြန်မာအလုပ်သမားအေဂျင်စီနှစ်ခုမှ တာဝန်ရှိသူများသည် မြန်မာနိုင်ငံမှ ဒီဇင်ဘာ ၂၇ ရက်က လေကြောင်းခရီးဖြင့် မလေးရှားသို့ လိုက်ပါသွားကြပြီဖြစ်ကြောင်း သိရသည်။

မလေးရှားရောက် မြန်မာ ဇနီးမောင်နှံနှစ်ဦး (စစ်ကိုင်းတိုင်းဒေသကြီးမှ)က မြန်မာအလုပ်သမားများအတွက် ဆန်များ လာရောက်လှူဒါန်းပေးအပ်ထားပြီးဖြစ်၍ အစားအသောက်အခက်အခဲ ပြေလည်နေပြီဖြစ်ကြောင်းလည်း သိရသည်။

ထို့ပြင် မြန်မာနိုင်ငံသံရုံးမှ အလုပ်သမားအရာရှိနှင့် သံရုံးတာဝန်ရှိသူများသည် မြန်မာအလုပ်သမားအေဂျင်စီ၊ မလေးရှားအလုပ်သမားအေဂျင်စီ၊ စက်ရုံတာဝန်ရှိသူများ၊ မလေးရှားအစိုးရမှ သက်ဆိုင်ရာတာဝန်ရှိသူ စသည်တို့ပါဝင်သော အလုပ်ရှင် (အလုပ်သမားအေဂျင်စီပါဝင်) အလုပ်သမား နှစ်နိုင်ငံအစိုးရ သုံးပွင့်ဆိုင်တွေ့ဆုံပြီး အလုပ်သမားအခွင့်အရေးဆိုင်ရာဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ မြန်မာအလုပ်သမားများ၏ အခက်အခဲများ၊ လုံခြုံဘေးကင်းမှု၊ ရေရှည်အာမခံချက် စသည်တို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မလေးရှားနိုင်ငံအရှေ့ခြမ်း ဆာဗား၊ ဆာရာဝပ် (Sabah , Sarawak) ဒေသ၊ ဘရူနိုင်းနိုင်ငံနှင့် အရှေ့မလေးရှား ဆက်သွယ်နေသော အာဆီယံတံတားဘေး မီရီမြို့အစွန်ရှိ သဘော်ကျင်းတွင် သွားရောက်လုပ်ကိုင်နေသော မြန်မာအလုပ်သမား စုစုပေါင်း ၉၇ ဦးမှာ အင်ဒိုနီးရှားနိုင်ငံသားအလုပ်သမားများ၏ ရန်ပြုမှုများကြောင့် ပိတ်မိနေကြရပြီး မြန်မာအလုပ်သမား ၉၇ ဦးကို မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံးက သံအရာရှိများနှင့် အလုပ်သမားအေဂျင်စီမှ ကိုယ်စားလှယ်များက ယင်းကဲ့သို့သော အစီအစဉ်များ စီစဉ်ဆောင်ရွက်ထားရှိကြောင်း မလေးရှားရောက် မြန်မာများ၏ ပြောကြားချက်အရ သိရသည်။

စိုးဝင်း(SP)

အိုင်တီနှင့်မိုဘိုင်းနည်းပညာပြပွဲ မုံရွာမြို့၌ကျင်းပ

မုံရွာ ဒီဇင်ဘာ ၂၉

မုံရွာမြို့ မြို့တော်ခန်းမတွင် ဒီဇင်ဘာ ၂၇ ရက်မှ ၂၉ ရက်အထိ နဝမအကြိမ်မြောက် အိုင်တီနှင့် မိုဘိုင်းနည်းပညာပြပွဲ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်အသင်းဥက္ကဋ္ဌ ဦးဇော်ဇော်မိုးက ပြပွဲကျင်းပရခြင်းအကြောင်းနှင့် ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာနဝန်ကြီး ဦးစိန်မောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်အသင်းဥက္ကဋ္ဌ ဦးဇော်ဇော်မိုးနှင့်ပညာရှင် အသင်းဥက္ကဋ္ဌ ဒေါ်ယုယုကြွယ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်အသင်းနှင့် ပညာရှင်အသင်းတို့မှ အသင်းဝင်များအနေဖြင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာဟောပြောပွဲများ၊ နိုင်ငံတကာအသိအမှတ်ပြု စာမေးပွဲများ၊ အခမဲ့သင်တန်းများ၊ နည်းပညာပြပွဲများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ အိုင်တီကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်ကလည်း အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည်။ ကွန်ပျူတာအသင်းများကလည်း တတ်နိုင်သည့်ဘက်မှ ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ထိုသို့ နည်းပညာဖွံ့ဖြိုးတိုးတက်အောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်းသည် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှု၊ အသင်းသူအသင်းသားများ၏ ပူးပေါင်းပါဝင်မှုတို့ကြောင့် ဖြစ်ကြောင်း ဦးဇော်ဇော်မိုးက ပြောကြားသည်။

မျိုးဝင်းထွန်း(မုံရွာ)

မိုးညှင်းခုတင် ၁၀၀ ဆံ့ဆေးရုံ၌ အများပြည်သူသုံးရေသန့်စက်တပ်ဆင်မည်

မိုးညှင်း ဒီဇင်ဘာ ၂၉

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ခုတင် ၁၀၀ ဆံ့ဆေးရုံ၌ အများပြည်သူသုံး ရေသန့်စက် တပ်ဆင်တည်ဆောက်မည့်နေရာကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၁၁ နာရီက မိုးညှင်းမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်စိုးလေး၊ ကချင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းတင်အောင်၊ မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖေသောင်းတို့သည် ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ယု၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီအတွင်းရေးမှူး ဦးဝင်းမြင့်ဦး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဝင်းလေးတို့နှင့်အတူ ကွင်းဆင်းကြည့်ရှုရာ ခရိုင်ဆေးရုံအုပ် ဒေါက်တာဝင်းဝင်းဌေးက လုပ်ငန်းအစီအစဉ်ကို ရှင်းလင်းတင်ပြပြီး မြေနေရာရွေးချယ်အတည်ပြုကြသည်။

အဆိုပါ အများပြည်သူသုံးရေသန့်စက်ကို ၂၀၁၃-၂၀၁၄ ခုနှစ် ပြည်ထောင်စုလွှတ်တော်၏ ခွင့်ပြုရန်ပုံငွေကျပ် ၄၃၀၂၇၄၀ ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ကလေးအထူးကုဆရာဝန် ဒေါက်တာချိုချိုအေးက မိုးညှင်း ခုတင် ၁၀၀ ဆံ့ဆေးရုံ၌ မွေးကင်းစကလေးငယ်အား အငွေ့ဓာတ်ပေးကိရိယာ လိုအပ်မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ မိုးညှင်းမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်စိုးလေးက ငွေကျပ် နှစ်သိန်းငါးသောင်း၊ ဖားကန့်မြို့နယ် ဟောင်ပါးကျေးရွာမှ ဦးချစ်ထွေးက ငွေကျပ် ငါးသိန်း၊ မိုးညှင်းမြို့ နတ်ကြီးကုန်း(ရှမ်းပိုင်း)ရပ်ကွက်မှ စိုင်းအောင်သန်းလေးက ငွေကျပ် နှစ်သိန်းငါးသောင်း စုစုပေါင်းငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ကေဆိုင်းနော်(ဖားကန့်)

ပြင်ဦးလွင်၌ လွတ်လပ်ရေးနေ့အထိမ်းအမှတ် စစ်တုရင်ပြိုင်ပွဲကျင်းပ

ပြင်ဦးလွင် ဒီဇင်ဘာ ၂၉

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့တွင် (၆၆)ကြိမ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စစ်တုရင်ပြိုင်ပွဲကို ရပ်ကွက်ကြီး(၄) ဝိုင်အမ်ဘီအေခန်းမ၌ ကျင်းပလျက်ရှိသည်။ **(အပေါ်ပုံ)**

ပြိုင်ပွဲကို လူသစ်တန်း တစ်ဦးချင်းပြိုင်ပွဲ၊ အလွတ်တန်း တစ်ဦးချင်းပြိုင်ပွဲ၊ အလွတ်တန်း အသင်းလိုက်ပြိုင်ပွဲဟူ၍ အမျိုးအစားသတ်မှတ်ကျင်းပပြီး ဒီဇင်ဘာ ၂၈ ရက်မှစတင်၍ ယှဉ်ပြိုင်ကာ ဇန်နဝါရီ ၄ ရက်အထိ ဗိုလ်လုပွဲများနှင့် ဆုပေးပွဲများ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ကြည့်ရှုအားပေး

ပြိုင်ပွဲသို့ မြို့နယ်မှ တာဝန်ရှိသူများ၊ အားကစားသမားများ၊ စစ်တုရင်ဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးလျက်ရှိကြောင်း သိရသည်။

သက်နိုင်(ပြင်ဦးလွင်)

မြန်မာ့အလင်း

စာတည်းထံပေးစာများ

လူနေရပ်ကွက်အတွင်းမှ နွားခြံရွှေ့ပေးစေလို

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ဥပ္ပါတ်ု ရပ်ကွက် မြဝတီ(၂)လမ်း လူနေအိမ်တစ်ခုတွင် နွား ၁၀ ကောင်ကျော် မွေးမြူထားရာ လမ်းထဲတွင် နေ့စဉ်နွားအုပ်ကြီး အဝင်အထွက်ပြုနေသဖြင့် လမ်းပျက်စီးနိုင်ခြင်း၊ စက်ဘီး၊ ဆိုက်ကား၊ ဆိုင်ကယ်များ သွားလာရေးနှောင့်နှေးခြင်း၊ ကလေးသူငယ်များ အန္တရာယ်ရှိခြင်း၊ နွားအညစ်အကြေးများကို ကောင်းစွာသန့်စင်ခြင်းမရှိဘဲ အိမ်ရှေ့မြောင်းထဲချထားသဖြင့် အနံ့ဆိုးများ ထုတ်လွှတ်လျက်ရှိရာ ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် လမ်းသူလမ်းသားများ ကျန်းမာရေးထိခိုက်မှုများ ရှိပါသဖြင့် သင့်လျော်ရာနေရာသို့ ပြောင်းရွှေ့မွေးမြူစေလိုကြောင်း စာတည်းထံပေးစာမှတစ်ဆင့် သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ ပေးပို့တင်ပြပါသည်။ **လမ်းသူလမ်းသားများ**

စည်းကမ်းမဲ့ဈေးသည်များ တားဆီးပေးပါ

ဖျာပုံမြို့ ပထမလမ်း သီရိရတနာဈေးမှစ၍ သီရိမင်္ဂလာဈေးကြီးအထိ ပလက်ဖောင်းပေါ်တွင် ကျူးကျော်ဈေးရောင်းခြင်း၊ မြောင်းကျော်ဈေးရောင်းခြင်း၊ ဈေးဘေးလမ်းများ၌ မြောင်းကျော်ဈေးရောင်းခြင်း၊ စက်ဘီးဆိုင်ကယ်ရပ်နားရာကို သီရိမင်္ဂလာဈေးကြီးရှေ့ လမ်းနှစ်ဖက်စလုံး၌ ခွင့်ပြုထားခြင်း၊ ဆိုင်များမှ စည်ပင်လမ်းပေါ်တွင် အကာများ၊ သွပ်ဆူးကြိုးအကာများချထားခြင်း၊ လမ်းပေါ် ဈေးကျူးကျော်ရောင်းခြင်းတို့ကြောင့် ယာဉ်ကြောပိတ်ဆို့မှုများဖြစ်ပွားပြီး ယာဉ်တိုက်မှုအန္တရာယ်ဖြစ်ပေါ်ခြင်း၊ အန္တရာယ်ကင်းစွာ ပလက်ဖောင်းပေါ်မှ လမ်းလျှောက်၍မရခြင်းတို့ ဖြစ်ပေါ်နေပါသည်။

ထို့အပြင် ဈေးကြီးအတွင်း၌ ဆိုင်များမှ လူသွားလမ်းပေါ် ပစ္စည်းများခင်းကျင်းရောင်းချခြင်းကြောင့် ဈေးဝယ်ယူသူများအတွက် လမ်းလျှောက်၍မရခြင်းတို့ ဖြစ်ပေါ်နေပါသည်။ သို့ဖြစ်ပါ၍ စည်းကမ်းမဲ့ဈေးရောင်းသူများ၊ ပြည်သူပိုင်နေရာများကို ပိတ်ဆို့ရောင်းချနေကြသူများကို သက်ဆိုင်ရာမှ အရေးယူပေးနိုင်ပါရန် စာတည်းထံပေးစာမှ တင်ပြအပ်ပါသည်။ **ဖျာပုံသား**

အနံ့အသက်ဆိုးရွားသည့်အမှိုက်ပုံ ဖယ်ရှား

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် တာမွေကြီး (ခ)ရပ်ကွက် မာလာနွယ်လမ်းသွယ် အထက(၃)ကျောင်းရှေ့ GL ဓာတ်ဆီဆိုင် နောက်ဖေးလမ်းအတွင်း လူမြင်မကောင်းအောင် တောင်လိုပုံနေသည့် အမှိုက်များမှ ထွက်လာသော အညစ်အကြေးနှင့် အနံ့ဆိုးများကို တာမွေအထက(၃)ကျောင်းမှ ဆရာဆရာမနှင့် ကျောင်းသား ကျောင်းသူများ နေ့စဉ်နှင့်အမျှ ရှူရှိုက်ပြီး စာသင်နေရခြင်း၊ ၎င်းပတ်ဝန်းကျင်တွင် နေထိုင်သော သက်ကြီးရွယ်အိုများ၊ ကလေးများ ကျန်းမာရေးထိခိုက်ခြင်းတို့ တွေ့ကြုံနေပါသည်။

ထိုအမှိုက်ပုံသည် မြို့အင်္ဂါရပ်နှင့်မညီခြင်း၊ လူနေပတ်ဝန်းကျင်နှင့် ကျောင်းနေကလေးများ၏ ကျန်းမာရေးကို ထိခိုက်နိုင်ခြင်း၊ မီးဘေးအန္တရာယ် စိုးရိမ်ရခြင်းအတွက် ယင်းအမှိုက်ပုံကို အမြန်ဆုံး ပြောင်းရွှေ့ပေးစေလိုပါသည်။ အမှိုက်ပုံကို ဖယ်ရှားရှင်းလင်းရန်အတွက် တာဝန်ရှိသူများထံသို့ တင်ပြထားပြီးဖြစ်သော်လည်း လာရောက်ဆောင်ရွက်ခြင်းမရှိသည့်အတွက် စာတည်းထံပေးစာမှတစ်ဆင့် တင်ပြလိုက်ရပါသည်။ **ကျိုက္ကဆံအိမ်ရာမိသားစုဝင်များ**

အမှိုက်များ ပစ်မချစေလိုပါ

ပန်းဘဲတန်းမြို့နယ် အနော်ရထာလမ်း လမ်း ၃၀ နှင့် မောင်ထော်လေးလမ်းကြားရှိ Ruby တိုက်တွင် ခွင့်ပြုချက်မဲ့ ပြတင်းပေါက်ဖောက်၍ တိုက်ပေါ်မှ နောက်ဖေးဘက်ရှိ လမ်း ၃၀ အမှတ်(၁၇၀)တိုက်ခေါင်မိုးပေါ်သို့ အမှိုက်များ ပစ်ချခြင်း၊ ခိုစာကျွေးခြင်း၊ အုတ်ခဲကျိုးများပြုတ်ကျခြင်းတို့ကြောင့် ခေါင်မိုးများပျက်စီး၍ လူမှုဒုက္ခခံစားနေရသဖြင့် သက်ဆိုင်ရာက အရေးယူဆောင်ရွက်ပေးနိုင်ပါရန် စာတည်းထံပေးစာမှတစ်ဆင့် တင်ပြလိုက်ရပါသည်။

အမှိုက်ပစ်ချသည့်ဒဏ်ခံစားရသူများ

ကိုယ့်အားကိုယ်ကိုး ဆိပ်ခံတံတားတည်ဆောက် ဒေသခံပြည်သူများသွားလာရေးအဆင်ပြေ

ဟိုင်းကြီးကျွန်း ဒီဇင်ဘာ ၂၉

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့နယ်ခွဲ မြို့သစ်ကျေးရွာအုပ်စု ကန့်ဘလာကျေးရွာတွင် သင်္ဘောများဆိုက်ကပ်နိုင်ရန်အတွက် ဆိပ်ခံတံတားတည်ဆောက်ရေးလုပ်ငန်းကို ကန့်ဘလာကျေးရွာ ဇေယျဝံသကျောင်းတိုက် ပဓာနနာယကဆရာတော် အရှင်အာစရိယ၏ ဦးဆောင်မှု၊ ဒေသခံပြည်သူများ၏ လုပ်အားလှူဒါန်းမှုများဖြင့် ဆောင်ရွက်လျက်ရှိပြီး ဆိပ်ခံတံတား၏ အရှည်မှာ အလျား ပေ ၅၀၊ အနံ ၈ ပေရှိကြောင်း၊ သံကူကွန်ကရစ်အမျိုးအစားဖြစ်ကြောင်း၊ ဒီဇင်ဘာ ၂၇ ရက် အထိ တည်ဆောက်ပြီးစီးမှုအခြေအနေမှာ ၇၅ ရာခိုင်နှုန်းခန့်ရှိကြောင်း၊ လက်ရှိကုန်ကျငွေမှာ ကျပ်သိန်း ၁၀၀ ရှိပြီး တံတားဆောက်လုပ်မှု ရာနှုန်းပြည့်ပြီးစီးရန်အတွက် ကျပ်သိန်း ၅၀ ခန့် ထပ်မံကုန်ကျနိုင်ကြောင်းနှင့် ဒေသခံပြည်သူများ ခရီးသွားလာရေး ပိုမိုအဆင်ပြေချောမွေ့လာမည်ဖြစ်ကြောင်း မြို့သစ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးအဖွဲ့ထံမှ သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်း

(Comprehensive Education Sector Review)

မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာန

ယခင်လမှအဆက်

ပညာရေးကဏ္ဍ ဘဏ္ဍာငွေသုံးစွဲမှုအား လေ့လာဆန်းစစ်ခြင်း

ပညာရေးကဏ္ဍ ဘဏ္ဍာငွေသုံးစွဲမှုကို လေ့လာဆန်းစစ်ခြင်း၏ အဓိက လေ့လာဆန်းစစ်တွေ့ရှိချက်များမှာ (က)မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍတွင် လက်ရှိသုံးစွဲနေသော အသုံးစရိတ်မှာ အာဆီယံနိုင်ငံများနှင့်နှိုင်းယှဉ်လျှင် နည်းပါးနေသေးကြောင်းတွေ့ရှိရခြင်း၊ (ခ) ပမာဏနည်းသော ပညာရေး ဘတ်ဂျက်အပေါ် ဘတ်ဂျက်ခေါင်းစဉ်အလိုက် ခွဲဝေသုံးစွဲရာတွင်လည်း ထိရောက်သော ဘတ်ဂျက်ခွဲဝေမှုစနစ် အားနည်းကြောင်းတွေ့ရခြင်း၊ (ဂ) မြန်မာနိုင်ငံ အိမ်ထောင်စု စားဝတ်နေရေးအခြေအနေဘက်စုံလေ့လာမှုစစ်တမ်း (၂၀၀၉-၂၀၁၀ ခုနှစ်) အရ ဝင်ငွေများသည့်မိသားစုသည် ဝင်ငွေနည်းသော မိသားစု များထက် ပညာရေးအတွက် အသုံးစရိတ်ပါဝင်မှု အချိုးပိုမိုမြင့်မားနေခြင်း၊ ဝင်ငွေနည်းသောမိသားစုမှ ကလေးငယ်များအတွက် ပညာဆက်လက်သင်ယူရန် ပညာရေးအသုံးစရိတ်သည် အဟန့်အတားအခက်အခဲဖြစ်နေမှုများတွေ့ရ ခြင်း၊ (ဃ) ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ပညာရေးဘတ်ဂျက်တိုးလာခြင်းမှာ အားတက်ဖွယ်ကောင်းသော်လည်း ထိရောက်သော ဘဏ္ဍာရေးစီမံခန့်ခွဲမှုဖြင့် ဆောင်ရွက်ရန်လိုအပ်ကြောင်း တွေ့ရခြင်း၊ (င) ကျောင်းသားများ၏ သင်ယူ တတ်မြောက်မှုရလဒ်ဆိုင်ရာ အချက်အလက်များမရရှိခြင်းက ပညာရေးကဏ္ဍ ဘဏ္ဍာငွေသုံးစွဲမှု၏ ထိရောက်မှုကို ဆန်းစစ်ရန် ကြီးမားသော အသိပညာကွာဟ ချက်အဖြစ်တွေ့ရခြင်း၊ (စ) အနာဂတ်တွင် ပညာရေးကဏ္ဍ ဘဏ္ဍာငွေအရင်း အမြစ်များ ပိုမိုများပြားလာဖွယ်ရှိသော်လည်း ပိုမိုကောင်းမွန်သော သင်ယူတတ် မြောက်မှုရလဒ်များကို ဖြစ်ထွန်းစေမည်ဟု တပ်အပ်ပြော၍မရနိုင်ကြောင်း လေ့လာဆန်းစစ်တွေ့ရှိခြင်းတို့ ဖြစ်ပါသည်။

ဦးစားပေးဆောင်ရွက်ရန်ထောက်ခံအကြံပြုချက်များမှာ (က) အခြေခံပညာ ရေးကဏ္ဍတွင် လိုအပ်ချက်ရှိသော ကျောင်းသားများကို ဦးတည်ပံ့ပိုးနိုင်မည့် နည်းဗျူဟာများရှာဖွေနိုင်ရန်အတွက် ပညာရေးတွင် ပါဝင်သူများ အသီးသီး (အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ရှေးဦးကလေးသူငယ်ဖွံ့ဖြိုးရေးအတွက် ပံ့ပိုးသူများအပါအဝင် ဖွံ့ဖြိုးမှုအတွက် ပူးပေါင်းဆောင်ရွက်သည့်အဖွဲ့အစည်း များ)နှင့် မူဝါဒဆိုင်ရာဆွေးနွေးခြင်းများ စတင်ဆောင်ရွက်ရန်၊ (ခ)ယူနီဆက်၏ ပံ့ပိုးမှုဖြင့်ဆောင်ရွက်နေသည့် မြို့နယ်အဆင့် ပညာရေးစီမံခန့်ခွဲမှု သတင်း အချက်အလက်စနစ်လုပ်ငန်းများကို အခြားမြို့နယ်များသို့ တိုးချဲ့နိုင်မည့် နည်းလမ်းများရှာဖွေရန်နှင့် ပညာရေးဝန်ကြီးဌာန၊ ပညာရေးနှင့် ဆက်စပ်သော ဝန်ကြီးဌာနများမှ ဘဏ္ဍာဝန်ထမ်းများအား BOOST database ကဲ့သို့ ဘဏ္ဍာ ရေးဆိုင်ရာ နည်းပညာဆိုင်ရာသင်တန်းများကို ဖွံ့ဖြိုးမှုအတွက် ပူးပေါင်း ဆောင်ရွက်သည့် အဖွဲ့အစည်းများ၏ ပံ့ပိုးမှုဖြင့် ဆောင်ရွက်ပေးရန်၊ (ဂ) အနာဂတ်တွင် ပညာရေးကဏ္ဍဘတ်ဂျက်ပိုမိုများလာသည်နှင့်အမျှ နှစ်စဉ် ချထားသည့် ဘတ်ဂျက်နှင့် တည်ရှိနေသော မူဝါဒ/နည်းဗျူဟာလမ်းညွှန်ချက် များအကြား ပိုမိုချိတ်ဆက်မှုရှိအောင် ဆောင်ရွက်ရန်၊ (ဃ) အနာဂတ်ပညာ ရေးကဏ္ဍ၏ ဘတ်ဂျက်ခွဲဝေသုံးစွဲမှု ပိုမိုထိရောက်အောင် ဆောင်ရွက်ရန် အတွက် လစာငွေအပြင် အခြားသာမန်အသုံးစရိတ်ခေါင်းစဉ်များသို့လည်း ကောင်း၊ ဝင်ငွေနည်းသောမိသားစုများမှ ကျောင်းသား ကျောင်းသူများအတွက် ဦးတည်ပံ့ပိုးသည့် အစီအစဉ်များသို့လည်းကောင်း၊ မူကြိုပညာရေးနှင့် မူလတန်း ပညာရေးကဏ္ဍများသို့လည်းကောင်း ဘတ်ဂျက်ပိုမိုချထားရန်၊ (င)ကျောင်းသား များ သင်ယူတတ်မြောက်မှုကိုမြင့်မားစေရန် အထောက်အကူပြုစေသော နိုင်ငံ တကာတွင် ဆောင်ရွက်နေသည့်လုပ်ငန်းများနှင့် အတွေ့အကြုံများကို မျှဝေရန် အတွက် အလုပ်ရုံဆွေးနွေးပွဲများကို မူဝါဒဆိုင်ရာဆုံးဖြတ်ချက်ချသော အဆင့်မြင့် အရာရှိကြီးများနှင့်ဆောင်ရွက်ရန်၊ (စ) ကုန်ကျစရိတ်လျာထားချက်ပါဝင်သည့် ပညာရေးစီမံကိန်းအသစ်ရေးဆွဲရာတွင် ပညာရေးကဏ္ဍအသုံးစရိတ်ကို လုံလောက်အောင် များများနှင့်မြန်မြန် မြှင့်တင်နိုင်မည့် နည်းဗျူဟာများ ထည့်သွင်းရေးဆွဲရန်၊ ထို့ပြင် ထပ်မံချထားလိုက်သည့် အသုံးစရိတ်များကို ရလဒ်အကောင်းဆုံးဖြစ်စေမည့်လုပ်ငန်းများသို့ ဦးတည်ချထားရန်တို့ ဖြစ်ပါ သည်။

မြန်မာနိုင်ငံရှိ ပညာရေးကဏ္ဍ ဘဏ္ဍာငွေသုံးစွဲမှုကို လေ့လာသုံးသပ်ရန် အတွက် ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန ၁၀ ခု၏ ဘတ်ဂျက်နှင့် အသုံးစရိတ်ဆိုင်ရာ အချက်အလက်များကိုသာ ကောက်ခံရရှိခဲ့သော်လည်း ပညာရေးနှင့်ဆက်စပ်နေသော အခြားဝန်ကြီးဌာနများ၏ ဘတ်ဂျက်နှင့် အသုံး စရိတ်ဆိုင်ရာ အချက်အလက်များကောက်ခံဆောင်ရွက်နိုင်ခြင်းမရှိခဲ့၍ ဘက်စုံ လွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်းအဆင့်(၂)တွင် ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ အလားတူ တက္ကသိုလ်၊ ကောလိပ် အလိုက်၊ ဘာသာရပ်အလိုက် ကျောင်းသားဆိုင်ရာ စာရင်းအချက်အလက်များ၊ အခြေခံပညာဦးစီးဌာနများအောက်ရှိ မြို့နယ်များ၏ ပညာရေးအသုံးစရိတ်နှင့် ကျောင်းသားစာရင်းများကိုလည်း ပြည့်စုံလုံလောက်စွာမရရှိခဲ့ခြင်း၊ ကျောင်း သားများ၏ သင်ယူတတ်မြောက်မှုရလဒ်ဆိုင်ရာ အချက်အလက်များမရရှိခဲ့ခြင်း တို့ကြောင့် ဘဏ္ဍာငွေသုံးစွဲမှုမှာ မည်မျှထိရောက်ကောင်းမွန်ပါကြောင်း လေ့လာ ဆန်းစစ်ရန် အသိပညာကွာဟချက်အဖြစ်ရှိခဲ့ပါသဖြင့် ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်းအဆင့်(၂)တွင် ဆက်လက်ဆောင် ရွက်လျက်ရှိပါသည်။

(ဆက်လက်ဖော်ပြပါမည်)

တပ်မတော်မသန်စွမ်းအားကစားသမားများသို့ အောင်နိုင်သူသမဝါယမအသင်းလီမိတက်မှ အလှူငွေပေးအပ်လှူဒါန်း

နေပြည်တော် ဒီဇင်ဘာ ၂၉

(၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် တပ်မတော်မသန်စွမ်းအားကစားသမားများသို့အောင်နိုင်သူသမဝါယမအသင်းလီမိတက်မှ အလှူငွေကျပ်သိန်း ၁၀၀ ပေးအပ်လှူဒါန်းပွဲကို နေပြည်တော် ဇမ္ဗူသီရိဟိုတယ် အစည်းအဝေးခန်းမ(၂)၌ ဒီဇင်ဘာ ၂၈ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

တက်ရောက်

အလှူငွေပေးအပ်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများအားကစားပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဇော်ဝင်း၊ မြန်မာနိုင်ငံမသန်စွမ်းသူများအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်နေလင်း၊ အလှူရှင် အောင်နိုင်သူသမဝါယမအသင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီးသန်းတင်(ငြိမ်း)နှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်နေလင်းက အမှာစကားပြောကြားပြီး အလှူရှင်ဗိုလ်မှူးကြီးသန်းတင်(ငြိမ်း)က အလှူငွေပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ အလှူငွေကျပ်သိန်း ၁၀၀ ကို မြန်မာနိုင်ငံမသန်စွမ်းသူများအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်နေလင်းထံသို့ ပေးအပ်လှူဒါန်းခဲ့ပြီး **(အပေါ်ပုံ)**မသန်စွမ်းသူများအားကစားပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

(၇)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲကို နေပြည်တော်တွင် ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၄ ရက်မှ ၂၀ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌အားကစားနည်း ၁၂ နည်းဖြင့် ကျင်းပမည်ဖြစ်ပြီး အရှေ့တောင်အာရှ ၁၁ နိုင်ငံမှ အားကစားသမား ၁၁၂၀ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး မြန်မာမသန်စွမ်းအားကစားအသင်းအနေဖြင့် အုပ်ချုပ်သူ/နည်းပြအားကစားသမား ၂၆၈ ဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကာ အဆိုပါအားကစားအဖွဲ့တွင် တပ်မတော်မသန်စွမ်းအားကစားသမား ၉၆ ဦး ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။ **မင်းမင်းလတ် (မန်းတက္ကသိုလ်)**

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ မြေကွက် အမှတ် ၃၂၇(ခ)၊ ဧရိယာအကျယ်အဝန်း ပေ(၆၀×၂၀)၊ ၁၂၀၀ စတုရန်းပေရှိသော နှစ် ၆၀ မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ကောလိယ ၃၀လမ်း၊ အမှတ် ၃၂၇(ခ) ဟုခေါ်တွင် သော နေအိမ်အဆောက်အအုံအပါအဝင် ဆက်နွယ်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်များ အားလုံးတို့အား တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာသူ ဒေါ်သန်းသန်းအေး ၁၀/မလမ(နိုင်)၀၁၁၄၆၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ် အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးစိန်ဝင်း (စဉ်-၆၀၈၂)
B.A, H.G.P, C.B.L, D.B.L, D.M.L ဥပဒေအကျိုးဆောင်
အမှတ် ၁၀/၁၂၊ ပထမထပ် (အေ-၅)၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၅၀၇၀၆၇၇၊ ၀၉-၇၃၂၀၇၅၂၅

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက် (၄)၊ လူနေရပ်ကွက် (ကံဘဲ့)၊ မြေကွက်အမှတ် (၇၉)၊ အကျယ်အဝန်း ၀ဒသမ၁၁၂၈ကေရှိ နှစ် ၆၀ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၁၃၊ သုခိတာလမ်း၊ (၁၅)ရပ်ကွက်၊ ရန်ကင်းမြို့နယ်ဟုခေါ်တွင်သော တစ်ထပ်အုတ်ညှပ်အိမ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်လိပ်စာမြေကွက်နှင့်နေအိမ်ကို အမည်ပေါက် ဒေါ်ထိန်ဘိုင်းဂျာဆင် ၁/မကန(နိုင်) ၀၅၃၀၇၀ထံမှ ဝယ်ယူရန် ကျွန်ုပ်တို့၏ မိတ်ဆွေမှစရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ယင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောအထောက်အထားများဖြင့်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား အပြီးသတ်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဘူမောင် LL.B (စဉ်-၂၂၇၄၇)၊ ဒေါ်နှင်းပွင့်သန်း LL.B (စဉ်-၂၇၀၇၅)
လင်း အိမ်၊ ခြံ၊ မြေ၊ တိုက်ခန်းအကျိုးဆောင် အထက်တန်းရှေ့နေများ
အမှတ် (၅/၁၁) မြေညီ၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၅၅၁၆၅၉၊ ၀၉-၅၁၁၈၀၀၇၊ ၀၉-၄၀၂၅၉၄၃၄၇

သတိပေးနှိုးဆော်ချက်

နေပြည်တော်ကောင်စီနယ်မြေအတွင်း မော်တော်ဆိုင်ကယ်စီးနင်းသူများ သည် ဦးထုပ်မဆောင်းခြင်း၊ နှစ်ဦးအထက် စီးနင်းခြင်းများကြောင့် ယာဉ် မတော်တဆမှုများဖြစ်ပွားရာတွင် သေဆုံးကြရသည်ကို စိစစ်တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ နေပြည်တော်ကောင်စီနယ်မြေအတွင်း မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ဆောင်းလျှင် မေးသိုင်းကြိုးခိုင်ခံ့စွာ တပ်ဆင်ရန်နှင့် နှစ်ဦးထက်ပိုမစီးကြရန် သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ပြည်တွင်းသတင်း

ရေစကြိုမြို့နယ်တွင် ကြက်သွန်နီအထွက်နည်းသော်လည်း ဈေးနှုန်းများကျ

ရေစကြို ဒီဇင်ဘာ ၂၉

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် အလယ်ကြောကျေးရွာအုပ်စုတွင် ဆောင်းသီးနှံ ခရမ်း၊ ငရုတ်၊ ကြက်သွန်၊ ကန်စွန်း၊ ဖူးစားပြောင်း၊ နွားစာပြောင်း၊ CPပြောင်း၊ မြေပဲ၊ ကုလားပဲ၊ ပဲလွန်း၊ ပဲဇီးကွက်စသည့် ဆောင်းသီးနှံများကို စိုက်ပျိုးထုတ်လုပ်သည့် ဒေသဖြစ်ကြောင်း လေ့လာသိရှိရသည်။

ယခုအခါ စိုက်ခင်းများအတွင်း ရေသွင်းသူကသွင်း၊ ကြက်သွန်ဖော်သူကဖော်၊ ပေါင်းလိုက်သူကလိုက်နှင့် စိုက်ခင်း စိမ်းစိမ်းစိုစိုများအကြား တောင်သူတွေအလုပ်များလျက် ရှိနေကြသည်ကိုတွေ့မြင်ရသည်။ နုတ်ပြီး ကြက်သွန်များကို လှည်းပေါ်သို့ တင်နေသောတောင်သူကြီးက "မြစ်ရေကျတာသေချာပြီဆိုမှ ကျွန်တော်တို့ ဒေသကစိုက်ရတော့ ကြက်သွန်က ဈေးကောင်းမရဘူး။ အခုဆို တစ်ပိဿာ ငွေကျပ် ၆၀၀၊ ၇၀၀ ဈေးပဲရတယ်။ စောစောစိုက်ပျိုးလို့ရတဲ့ ဇီးကုန်းကွင်းကတော့ တစ်ပိဿာ ငွေကျပ် ၁၀၀၀၊ ၁၂၀၀ ဈေးအထိ ရကြတယ်။ ကျွန်တော်တို့ဒေသမှာ ကြက်သွန်ကလည်း ဒီနှစ် မထွက်ဘူး။ မိုးနှောင်း မိုးကောင်းလွန်းလို့ မြေတွေကျစ်ပြီး ကြက်သွန်ဥတွေက ပုံမှန်လို ဝိုင်းဝိုင်းကြီးကြီးမဥတော့ဘဲ ပိန်ပိန်လိမ်လိမ်နဲ့ ဥကလည်းသေးတော့ အထွက်နှုန်းလျော့သွားတယ်။ ရာသီဥတုကောင်းတဲ့နှစ်ဆိုရင် တစ်ဧကပိဿာ ၂၅၀၀၊ ၃၀၀၀ ကျော်ဆိုတာပြေးမလွတ်ဘူး။ ဒီနှစ်တော့ တစ်ဧကပိဿာ ၁၈၀၀၊ ၂၀၀၀ ဝန်းကျင်လောက်တော့ထွက်မှာပါ။ အရင်းမရှုံးပေမယ့် အကျိုးအမြတ်တော့ နည်းသွားတာပေါ့" ဟု တောင်သူကြီး ဦးဘိုးကြင်ကပြောပြသည်။

တောင်သူလုပ်ငန်းဖြစ်သော စိုက်ရေး၊ ပျိုးရေးသည် မြေ၊ ရေနှင့် မျိုးစေ့ ရှိရုံနှင့်မပြီး သဘာဝရာသီဥတုအပေါ် အမှီပြု၍ စိုက်ပျိုးရသောလုပ်ငန်းဖြစ်သည်။ သို့အတွက် သဘာဝပတ်ဝန်းကျင်စိမ်းစိုမှုတ သာယာလှပအောင် သစ်တောသစ်ပင်များကို ချစ်ခင်တန်ဖိုးထား၍ ပြုစုပျိုးထောင်ကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်သည်။

ဖေထွဏ်းဇော်(ရေစကြို)

ကမ္ဘောဇဘဏ်လီမိတက် ဆရာဇော်ဂျီစာကြည့်တိုက်သို့ ငွေကျပ် ၂၅ သိန်းလှူဒါန်း

ဖျာပုံ ဒီဇင်ဘာ ၂၉

ကမ္ဘောဇဘဏ်လီမိတက်(၁၃၂) ဘဏ်မြောက် ဖျာပုံဘဏ်ခွဲဖွင့်လှစ်ခြင်း အထိမ်းအမှတ်အဖြစ် ဖျာပုံမြို့ ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက် ဝင်းအတွင်း၌ ဆောက်လုပ်ဆဲဖြစ်သောတိုးချဲ့ဆောင်သစ်အတွက် အလှူငွေကျပ် ၂၅ သိန်း ပေးအပ်လှူဒါန်းပွဲကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၇ နာရီ က အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

အလှူငွေပေးအပ်ပွဲတွင် စာကြည့်တိုက် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမြင့်အောင် (စာရေးဆရာဖိုးအောင်လေး)က ကျေးဇူးတင်စကားပြောကြားပြီး ကမ္ဘောဇဘဏ်လီမိတက်ကိုယ်စား ဖျာပုံဘဏ်ခွဲ မန်နေဂျာ ဒေါ်အေးအေးအောင်က အလှူငွေကျပ် ၂၅ သိန်း ပေးအပ်လှူဒါန်းရာ ဖျာပုံခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီလင်း၊ စာကြည့်တိုက်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဝေမြင့်နှင့် အဖွဲ့ဝင်ဦးသိန်းထွန်း(ခ) ဦးပေါက်တို့က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အဆိုပါ တိုးချဲ့ခန်းမဆောင်သစ်သည် အလျားပေ ၈၀၊ အနံ ၃၅ပေ၊ အမြင့် ၁၅ ပေ၊ တစ်ထပ်အဆောက်အအုံဖြစ်ပြီး ကျပ်သိန်းပေါင်း ၄၀၀ ခန့် ကုန်ကျမည်ဖြစ်သည်။ ယခုအခါ ၅၀ ရာခိုင်နှုန်းခန့် တည်ဆောက်ပြီးစီးနေပြီး ဆက်လက်ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက်သည် ဆရာဇော်ဂျီ၏ မွေးရပ်မြေ ဖျာပုံမြို့တွင်တည်ရှိပြီး ယခုအခါ စာကြည့်တိုက်တွင် သုတ၊ ရသစာအုပ်ပေါင်း ၂၀၀၀၀ ကျော်ကို စုဆောင်းထားနိုင်သည့်အပြင် လစဉ်ထုတ်မဂ္ဂဇင်း ၃၀၊ အပတ်စဉ်ထုတ်ဂျာနယ် ၃၀ နှင့်နေ့စဉ်ထုတ် သတင်းစာများကိုပါ အချိန်နှင့်တစ်ပြေးညီ အများပြည်သူဖတ်ရှုနိုင်အောင် စီစဉ်ထားရှိသည်။ ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက်တွင် စာကြည့်တိုက်အသင်းဝင် ဦးရေ ၂၀၀၀ ကျော်ရှိပြီး နေ့စဉ်စာအုပ်ငှားသူ စာဖတ်သူ ၂၀၀ ခန့်ဖြင့် စည်ကားလျက်ရှိကြောင်းနှင့် ဆက်သွယ်လိုပါက ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက် ဖုန်း-၀၄၅-၄၀၉၉၇၊ ဦးမြင့်အောင် ဖုန်း-၀၉-၃၆၂၁၃၃၆၆ နှင့် ဦးသိန်းထွန်း ဖုန်း-၀၉-၄၉၅၈၂၈၈၀ တို့သို့ဆက်သွယ်နိုင်ကြောင်း သိရသည်။

သူဇာနွယ်(ဖျာပုံ)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၉-၁၂-၂၀၁၃

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	တစ်ကျပ်သား	၆၅၀၅၀၀-၆၁၂၂၀၀
မန္တလေးရွှေဈေး	တစ်ကျပ်သား	၆၅၁၅၀၀-၆၁၃၂၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ပြင်ပငွေလဲပေါက်ဈေး)

အမေရိကန်	တစ်ဒေါ်လာ	၉၇၅-၉၈၈	ကျပ်
ဥရောပ	တစ်ယူရို	၁၃၃၈-၁၃၆၅	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၅-၇၈၉	ကျပ်
ထိုင်း	တစ်ဘတ်	၃၀. ၂-၃၀. ၅	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅. ၅-၁၆. ၂	ကျပ်
တရုတ်	တစ်ယွမ်	၁၅၇-၁၆၃	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၇၉-၃၀၀	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၉၂၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၄၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၁၀၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၆၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၅၀၀-၄၅၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၈၀၀-၃၈၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၄၇၀၀-၇၀၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၄၅၀၀-၇၀၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၁၀၀၀၀-၂၂၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၆၅၀၀-၁၇၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၄၅၀၀-၁၀၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀	ကျပ်
၁၀။အမဲ	တစ်ပိဿာ	၄၅၀၀-၈၀၀၀	ကျပ်
၁၁။ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀	ကျပ်

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စေ့ငုတင်ပြသည်။

Mister and Miss University Myanmar 2014
ပြည်တွင်းတက္ကသိုလ်များ၌ ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၉

မြန်မာပြည်တွင်းရှိ တက္ကသိုလ်များ၌ Mister and Miss University Myanmar 2014 ပြိုင်ပွဲကို ပထမအကြိမ်အဖြစ် ကျင်းပသွားမည်ဖြစ်ကြောင်း သန်လျင်နည်းပညာ တက္ကသိုလ်ခန်းမ၌ ကျင်းပသည့် ၂၀၁၃-၂၀၁၄ မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားနှင့် Mister & Miss TU Thanlyin 2014 အခမ်းအနားမှ သိရသည်။

အခမ်းအနားတွင် ပါမောက္ခချုပ်ကိုယ်စား အမှာစကားပြောကြားခဲ့သည့် သိပ္ပံနှင့်နည်းပညာဌာနမှ ပါမောက္ခဌာနမှူး ဒေါက်တာဝင်းဇော်က "အရင်နှစ်ကတော့ နှစ်စဉ်ကျောင်းတွင်းမှာပဲ မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားနဲ့အတူ Mister & Miss ပြိုင်ပွဲကို ကျင်းပခဲ့တယ်။ ဒီနှစ် ပိုပြီးထူးခြားတာက ယခုပွဲမှာ ရွေးချယ်ခံရမယ့် မောင်/မယ်တွေက ပြည်တွင်းတက္ကသိုလ်တွေ စုပေါင်းကျင်းပမယ့်ပြိုင်ပွဲမှာ ဆက်လက်ယှဉ်ပြိုင်ခွင့်ရမယ်။ ဆရာဆရာမတွေကလည်း စာသင်ခန်းသင်ကြားရေးသာမက ကျောင်းသားကျောင်းသူတွေဘဝအတွက် လိမ္မာရေးခြားရှိဖို့၊ မြော်မြင်တတ်ဖို့၊ အတူတူပူးပေါင်းပါဝင်ဆောင်ရွက်တတ်ဖို့ စီစဉ်ကွပ်ကဲမှုအပိုင်းမှာပါ ပါဝင်ဆောင်ရွက်တတ်စေဖို့ပါ သင်ကြားပေးရတာဖြစ်ပါတယ်။ ဒီလိုပြိုင်ပွဲ ကျင်းပတဲ့အတွက် တက္ကသိုလ်ကိုယ်စားပြု ကာယအလှမောင်မယ်တွေ ပေါ်ထွန်းလာစေမယ်။ ကျောင်းတွင်းလှုပ်ရှားမှုတွေမှာ ပါဝင်ခြင်းဖြင့် အချင်းချင်းစည်းလုံးမှု၊ ရင်းနှီးမှုတွေရရှိပြီး မိမိတက္ကသိုလ်ဖွံ့ဖြိုးတိုးတက်ရေးမှာ တစ်တပ်တစ်အားပါဝင်လာစေမယ်လို့ ယုံကြည်ပါတယ်"ဟု ဖြေကြားခဲ့သည်။

အဆိုပါ အခမ်းအနားကို ဒီဇင်ဘာ ၂၄ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ သန်လျင်နည်းပညာ တက္ကသိုလ်၌ ကျင်းပသည့် Mister & Miss University Myanmar 2014 အတွက် ဆန်ခါတင်ရွေးချယ်ပွဲတွင် ပြိုင်ပွဲဝင်ကျောင်းသား ၁၅ ဦး၊ ကျောင်းသူ ၁၄ ဦး ယှဉ်ပြိုင်ခဲ့ကြသည်။ ၎င်းတို့အနက်မှ ကျောင်းသားသုံးဦးနှင့် ကျောင်းသူသုံးဦး စုစုပေါင်း ခြောက်ဦးကို ရွေးချယ်ခဲ့ကြောင်း သိရသည်။ အခမ်းအနားတွင် အမှတ်ပေးဒိုင်များအဖြစ် မော်ဒယ်သိမ့်ဇေဝါချော၊ သရုပ်ဆောင် မိုးယံဇွန်နှင့် နိုင်ငံတကာအလှမယ် ထားထက်ထက်တို့က ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ထို Mister & Miss University Myanmar 2014 ပြိုင်ပွဲကို ဇန်နဝါရီလအတွင်း အဆင့်ဆင့်ရွေးချယ်ကျင်းပသွားမည်ဖြစ်ပြီး နောက်ဆုံးအဆင့်ပြိုင်ပွဲကို ဇန်နဝါရီလနောက်ဆုံးပတ်တွင် MCC ခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ ပြိုင်ပွဲကို Auguest Myanmar Media အဖွဲ့က ဦးစီးကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **မြတ်စန္ဒီသင်းဇော်**

ငပလီကမ်းခြေ၌ ဖိုးရာဇာစာကြည့်တိုက် ဖွင့်ပွဲကျင်းပ

သံတွဲ ဒီဇင်ဘာ ၂၉

သံတွဲမြို့နယ် ငပလီကမ်းခြေတွင် ဒီဇင်ဘာ ၂၈ ရက် နံနက် ၉ နာရီက ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမြင့်လှိုင်ကလှူဒါန်းသော ဖိုးရာဇာစာကြည့်တိုက်ဖွင့်ပွဲကို အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းဝေက အမှာစကားပြောကြားပြီး အလှူရှင် ဦးမြင့်လှိုင်က လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်မိုးအောင်က စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ဖိုးရာဇာစာကြည့်တိုက်ကို အလှူရှင်အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လှိုင်၊ သံတွဲခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းဝေ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်မိုးအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ယခု ဖွင့်လှစ်သော ဖိုးရာဇာစာကြည့်တိုက် အဆောက်အအုံမှာ ပေ (၅၀× ၂၀)ရှိ သွပ်မိုး၊ ပျဉ်ခင်းအဆောက်အအုံဖြစ်ကာ ငွေကျပ်သိန်း ၁၂၀ ကျော် အကုန်အကျခံ၍ အလှူရှင်က ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ **(ခရိုင် ပြန်/ဆက်)**

စာအုပ် စာပေ လူ့မိတ်ဆွေ

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

အထက(၂)တပ်ကုန်း မြတ်ဆရာပူဇော်ပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၉

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ မြဝတီရပ်ကွက် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း၌ ဒုတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

မြတ်ဆရာပူဇော်ပွဲတွင် အငြိမ်းစားယူခဲ့ကြသော ဆရာ ဆရာမကြီးများအား ကျောင်းသားဟောင်း ဦးမျိုးမင်း၊ ဦးသောင်းထိုက်တို့ကဦးစီး၍ ရှိခိုးကန်တော့ခဲ့ကြသည်။ ထို့နောက် လက်ဆောင်ဂါရဝပြုပစ္စည်းများကို ကန်တော့ခံဆရာ ဆရာမကြီး ၅၇ ဦးတို့ထံ ပေးအပ်ခဲ့သည်။

"ယခုအကြိမ်နဲ့ဆို ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲဖြစ်ပါတယ်။ နောင် နှစ်စဉ်နှစ်တိုင်း ဆက်လက်ကျင်းပသွားဖို့ စီစဉ်ထားပါတယ်။ အနာဂတ်ကျောင်းသားများအနေနဲ့လည်း မြတ်ဆရာများရဲ့ကျေးဇူးကို အောက်မေ့သတိရနေစေဖို့ ရည်ရွယ်ပါတယ်။ ကျောင်းသားဟောင်းများကလည်း မိမိတို့ကိုသင်ကြားပေးခဲ့တဲ့ မြတ်ဆရာတွေရဲ့ကျေးဇူးကို ပြန်လည်သိတတ်တဲ့အနေနဲ့ လာကန်တော့ကြတာ ပါ။ သိပ်ကိုကြည်နူးပီတိဖြစ်ရပါတယ်။ ဆရာ ဆရာမကြီးတွေက အိုမင်းနေပေမယ့် တပည့်တွေအပေါ် မှတ်မိနေကြတာကလည်း ဝမ်းသာစရာပါပဲ" ဟု ကျောင်းသားဟောင်းတစ်ဦးက ရင်တွင်းစကားပြောကြားခဲ့သည်။

အဆိုပါ အာစရိယပူဇော်ပွဲသို့ အထက(၂)တပ်ကုန်း ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားဟောင်းများနှင့် မြဝတီရပ်ကွက်ရှိ ရပ်မိရပ်ဖများတက်ရောက်ကြကြောင်း သိရသည်။

ကျော်သူဝင်း

ယာဉ်အန္တရာယ်ကင်းရှင်းရေး ဆိုင်းဘုတ်များစိုက်ထူ

ပခုက္ကူ ဒီဇင်ဘာ ၂၉

ပခုက္ကူမြို့ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့စိတ်မှူး ရဲအုပ်စိုးမြင့်ထွေး ဦးစီးသော တပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၂၈ ရက် မွန်းလွဲ ၂ နာရီတွင် ပခုက္ကူမြို့ မြို့ရှောင်လမ်းမကြီးနှင့်ဆုံစည်းရာ မြိုင်လမ်းဆုံ၊ ထင်းတန်းလမ်းဆုံနှင့် သီတာလမ်းဆုံတို့တွင် ပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်မောင်းသူများ လိုက်နာစေရန်အတွက် ရပ်-ကြည့်-သွား ဆိုင်းဘုတ်များနှင့် ရှေ့ကိုက် ၅၀ တွင် လမ်းကူးရှိသည်။ ရှေ့ ကိုက် ၁၀၀ တွင် လမ်းကူးရှိသည်။ ရှေ့ကိုက် ၂၀၀ တွင်လည်း လမ်းကူးရှိသည် စာတန်းပါရှိသည့် ရောင်ပြန်ဆိုင်းဘုတ်များစိုက်ထူခဲ့ကြသည်။**(ဝဲပုံ)**

ယင်းကဲ့သို့ ယာဉ်အန္တရာယ်ကင်းဝေးစေရေးဆိုင်းဘုတ်များ စိုက်ထူထားခြင်းဖြင့် အများပြည်သူတို့ ယာဉ်အန္တရာယ်ကင်းဝေးစေပြီး ယာဉ်မောင်းသူများအတွက် မြို့ရှောင်လမ်းမကြီးတစ်လျှောက် လမ်းဆုံနေရာများ၌ သတိပေးဆိုင်းဘုတ်များကို ထင်သာမြင်သာစိုက်ထူပေးထားခြင်းဖြင့် ယာဉ်မောင်းသူများဘက်မှလည်း ယာဉ်မတော်တဆဖြစ်ပွားမှုကို သတိပြုဆင်ခြင် ရှောင်ကြဉ်နိုင်မည်ဖြစ်ကြောင်း သိရသည်။ **(၁၀၂)**

ပေါင်မြို့နယ်၌ မီးလောင်မှုဖြစ်ပွား

ပေါင် ဒီဇင်ဘာ ၂၉

မွန်ပြည်နယ် ပေါင်မြို့နယ် ကဒါရပ်ကွက်တွင် ဒီဇင်ဘာ ၂၉ ရက် နံနက် ၂ နာရီခွဲက မီးလောင်မှုဖြစ်ပွားခဲ့သည်။ ကဒါရပ်ကွက် ဦးညဏ်အောင်နေအိမ်မှ နံနက် ၂ နာရီခွဲတွင် မီးစတင်လောင်ကျွမ်းပြီး အနီးပတ်ဝန်းကျင် ၁၀ အိမ်သို့ ကူးစက်လောင်ကျွမ်းခဲ့သည်။ မီးလောင်ရာသို့ ပေါင်မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးမှူး ဦးစိုးကျော်သူနှင့် မီးသတ်တပ်ဖွဲ့ဝင်များရောက်ရှိပြီး အနီးပတ်ဝန်းကျင်ရှိ ဇင်းကျိုက်၊ ရင်းငြိမ်၊ မုတ္တမကျေးရွာမှ မီးသတ်ကားများ အချိန်မီရောက်ရှိပြီး မီးငြိမ်းသတ်နိုင်ခဲ့သဖြင့် လူအသေအပျောက် မရှိဘဲ နံနက် ၃ နာရီခွဲတွင် မီးငြိမ်းသွားခဲ့ကြောင်းနှင့် မီးလောင်ကျွမ်းမှုကြောင့် အိမ်ခြေ ၁၁ လုံး မီးလောင်ခဲ့ပြီး လူဦးရေ ၄၆ ဦးအိုးမဲ့အိမ်မဲ့ဖြစ်သွားခဲ့ရကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဖြူးဆရာတော်ကြီး၏တပည့်ကြီး ဖြူးမဟာစည်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တအဂ္ဂဝရ အထူးတရားပွဲ

ဖြူးမဟာစည်ရိပ်သာများနှင့် ရတနာစိန်စည် ပရိယတ္တိစာသင်တိုက်တို့၏ ပဓာနနာယက ဆရာတော် ဒေါက်တာဘဒ္ဒန္တအဂ္ဂဝရ သာသနာပြုနယ်လှည့် ဓမ္မကထိကဓမ္မာစရိယ ကမ္မဋ္ဌာနာစရိယ Ph.D, INDIA အရှင်သူမြတ်သည် *၂၈-၁၂-၂၀၁၃ရက် မြကန်သာအိမ်ရာ၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ဓမ္မသဘင် *၂၉-၁၂-၂၀၁၃ ရက် ပုသိမ်မြို့၊ နှစ်ဦးဓမ္မသဘင် *၃၁-၁၂-၂၀၁၃ရက် ဖြူးမြို့ ရဟန်းခံသိမ်ထပ် မင်္ဂလာဓမ္မသဘင်၊ *၇-၁-၂၀၁၄ရက် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ရန်ကြီးအောင်လမ်း၊ ရတနာစိန်စည်ပရိယတ္တိစာသင်တိုက်၊ ကျောင်းရေစက်ချ ဓမ္မသဘင်ပွဲ၊ *၉-၁-၂၀၁၄ရက် ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းပင်ကြီးလမ်း၊ အောင်တော်မူဆုတောင်းပြည့်ဘုရားငါးဆူ တန်ဆောင်းတော်ကြီးဓမ္မသဘင်၊ *၁၁-၁-၂၀၁၄ရက် ရွှေပြည်သာမြို့နယ်၊ (၉)ရပ်ကွက်၊ မိဘကျေးဇူးဆပ် အထူးတရားပွဲ၊ *၁၂-၁-၂၀၁၄ ရက် ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ အိမ်တော်ရာဘုရားဓမ္မသဘင်ပွဲ၊ *၁၃-၁-၂၀၁၄ ရက် ကျိုက္ကဆံရပ်ကွက်၊ ကနကမာလမ်း၊ ဗဟန်း၊ ရန်ကုန်မြို့ဓမ္မသဘင်၊ *၁၄-၁-၂၀၁၄ ရက်မှ ၁၅-၁-၂၀၁၄ရက် မော်လမြိုင်မြို့၊ ဓမ္မောဇဓမ္မသဘင်၊ *၁၇-၁-၂၀၁၄ရက် ဘန်းလောင်ကျေးရွာ၊ ဖြူးမြို့နယ်ဓမ္မသဘင်၊ *၁၈-၁-၂၀၁၄ရက် (၁၂)ရပ်ကွက်၊ လှိုင်၊ ပညာရေးဝန်ထမ်းမိသားစုဓမ္မသဘင်၊ *၂၀-၁-၂၀၁၄ရက်မှ ၂၁-၁-၂၀၁၄ရက် တာချီလိတ်မြို့ဓမ္မသဘင်၊ *၂၃-၁-၂၀၁၄ရက် သာကေတမြို့နယ်၊ (၂)ရပ်ကွက်၊ မြောက် ၂၈ ဆူ ဗဟိုဓမ္မာရုံဓမ္မသဘင်၊ * ၂၆-၁-၂၀၁၄ ရက် ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံ၊ ဇေယျာသိဒ္ဓိမာန်အောင်စေတီတော်တရားပွဲ၊ *၁-၂-၂၀၁၄ရက် သာကေတမြို့နယ်၊ (၂)တောင်ရပ်ကွက်၊ ဓာတုရုံလမ်းဓမ္မာရုံ (ဒု-ကြိမ်ဆွမ်းသိမ်းအောင်ပွဲ)ဓမ္မသဘင်၊ *၂-၂-၂၀၁၄ရက် ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊(ဃ)ရပ်ကွက်၊ဖြူးမဟာစည်ဆွမ်းပဒေသာပင်အလှူဓမ္မသဘင်၊*၅-၂-၂၀၁၄ရက်မှ ၆-၂-၂၀၁၄ရက် ဖောင်တော်ဦးကျောင်း၊ မကွေးမြို့ဓမ္မသဘင်၊ *၈-၂-၂၀၁၄ ရက်မှ ၉-၂-၂၀၁၄ ရက်အထိ ဖြူးမြို့နယ်လုံးဆိုင်ရာ စာပြန်ပွဲဓမ္မသဘင်၊ *၁၁-၂-၂၀၁၄ ရက် ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ဖြူစင်မေတ္တာ နာရေးကူညီမှုအသင်းဓမ္မသဘင်၊ *၁၂-၂-၂၀၁၄ရက် မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ နွယ်နီလမ်း၊ ဆုတောင်းပြည့်၊ ဓာတ်တော်ကျေစေတီတော်ဓမ္မသဘင်၊ *၁၆-၂-၂၀၁၄ရက် မနော်ဟယ်ရီလမ်း၊ သမိုင်း(၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် ဓမ္မသဘင်၊ *၂၁-၂-၂၀၁၄ရက်မှ ၂၂-၂-၂၀၁၄ ရက်အထိ တောင်ငူမြို့နယ်လုံးဆိုင်ရာ ပရိယတ္တိမူလစာမေးပွဲကြီး ဓမ္မသဘင်၊ *၁၅-၃-၂၀၁၄ရက် ကျိုက္ခမီမြို့နယ်၊ ခနောင်ရွာဓမ္မသဘင် တို့၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားချီးမြှင့်မည်ဖြစ်ပါ၍ တရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။ ဆရာတော်၏ တရားပွဲများကို ပင့်လျှောက်လိုပါက ဖုန်း-၀၉-၅၃၉၀၄၁၇၊ ၀၉-၅၀၅၆၁၀၇၊ ၀၉-၅၀၁၇၅၅၄၊ ၀၁-၅၃၀၀၆၈၊ ၅၃၀၁၁၃၊ ၀၅၄-၄၀၇၇၁၊ ၀၅၄-၄၀၀၁၂တို့သို့ ဆက်သွယ်နိုင်ပါသည်။

စက်မှုဝန်ကြီးဌာန
အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း
အရောင်းပြခန်းများဖွင့်လှစ်ရန်ဖိတ်ခေါ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ် ၄၆ ရှိ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၁၁) အကြီးစားစက်ရုံ(ရန်ကုန်)၏ ကမ္ဘာအေးဘုရားလမ်းမကို မျက်နှာစာပြုထားသည့် အလျား ပေ ၁၀၀ × အနံ ၃၅ပေရှိသော မြေကွက်များပေါ်တွင် အကျိုးတူအရောင်းပြခန်း ဆောက်လုပ်ဖွင့်လှစ်ရန် စိတ်ပါဝင်စားသူများအနေဖြင့် ၁၄-၁-၂၀၁၄ ရက်အထိ ရုံးဖွင့်ရက်၊ ရုံးချိန်အတွင်း အောက်ပါလိပ်စာသို့ လာရောက်ဆက်သွယ်ဆွေးနွေးနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

ပစ္စည်းစီမံရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၀)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၅၀၅၃၊ ၀၆၇-၄၀၅၀၅၄

ကြေးမုံသတင်းစာ၌ ၂၂-၁၂-၂၀၁၃ရက်စွဲပါ အသိပေးကြော်ငြာစာအားကန့်ကွက်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စဉ့်ငူရပ်ကွက်၊ သီတာလမ်း၊အမှတ်(၆၀၃)တွင် နေထိုင်သူ ကွယ်လွန်သူ ဦးဖေသန်း၏အတူနေ တရားဝင်ဇနီး ဒေါ်ခင်မာလွင်မှ အဆိုပါ အမှတ်(၆၀၃) ခြံမြေပေါ်ရှိ ပေ(၃၈×၈၀) နေအိမ်အား လက်ရှိထားပိုင်ဆိုင်သူ (ကွယ်လွန်သူ ဦးဖေသန်း) နှင့် ကျွန်ုပ်အမှုသည်သည် ၂၉-၁၀-၂၀၀၄ ရက်မှစ၍ တရားဝင်အကြင်လင်မယားအဖြစ် အဆိုပါအမှတ်(၆၀၃)ရှိ ပေ(၃၈×၈၀)ပေါ်တွင် ဆောက်လုပ်ထားသောနေအိမ်တွင် ပေါင်းသင်းလာခဲ့သည့်အတွက် ကျွန်ုပ်၏အမှုသည်တစ်ဦးတည်းသာ (ကွယ်လွန်သူ ဦးဖေသန်း)၏ လက်ရှိပိုင်ဆိုင်ခွင့်နှင့်ပတ်သက်၍ စီမံပိုင်ခွင့်ရှိသူဖြစ်ကြောင်း ၂၂-၁၂-၂၀၁၃ရက်စွဲပါအသိပေးကြော်ငြာစာအား ကန့်ကွက်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဒေါ်ခင်မာလွင်

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ကြည်ကြည်ခိုင် LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၄၆၀၆)



ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ကျော်စိုးစံ ကိုင်ဆောင်သော Passport No-830398 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၁၀၇၄၁၉

ကြော်ငြာ

27TH SEA GAMES, SAILING COMPETITION

NGWE SAUNG, MYANMAR - 2013

(၂၇) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကြီးကို
ကမ္ဘာတွင် "မြန်မာ" ဟု ဂုဏ်ယူဖွယ်ကြားလောက်အောင်
အားကစားပြိုင်ပွဲအသီးသီးတွင် ရွှေ (၈၆)၊ ငွေ (၆၂)၊ ကြေး (၈၅)၊ စုစုပေါင်းဆုတံဆိပ် (၂၃၃) ခုဖြင့်
နိုင်ငံအလိုက် ဒုတိယဆုကို ထိုက်ထိုက်တန်တန် ရယူပေးနိုင်ခဲ့သော ပြိုင်ပွဲဝင်

မြန်မာအားကစားမောင်မယ်များကိုလည်းကောင်း

(၂၇) ကြိမ်မြောက် ဆီးဂိမ်းရွက်လှေပြိုင်ပွဲကြီးကို
ငွေဆောင်ကမ်းခြေတွင် ခမ်းခမ်းနားနား၊ အောင်အောင်မြင်မြင်ဖြင့်
နေရေး၊ စားရေးနှင့်ပြိုင်ပွဲဝင်ပစ္စည်းများကို နိုင်ငံတကာအဆင့်မီကျင်းပနိုင်ရေးအတွက် လူအား၊ ငွေအား၊ ပစ္စည်းအား
အလုံးအရင်းဖြင့် စိုက်ထုတ်ပံ့ပိုးကာ ဦးဆောင်စီမံဆောင်ရွက်ခဲ့သော
MPRL E&P Group of Companies ၏ အမှုဆောင်အရာရှိချုပ်၊
မြန်မာနိုင်ငံအိုလံပစ်ကော်မတီအဖွဲ့ဝင်၊
မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်
ဥက္ကဋ္ဌ ဦးမိုးမြင့်ကိုလည်းကောင်း

၂၀၀၁ ခုနှစ်၊ မလေးရှားနိုင်ငံတွင် ကျင်းပခဲ့သည့် (၂၁) ကြိမ်မြောက် ဆီးဂိမ်းရွက်လှေပြိုင်ပွဲတွင်
ပထမအကြိမ် SEA GAMES ရွှေတံဆိပ်ဆုကို ရရှိခဲ့ပြီး
ယခု (၂၇) ကြိမ်မြောက် ဆီးဂိမ်းရွက်လှေပြိုင်ပွဲကြီး၌ Half-Rater Class ပြိုင်ပွဲတွင်
ပြိုင်ပွဲငယ် (၁၂) ပွဲအနက် (၉) ပွဲယှဉ်ပြိုင်ပြီးချိန်တွင် ကျန်ပွဲများကို ထပ်မံယှဉ်ပြိုင်ရန်မလိုဘဲ၊ အခြားပြိုင်ဘက်များကို
အပြတ်အသတ်အနိုင်ယူကာ ဒုတိယအကြိမ် SEA GAMES ရွှေတံဆိပ်ဆုကို အောင်အောင်မြင်မြင်ရယူပေးခဲ့သော
MPRL E&P Group of Companies အမှုဆောင်အရာရှိချုပ် ဦးမိုးမြင့်၏ သားများဖြစ်သော
စည်သူမိုးမြင့် နှင့် ဖုန်းကျော်မိုးမြင့် ရွှေညီအစ်ကို၊

RS One Class (Boys) ပြိုင်ပွဲတွင် ရွှေတံဆိပ် ဆွတ်ခူးပေးခဲ့သော **ဆက်နိုင်အောင်၊**
International 470 Class (Women) ပြိုင်ပွဲတွင် ငွေတံဆိပ် ဆွတ်ခူးပေးခဲ့သော **စုမြတ်စိုး နှင့် နန်းခမ်းဆေး၊**
International 420 Class (Girls) ပြိုင်ပွဲတွင် ကြေးတံဆိပ် ဆွတ်ခူးပေးခဲ့သော **ဝေပွင့်ဝါးဘိုး နှင့် သိင်္ဂီဝင်းရွှေ၊**
RS One Class (Girls) ပြိုင်ပွဲတွင် ကြေးတံဆိပ် ဆွတ်ခူးပေးခဲ့သော **ငုံဖူးလှိုင် တို့ကိုလည်းကောင်း၊**

လှိုက်လှဲစွာချီးကျူးဂုဏ်ယူဝမ်းမြောက်စွာဖြင့် မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါကြောင်း။

Management & Staff
MPRL E&P Group of Companies

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ဆန်စပါးကုန်စည်ဒိုင်သို့ တစ်ရက်ပျမ်းမျှ ဆန်အိတ်ငါးသောင်းကျော်ဝင် ဆန်သစ်အဝင်များ၍ ဆန်ဈေးများ ကျဆင်းလာ

ရန်ကုန် ဒီဇင်ဘာ ၂၉

တောင်သူလယ်သမားများ စပါးဈေးကောင်းရ၍ ဝမ်းမြောက်ကြရသော်လည်း တစ်ဆင့်ဝယ်ပြီး ကြိတ်ရောင်းသူ ဆန်စက်ပိုင်ရှင်၊ ကုန်သည်ပွဲစားများမှာ မှန်းချက်နှင့်နှမ်းထွက် မကိုက်ဆိုသလို ဖြစ်နေကြကြောင်း ရန်ကုန်မြို့ ဝါးတန်းလမ်း ဆန်စပါးကုန်စည်ဒိုင်၏ ဆန်အကျိုးတော်ဆောင်များထံမှ သိရသည်။ ဧည့်မထ အုပ်စုဝင် နှံကား၊ မနောသုခစပါးများမှာ ယခင်နှစ်က စပါးပေါ်ချိန်တွင် စပါးတင်း ၁၀၀ လျှင် အမြင့်ဆုံးကျပ်သုံးသိန်းနှစ်သောင်းရှိခဲ့ရာမှ ယခုနှစ်တွင် စပါးဈေးမှာ တင်းတစ်ရာလျှင် ကျပ်လေးသိန်းတစ်သောင်းကျပ်ရှိနေသဖြင့် စပါးတစ်ရာလျှင် ငွေကျပ်တစ်သိန်းခန့်ပိုမိုရရှိနေခြင်းကြောင့် တောင်သူလယ်သမားများဝမ်းမြောက်ဝမ်းသာဖြစ်နေကာ တစ်ဆင့်ဝယ်ယူပြန်လည်ကြိတ်ခွဲရောင်းချသူများမှာမူ ဆန်ဈေးအကျနှင့် ကြုံနေသဖြင့်မှန်းချက်နှင့် မကိုက်ဖြစ်နေရကြောင်း ကုန်စည်ဒိုင်အကျိုးဆောင်တစ်ဦးက ပြောသည်။

စပါးစိုက်တောင်သူလယ်သမားများအား နိုင်ငံတော်က စိုက်ပျိုးစရိတ်ကို ယခင်က တစ်ဧကလျှင် ငွေကျပ်နှစ်သောင်းသာထုတ်ချေးခဲ့ရာမှ ယခုအခါ တစ်ဧကလျှင် ငွေကျပ်တစ်သိန်းအထိ ထုတ်ချေးသဖြင့် လယ်သမားများအဖို့ ပိုမိုအဆင်ပြေနေကြသည်ဟု ဆိုသည်။ ယခုအခါ စိုက်စရိတ်ချေးငွေလည်းပိုရကာ စပါးဈေးကလည်းမြင့်လာသဖြင့် လယ်သမားများ စပါးပိုမိုစိုက်ပျိုးလာကြပြီး နွေစပါးကို တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဒေသအလိုက် တော်တော်များများ စိုက်ပျိုးကြပြီးဖြစ်ကြောင်း ကုန်စည်ဒိုင်အတွင်းရေးမှူးဦးတင်ဦးက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် ဝါးတန်းလမ်း ဆန်စပါးကုန်စည်ဒိုင်သို့ ပုဇွန်တောင်၊ ကြည့်မြင်တိုင်၊ လမ်းမတော်၊ ဘုရင့်နောင်၊ အင်းစိန်ဆိပ်ကမ်းများမှ မော်တော်၊ သင်္ဘော၊ စက်သမ္ဗန်များဖြင့် ဆန်အိတ်များနေ့စဉ် ဝင်ရောက်လျက်ရှိရာ ဒီဇင်ဘာ ၁ ရက်မှ ၂၄ ရက် အထိ ကုန်စည်ဒိုင်ဖွင့်ရက် ၂၀ ရက်အတွင်း ဆန်အိတ်ရေ ၁၀၇၆၃၂၆ အိတ်ဝင်ရောက်ခဲ့သဖြင့် တစ်ရက်ပျမ်းမျှ ၅၃၈၁၆ အိတ် ဝင်ရောက်နေကြောင်း ကုန်စည်ဒိုင်စာရင်းအရ သိရသည်။ ဒီဇင်ဘာ ၂၆ ရက်က ဘုန်းကြီးလမ်းဆိပ်ကမ်းတွင် ဒေးဒရဲမြို့မှ ချွန်းစက်သမ္ဗန်ကြီးများဖြင့် ရောက်ရှိလာသော ဆန်အိတ်များအား လုပ်သားများ သယ်တင်နေသည်ကို တွေ့ရသည်။ **(အောက်ဝဲပုံ)**

ဒီဇင်ဘာ ၂၇ ရက် ကုန်စည်ဒိုင်လက်ကားဈေးနှုန်းမှာ ဆန်အရည်အသွေးကိုလိုက်၍ ၁၀၈ ပေါင်ဝင်တစ်တင်းခွဲဆန်အိတ် ရွှေဘိုပေါ်ဆန်း ငွေကျပ် ၃၃၅၀၀ မှ ၃၄၅၀၀၊ သုခဟောင်း(ရှယ်) ငွေကျပ် ၂၁၅၀၀ မှ ၂၂၀၀၀၊ ဇီယာဟောင်း (ရှယ်)ငွေကျပ် ၁၉၀၀၀ မှ ၂၀၀၀၀၊ ဖျာပုံပေါ်ဆန်း ငွေကျပ် ၁၉၅၀၀ မှ ၂၃၅၀၀၊ ဒေးဒရဲပေါ်ဆန်းငွေကျပ်၁၉၀၀၀ မှ ၂၀၀၀၀၊ မြောင်းမြ/ပုသိမ်ပေါ်ဆန်းငွေကျပ် ၂၂၀၀၀မှ ၂၃၅၀၀၊ ပေါ်ဆန်း(နယ်စုံ) ကျပ် ၁၈၀၀၀ မှ ၂၁၅၀၀၊ ဧည့်မထ ငွေကျပ် ၁၃၃၀၀ မှ ၁၄၀၀၀၊ မြီးတုံး ငွေကျပ် ၁၆၀၀၀ မှ ၁၇၀၀၀၊ ဧည့်မထ ဆန်ကွဲ ၂-၃-၄ ငွေကျပ် ၁၁၀၀၀ မှ ၁၁၅၀၀၊ ဧည့်ဆန်ကွဲ ၁-၂ ငွေကျပ် ၁၁၇၀၀ မှ ၁၂၂၀၀ တို့ဖြစ်ကြသည်။ ၂၀၁၃ ခုနှစ် နိုဝင်ဘာလလယ်ဈေးနှုန်းနှင့် နှိုင်းယှဉ်ကြည့်ရာတွင် ပေါ်ဆန်းဆန်မှာ တစ်အိတ်လျှင် ငွေကျပ် ၂၀၀၀ မှ ၃၀၀၀ အထိ ကျဆင်းလာခဲ့ပြီး ဧည့်မထ၊ မြီးတုံးဆန်များမှာ ငွေကျပ် ၁၅၀၀ မှ ၂၀၀၀ အထိကျဆင်းလာခဲ့ကြောင်း စာရင်းမှတ်တမ်းများအရ သိရသည်။

အောင်သန်း (မင်္ဂလာတောင်ညွန့်)

တစ်သက်တာ သွယ်လျလှပစေမည့် နည်းလမ်းများ

၁။ တစ်ရက်ကို နာရီဝက်၊ တစ်နာရီခန့် လမ်းလျှောက်ပါ။
၂။ ကိုယ်အလေးချိန်လျော့နည်းစေရန်အတွက် တစ်ခါစားနည်းနည်းနဲ့ မကြာခဏစားပေးပါ။(အစာလုံးဝမစားတော့တာမျိုးမလုပ်ပါနဲ့)
၃။ ထမင်းစားတိုင်း အသီးအရွက်နဲ့ တွဲဖက်စားသုံးပေးပါ။ ထမင်းအနပ်တိုင်းအတွက် အရွက်ဟင်းတစ်ခွက်အမြဲပါပါစေ။
၄။ နေ့တိုင်းပေါင်ချိန်စက်ပေါ်မှာ ကိုယ်အလေးချိန်တိုင်းတာပါ။
၅။ အိမ်မှာရှိတဲ့ ကျန်းမာရေးနဲ့မညီညွတ်တဲ့ မုန့်တွေ၊ အစားအစာတွေကို ဖယ်ရှားပစ်ပါ။
၆။ ကျန်းမာရေးနဲ့ညီညွတ်တဲ့ စားစရာတွေကိုပဲ အိမ်မှာထားပါ။
၇။ သူငယ်ချင်းမိတ်ဆွေများနဲ့အတူ မကြာခဏကိုယ်လက်လှုပ်ရှားမှုပြုလုပ်ဖို့အစီအစဉ်ဆွဲပါ။
၈။ အပြင်ဆိုင်တွေမှာပဲ အမြဲမစားပါနှင့်။
၉။ အချိုပွဲမစားခင်မှာ အာဟာရပြည့်ဝတဲ့ အစားအစာတွေနဲ့ အရင်ဗိုက်ဖြည့်ထားပါ။
၁၀။ နေ့စဉ်လုပ်ငန်းဆောင်တာတွေကို သွက်လက်တက်ကြွစွာ လှုပ်ရှားဆောင်ရွက်ပါ။
၁၁။ တီဗွီကြည့်ရင်း အစားမစားပါနဲ့။
၁၂။ လျှောင်း၊ ထိုင်၊ ရပ်၊ သွား ဣရိယာပုထ် မျှတအောင်နေပါ။
၁၃။ အစာမစားခင် စိတ်ကိုလျှော့ချလိုက်ပါ။ (စိတ်ဖိစီးမှုများရင် အစားပိုစားမိတတ်ပါတယ်။)
၁၄။ သင့်ရဲ့တစ်နေ့တာကို အမျှင်ဓာတ်ကြွယ်ဝစွာပါဝင်တဲ့ နံနက်စာနဲ့ စတင်လိုက်ပါ။
၁၅။ နေ့တိုင်းမိနစ် ၃၀ ကြာ လမ်းလျှောက်ပေးပါ။
၁၆။ တစ်ပတ်စာအစားအသောက်အတွက် အစီအစဉ်ဆွဲပြီး အဲ့ဒီအစီအစဉ်အတိုင်းစားသုံးပါ။
၁၇။ ခန္ဓာကိုယ်အတွက် အကျိုးမရှိတဲ့အစားအစာတွေမစားမိဖို့ မိမိကိုယ်ကိုသတိပေးပါ။
၁၈။ အစာစားလိုစိတ် လျော့နည်းသွားစေဖို့အတွက် အပြာရောင်ကို အသုံးပြုနိုင်ပါတယ်။
၁၉။ သင်ဘယ်လောက်သွယ်လျလာပြီလဲဆိုတာ သိရအောင် မှန်ကြည့်ပါ။
၂၀။ ကိုလက်စထရောများစွာ ပါဝင်နေတဲ့ အစားအစာတွေကို ရှောင်ပါ။
၂၁။ ထောပတ်နဲ့ ဟင်းအနှစ်တွေကိုရှောင်ပြီး ရာသီအလိုက် စားသုံးပေးပါ။
၂၂။ ခန္ဓာကိုယ်အတွင်း ကယ်စီယမ်ဓာတ်ကို မြှင့်တင်ပါ။

ဇင်ဇင်မင်းလွင်

ချိန်ခါမရွေး
သတိပေး
မီးဘေး
ကင်းဝေးမှာ

ပေါက်တောမြို့နယ်တွင် ဝက်များရောဂါဖြစ်ပွားနေ

ပေါက်တော ဒီဇင်ဘာ ၂၉

ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် မြင့်ဂါကျေးရွာအုပ်စုရှိ ကျေးရွာများအတွင်း ဝက်များရောဂါဖြစ်ပွားနေကြောင်း သိရသည်။

လွန်ခဲ့သောတစ်ပတ်ခန့်က မြင့်ဂါအုပ်စုရှိ ကျေးရွာများတွင် တစ်နိုင်တစ်ပိုင်မွေးမြူထားကြသော ဝက်များ အစာမစားနိုင်ဘဲဖြစ်နေကြကြောင်း၊ အချို့ဝက်များဆို ချောင်းဆိုးကြကြောင်း၊ အဖျားရှိသလိုဖြစ်သွားပြီး မောပန်းကာ နောက်ဆုံးတွင် သေဆုံးသွားကြကြောင်း ဒေသခံများက ပြောပြသည်။ မြင့်ဂါသစ်ကျေးရွာမှ ဦးသိန်းဖြူက "ဝက်တွေရောဂါဖြစ်တာ ကျွန်တော်တို့ရွာတင်မကပါဘူး။ အနီးပတ်ဝန်းကျင်ရွာတွေမှာပါ ဖြစ်ပါတယ်။ အသေအပျောက်တော်တော်များပါတယ်" ဟု ပြောပြသည်။

ဝက်ရောဂါဖြစ်သောအိမ်ရှင်များက မိမိတို့ထင်သလို ဆေးကုသကြကြောင်း၊ ရောဂါဖြစ်ပွားမှုတိုးပွားလာကြောင်း၊ မိသားစုဝင်ငွေရရှိရေးအတွက် တစ်နိုင်တစ်ပိုင်မွေးထားကြသော ဝက်များသေဆုံးကြသဖြင့် ဝင်ငွေထိခိုက်နေကြကြောင်း၊ သက်ဆိုင်ရာ အဖွဲ့များက ကွင်းဆင်းစစ်ဆေးပြီး အကူအညီများပေးရန် လိုအပ်လျက်ရှိကြောင်း သိရသည်။ **ကိုကြီးစော**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ဆေးသိပ္ပံပညာဦးစီးဌာန
ဆေးတက္ကသိုလ်-မန္တလေး
မန္တလေးမြို့

(၄၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကြေညာချက်

၁။ ဆေးတက္ကသိုလ်-မန္တလေး၏ (၄၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပပြုလုပ်မည် ဖြစ်ပါသည်-

အစမ်းလေ့ကျင့်ခြင်း ၃-၂-၂၀၁၄ ရက် (တနင်္လာနေ့)၊ နံနက် ၈ နာရီ နံနက်ပိုင်းနှင့် မွန်းလွဲပိုင်း ဘွဲ့ယူကြသူများအားလုံး (ပါရဂူဘွဲ့၊ ဆေးလက်တွေ့ပါရဂူဘွဲ့၊ ဆေးပညာ မဟာသိပ္ပံဘွဲ့၊ ဆေးပညာဘွဲ့)

ဘွဲ့နှင်းသဘင် ၄-၂-၂၀၁၄ရက်(အင်္ဂါနေ့)၊ နံနက်ပိုင်း နံနက် ၈နာရီ [ဆေးလက်တွေ့အခြေခံပါရဂူဘွဲ့၊ ဆေးပညာမဟာသိပ္ပံဘွဲ့ (ဆေးလက်တွေ့ အခြေခံဘာသာရပ်များ)၊ ဆေးပညာဘွဲ့]

၄-၂-၂၀၁၄ရက်(အင်္ဂါနေ့)၊ မွန်းလွဲပိုင်း မွန်းလွဲ ၂နာရီ [ဆေးလက်တွေ့ပါရဂူဘွဲ့၊ ဆေးပညာမဟာသိပ္ပံဘွဲ့ (ဆေးလက်တွေ့ဘာသာရပ်များ)၊ ဆေးပညာဘွဲ့]

၂။ (၄၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားသို့ ဆေးတက္ကသိုလ်-မန္တလေး၏ အောက်ပါစာမေးပွဲများကို အောင်မြင်ပြီးသူများ တက်ရောက်နိုင်သည်-

(က) ၂၀၁၃ခုနှစ် ဩဂုတ်လမှစ၍ ပါရဂူဘွဲ့ရ စာမေးပွဲအောင်မြင်ပြီး သူများ။

(ခ) ၂၀၁၃ ခုနှစ် မတ်လမှစ၍ ဆေးပညာမဟာသိပ္ပံဘွဲ့ရစာမေးပွဲ အောင်မြင်ပြီးသူများ။

(ဂ) ၂၀၁၁ ခုနှစ် ဇွန်လ၊ ၂၀၁၁ ခုနှစ် နိုဝင်ဘာလ/ဒီဇင်ဘာလ၊ ၂၀၁၂ ခုနှစ် ဇွန်လနှင့် ၂၀၁၂ ခုနှစ် နိုဝင်ဘာလ/ဒီဇင်ဘာလ တို့တွင် နောက်ဆုံး အမ်ဘီဘီအက်စ် အပိုင်း(ခ)သင်တန်း စာမေးပွဲ အောင်မြင်ပြီး လျှောက်လွှာပိတ်ရက်တွင် အလုပ်သင်တာဝန် (၁)နှစ်အပြည့်အဝ ထမ်းဆောင်ပြီးသူများ။

ဘွဲ့နှင်းသဘင်ကြေးမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

တက်ရောက်ဘွဲ့။ ၁၅၀၀ိ/-(ကျပ်တစ်ထောင့်ငါးရာတိတိ)
အဝေးရောက်ဘွဲ့။ ၁၀၀၀ိ/- (ကျပ်တစ်ထောင်တိတိ)

၃။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို ဆေးတက္ကသိုလ်-မန္တလေး ကျောင်းသားရေးရာဌာနမှရယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး ပတ်စ်ပို့အရွယ် ၁½ လက်မ×၂လက်မ ဓာတ်ပုံလေးပုံ [အမျိုးသားများသည် လည်ကတုံးရှပ်နှင့် တိုက်ပုံ (သို့မဟုတ်) အနောက်တိုင်းဝတ်စုံပြည့်၊ အမျိုးသမီးများသည် ရင်ဖုံးလက်ရှည်အင်္ကျီ(ပြောင်)ဖြင့် ဓာတ်ပုံဖြစ်ရမည်] ပူးတွဲလျက် ၆-၁-၂၀၁၄ ရက်မှ ၂၀-၁-၂၀၁၄ ရက်အထိ တင်သွင်းကြရမည်။

၄။ ဘွဲ့နှင်းသဘင်အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်တက်ရောက်ရာတွင် အမျိုးသားများသည် မြန်မာဝတ်စုံ(လည်ကတုံးရှပ်နှင့်တိုက်ပုံ)/အနောက်တိုင်းဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အမျိုးသမီးများသည် မြန်မာဝတ်စုံ(လုံချည်၊ အင်္ကျီ)၊ တိုင်းရင်းသားဝတ်စုံ ဝတ်ဆင်ရမည်။ သတ်မှတ်ချက်အတိုင်း ဝတ်ဆင်ခြင်းမရှိသူများသည် အခမ်းအနားသို့ တက်ရောက်ခွင့်မပြုပါ။

စာအမှတ် ၅၃၅၄/ဆတမ(သ)ဘွဲ့နှင်း (၄၅)။
ရက်စွဲ ၁၂-၁၂-၂၀၁၃ ရက်

(ခင်စိုးရီ)
မော်ကွန်းထိန်း
ဆေးတက္ကသိုလ်-မန္တလေး
မန္တလေးမြို့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကရင်ပြည်နယ်၊ ဘားအံမြို့၊ အခြေခံရက်ကန်းကျောင်းရှိ အမျိုးသားဆောင်နှင့် စာသင်ဆောင်အား ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း အောက်ပါအတိုင်း ဆောက်လုပ်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါဖိတ်ခေါ်အပ်ပါသည်-

(က) **အမျိုးသားဆောင်နှင့်နှစ်ခန်းတွဲအိမ်သာ**- (၃၀×၂၆)ပေ၊သွပ်မိုး-အုတ်ညှပ်တစ်ထပ် အဆောက်အအုံတစ်လုံး

(ခ) **စာသင်ဆောင်နှင့်နှစ်ခန်းတွဲအိမ်သာ** - ပေ(၃၀×၃၀)၊ သွပ်မိုး-အုတ်ညှပ်တစ်ထပ် အဆောက်အအုံတစ်လုံး

(ဂ) **တည်နေရာ** - အမှတ် (၄)ရပ်ကွက်၊ ကမ်းနားလမ်း၊ အခြေခံရက်ကန်းကျောင်း၊ ဘားအံမြို့၊ ကရင်ပြည်နယ်

၂။ တင်ဒါကို ၁၅-၁-၂၀၁၄ရက်၊ ၁၆း၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။
၃။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို သိရှိလိုပါက ကရင်ပြည်နယ်၊ ဘားအံမြို့၊ အခြေခံရက်ကန်းကျောင်း ဖုန်း-၀၅၈-၂၁၆၀၇၊ ၀၉-၃၁၃၄၁၉၄၀၊ ၀၉-၃၃၀၅၆၆၉၂တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၉)၊ မြေကွက်အမှတ် (၈၂၊ ၈၃၊ ၈၄၊ ၈၅၊ ၈၆၊ ၈၇၊ ၈၈) အမည်ပေါက် ဦးရဲအောင်၊ လိုင်စင်မြေကွက်များအား Mynamar Rice Trading Co.,Ltd. အမည်ဖြင့် မြေငှားစာချုပ်(ဂရန်)ပြုလုပ်ပေးပါရန် ဒေါ်အေးသန္တာ မန်နေဂျင်းဒါရိုက်တာမှ လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေငှားစာချုပ်(ဂရန်)ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
နေပြည်တော်

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

အသိပညာပေးဆွေးနွေးပွဲ ညောင်လေးပင်၌ ကျင်းပ

ညောင်လေးပင် ဒီဇင်ဘာ ၂၉

၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း အသိပညာပေးဆွေးနွေးပွဲ အခမ်းအနားကို ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၂၇ ရက်က ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် မြို့နယ်သန်းခေါင်စာရင်းကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟံစိုးကအမှာစကားပြောကြားပြီး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးမှ ဒုတိယလူဝင်မှုကြီးကြပ်ရေးမှူး ဦးအေးမင်းစိုးက သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ပဲခူးခရိုင်သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး ပဲခူးခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးရဲရင့်ထွန်းက သန်းခေါင်စာရင်းဆိုင်ရာလုပ်ငန်းစဉ်များ၊ ဆောင်ရွက်ချက်များကို ပရိုဂျက်တာဖြင့် လက်တွေ့ရှင်းလင်းဟောပြောပြီး တက်ရောက်လာကြသော သက်ဆိုင်ရာရပ်ကွက်/ကျေးရွာများမှ သန်းခေါင်စာရင်းကော်မတီဝင်များ၊ အထောက်အကူပြုအဖွဲ့ဝင်များက သန်းခေါင်စာရင်းဆိုင်ရာ သိလိုသည်များကို မေးမြန်းရာ ပြန်လည်ရှင်းလင်းဆွေးနွေးဟောပြောကြသည်။

နေလင်း(ညောင်လေးပင်)

အရိပ်လည်းရ
ဝန်းကျင်လှ
သစ်ပင်
စိုက်ပျိုးကြ

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ကြိုဆိုဂုဏ်ပြု ရွှေတောင်မြို့နယ် ဘယ်လက်ကျေးရွာ၌ စက်ရေတွင်းဖွင့်ပွဲကျင်းပ

ရွှေတောင် ဒီဇင်ဘာ ၂၉

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် ဘယ်လက်ကျေးရွာ နှစ်လက်မစက်ရေတွင်း အနက်ပေ ၃၀၀ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၈ နာရီက အဆိုပါစက်ရေတွင်းမှုခ်ဦးရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာက စက်ရေတွင်းနှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက အထိမ်းအမှတ်အလံများကို တာဝန်ရှိသူများအား ပေးအပ်ခဲ့သည်။ ယင်းနောက် ဘယ်လက်ကျေးရွာ နှစ်လက်မ စက်ရေတွင်းကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ဇော်ဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဒေါ်အေးမြင့်နှင့်အဖွဲ့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ **(အပေါ်ပုံ)**

ဘယ်လက်ကျေးရွာ နှစ်လက်မ စက်ရေတွင်း အနက်ပေ ၃၀၀ တူးဖော်ခြင်းလုပ်ငန်းကို အဖွဲ့ရန်ပုံငွေကျပ် ၂၂ ဒသမ ၅ သိန်းဖြင့် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။ ယခုအခါတွင် ဘယ်လက်ကျေးရွာ နှစ်လက်မ စက်ရေတွင်း အနက်ပေ ၃၀၀ တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးဖြစ်သဖြင့် အကျိုးပြုအိမ်ခြေ ၂၂၁အိမ်နှင့် လူဦးရေ ၉၀၃ ဦးအတွက် သောက်သုံးရေဖူလုံအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။ **(၁၁၆)**

မီးဘေးကြိုတင်ကာကွယ်ရေးသရုပ်ပြလေ့ကျင့်

ပြည် ဒီဇင်ဘာ ၂၉

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး(အနောက်) ပြည်ခရိုင် ရွှေတောင်မြို့နယ် နွားမယံစံပြကျေးရွာအုပ်စု နတ်မှော်ကျေးရွာရှိ ဧရာဝတီဖောင်ဖွဲ့ရေးဒေသ၏ ဝန်ထမ်းများကို မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲနှင့် သရုပ်ပြလေ့ကျင့်မှု သရုပ်ပြပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီက နတ်မှော်ကျေးရွာ ဧရာဝတီဖောင်ဖွဲ့ရေးဒေသရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာ့သစ်လုပ်ငန်း ပဲခူးတိုင်းဒေသကြီး(အနောက်) ဒုတိယအထွေထွေမန်နေဂျာ ဦးသိန်းထွန်းက အမှာစကားပြောကြားပြီး ဧရာဝတီဖောင်ဖွဲ့ရေး မန်နေဂျာ ဦးသန်းမင်းဆွေ၊ ရွှေတောင်မြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးမိုးကျော်တို့က သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များ၊ မီးငြိမ်းသတ်ရန် နည်းလမ်းများကို ဆွေးနွေးပြောကြားခဲ့ကြသည်။

ထို့နောက် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ရွှေတောင်မြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမိုးကျော်နှင့် နတ်မှော်ကျေးရွာ ဧရာဝတီဖောင်ဖွဲ့ရေးဒေသမှ ဝန်ထမ်းများပူးပေါင်း၍ မီးသတ်ဆေးဘူးများဖြင့် လည်းကောင်း၊ မီးသတ်စက်ယာဉ်များဖြင့်လည်းကောင်း၊ မီးငြိမ်းသတ်မှုတို့ကို လက်တွေ့သရုပ်ပြသသည်။ ဆက်လက်၍ ပုတ်တန်းကျေးရွာအတွင်းရှိ သစ်ဖောင်ဖွဲ့ရေးဝန်ထမ်းများအား မီးဘေးကြိုတင်ကာကွယ်ရေးပညာပေးဟောပြောပွဲနှင့်သရုပ်ပြလေ့ကျင့်မှုတို့ကို သရုပ်ပြသခဲ့ကြောင်း သိရသည်။ **(၁၁၆)**

နွားပွဲဈေးက နွားအသုံးအဆောင်ပစ္စည်းများ ရာသီမရွေးအရောင်းအဝယ်ဖြစ်နေ

မလှိုင် ဒီဇင်ဘာ ၂၉

မလှိုင်မြို့ နွားပွဲဈေးတွင် လာရောက်ရောင်းချသော နွားနှင့်ပတ်သက်သည့် အသုံးအဆောင်ပစ္စည်းများ အရောင်းအဝယ်ဖြစ်နေပြီး နွားပွဲဈေးလာ ဒေသခံပြည်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

နွားပွဲဈေးတွင် လာရောက်ရောင်းချသော နွားနှင့်ပတ်သက်သည့် အသုံးအဆောင်ပစ္စည်းများမှာ နွားကြီးသုံးနဖားကြိုး၊ နွားလေးသုံးနဖားကြိုး၊ ဖောက်ထိုး(နဖားစတင်ဖောက်သည့်ကြိုး) ကြိုး၊ သားရေလည်ပတ်ကြိုးအမျိုးမျိုး၊ နွားလက်ကိုင်ချည်ကြိုးအမျိုးမျိုး၊ ခြူလုံးအကြီး၊ အသေး၊ အေးကွင်း(နွားလက်ကိုင်ကြိုးတွင် တပ်ဆင်အသုံးပြုသည့် အရာ)၊ ကျွဲ၊ နွား၊ မြင်းများအတွက် ဆေးဝါးများအပြင် တောင်သူသုံးဓား၊ အာမခံတံစဉ်၊ တူးရွင်းပြား၊ ထမ်းပိုးကြီးမှအစ နွားနှင်တံအဆုံး မျိုးစုံပါဝင်သည်။ နဖားကြိုးတစ်ချောင်း ငွေကျပ် ၄၀၀၊ ၃၀၀၊ ၂၀၀ အစားစားရှိပြီး သားရေလည်ပတ်ကြိုး တစ်ချောင်းလျှင် ကြေးတစ်ပွင့်တန်းနှစ်ပွင့်တန်း၊ သုံးပွင့်တန်းဟူ၍ ခွဲထားပြီး ငွေကျပ် ၁၅၀၀၊ ၂၅၀၀၊ ၃၀၀၀ အထိရှိသည်။ ခြူလုံးအကြီး အသေးလိုက်၍ ငွေကျပ် ၅၀၀ မှ ၁၅၀၀၊ လက်ကိုင်ချည်ကြိုးတစ်ချောင်းလျှင် ငွေကျပ် ၅၀၀ မှ ၁၅၀၀အထိ ရောင်းချရသည်။ "ကျွန်မတို့ မြစ်သားမြို့ကနေ လာရောင်းတာပါ။ သဲတောဈေးနေ့ကလွဲရင် မလှိုင်နွားပွဲဈေးကို ဈေးနေ့တိုင်းလာပါတယ်။ မလှိုင်နွားပွဲဈေးအပြင် ကူမဲဈေး၊ ရေဝန်းဈေး၊ ဝမ်းတွင်းနယ်အရှေ့ကန်မလည်ဈေးနှင့် သဲတောဈေးတို့လည်း ထွက်ပါတယ်။ အမြဲတမ်းရောင်းနေကျဆိုတော့ ရောင်းရပါတယ်။ ရောင်းတဲ့ ပစ္စည်းလည်း အာမခံနှင့် သူ့ဈေးနဲ့သူ ရောင်းတယ်။ နွားပွဲဈေးမှာက မရှိမဖြစ် ပစ္စည်းလိုလည်းဖြစ်နေတော့ ရာသီမရွေး ရောင်းနေရပါတယ်"ဟု မြစ်သားမြို့က လာရောင်းသူ မမြတ်သင်းလှိုင်ကပြောပြသည်။ **အောင်ငွေး(မလှိုင်)**

နိုင်ငံခြားဖြစ်ပုလင်းခွံလွတ်များ ပြန်လည်တင်သွင်းခွင့်ပြု

ရန်ကုန် ဒီဇင်ဘာ ၂၉

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် ချောင်းဝဆိပ်ကမ်းတွင် ဒီဇင်ဘာ ၂၆ ရက် ညနေ ၃နာရီက လွန်ခဲ့သော လအနည်းငယ်အတွင်းက တရားမဝင်တင်သွင်းလာသော နိုင်ငံခြားဖြစ်ပုလင်းခွံလွတ်များကို ကျပ်သိန်းပေါင်း ထောင်ချီသိမ်းဆည်းအရေးယူခဲ့သော်လည်း ယခုအခါတွင် ပြည်တွင်းလိုအပ်ချက်အရ တင်သွင်းခွင့်ပြုခဲ့ရာ ရန်ကုန်ကော့သောင်းပြေးဆွဲနေသော m.v ရွှေသုန္ဒရီ(၄) သင်္ဘောပေါ်တွင် နိုင်ငံခြားဖြစ်ပုလင်းခွံလွတ်အိတ်များကို မိုးထက်နေမင်း၊ မင်္ဂလာရွှေမောင်းသံနှင့်မင်းသီဟနိုင်ကုမ္ပဏီများက တာဝန်ယူတင်သွင်းကြောင်း သိရသည်။

ကော့သောင်း-ရန်ကုန်ပြေးဆွဲနေသော အေဝမ်းသင်္ဘောပေါ်တွင် တနင်္သာရီတိုင်းဒေသကြီးဆန်ကုန်သည်ကြီးများ အစီအစဉ်ဖြင့်ဆန်အိတ်၁၅၀၀၀ တင်ဆောင်နေပြီး တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များသို့ ဖြန့်ဖြူးရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။ **ကျော်မြင့်အေး (ပြန်/ဆက်)**

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ မြေကွက်အမှတ် ၁၆၄၄/ခ၊ မြေကွက်တည်နေရာအမှတ်၁၆၄၄/ခ၊ တိုးချဲ့ ၂လမ်း၊ ၁/အနော်မာရပ်ကွက်၊ သာကေတမြို့နယ် ဦးကျော်ဟိုးအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးကျော်ဟိုး(ဖခင်)နှင့်ဒေါ်အုံး (မိခင်)တို့ ကွယ်လွန်သဖြင့် သမီးများဖြစ်သော ဒေါ်သန်းသန်းဌေး ၁၄/ပတန(နိုင်)၁၆၀၅၂၈၊ ဒေါ်သင်းသင်းကြူ ၁၄/ဟသတ(နိုင်)၂၄၇၀၂၆မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထား လာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ကုန်းလမ်းပို့ဆောင်ရေးပစ္စည်းထိန်းဗဟို စခန်းရှိ မြေ ၃ဒသမ ၀၀ဧကနှင့် အင်းစိန်မြို့နယ်၊ ကုန်စည်ပို့ဆောင်ရေးဌာနခွဲရှိ မြေ ၀ဒသမ ၉၈ဧကတို့အား သယ်ယူပို့ဆောင်ရေးကဏ္ဍနှင့်ဆက်စပ်သောလုပ်ငန်းများ ဖက်စပ်ဆောင်ရွက်နိုင်ရန် ပြည်တွင်း ပြည်ပလုပ်ငန်းရှင်များသို့ အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ **တင်ဒါတင်သွင်းရမည့်ရက်/အချိန်** - ၆-၂-၂၀၁၄ ရက် (ကြာသပတေးနေ့) နံနက် ၉ နာရီမှ ၁၂ နာရီအထိ
တင်ဒါစိစစ်မည့်နေရာ - ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၂၉)၊ နေပြည်တော်
တင်ဒါဖွင့်လှစ်မည့်ရက်/အချိန် - ၆-၂-၂၀၁၄ ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီ

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ၁၀၀၀၀ိ/-(ကျပ် တစ်သောင်းတိတိ)နှုန်းဖြင့် အမှတ်(၃၇၅)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်တွင် ၂-၁-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။
(ပြန်ကြားရေးဝန်ကြီးဌာန Web Media Protal တွင်လည်း သတင်းဝင်ရောက်ကြည့်ရှုနိုင်ပါသည်။)

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ဖုန်း-၀၁-၂၅၂၅၇၃၊ ၀၁-၂၅၂၅၇၄

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အောင်ဇမ္ဗူရပ်ကွက်၊ ညောင်ပင်ဝိုင်းကွက်သစ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃/ညောင်ပင်ဝိုင်း)၊ မြေကွက်အမှတ် ၁၄၇၊ ဧရိယာ ၀ဒသမ ၀၈၂ ဧက၊ မြေကွက်တည်နေရာအမှတ် ၁၄၇၊ ညောင်ပင်ဝိုင်းကွက်သစ်၊ အောင်ဇမ္ဗူရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်ရှိ ဦးသန်းအောင် ၉/ပမန(နိုင်)၀၀၇၄၃၀ အမည်ဖြင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ချထားပေးသောမြေကွက်ဖြစ်ပြီး မြေကွက်ယာယီစလစ်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် တရားရုံးကျမ်းကျိန်လွှာ၊ ရဲစခန်းထောက်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်စသည့် အထောက်အထားများတင်ပြပြီး **မြေပေးစလစ်မိတ္တူမှန်** လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြပြီး ယနေ့မှစ၍ ၁၄ ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း

(ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း မီတာများအား ဆီးလ်ခတ်ရန်အတွက် လိုအပ်သော Mega Twister Seal(Red)(500000) Nos ကို မြန်မာကျပ်ငွေ(Kyat)ဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါစတင်ရောင်းချမည့်ရက် - ၂၉-၁၂-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက် - ၅-၁-၂၀၁၄ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၂:၀၀ နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ တင်ဒါကြီးကြပ်ရေးအဖွဲ့
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၃၈)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၅၃၈၊ ဖက်စ်-၀၆၇-၄၁၁၅၃၉

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းအတွက်

(ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း(ရုံးချုပ်)၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မော်တော်ယာဉ်များအတွက် လိုအပ်သောတာယာ (၂၉)မျိုးနှင့် ဘက်ထရီ(၇)မျိုးအား မြန်မာကျပ်ငွေ(Kyat)ဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပေးသွင်းမှုကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၈ရက် မွန်းတည့် ၁၂:၀၀ နာရီတွင် ပိတ်ပါမည်။

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

ပစ္စည်းစီမံရေးဌာန
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
ရုံးအမှတ်(၃၈)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၅၃၉၊ ၀၆၇-၄၁၁၅၃၈၊ Fax-၀၆၇-၄၁၁၅၃၉

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃၊ ပေါင်းလောင်း(၃)၊ မြေကွက်/ဦးပိုင်အမှတ် ၁၈၆၂၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဦးစုအမည်ဖြင့် ပိုင်ဆိုင်သော အငှားဂရန်မြေကွက်အား ဦးစု ၉/ပမန(နိုင်)၀၀၇၁၅၀ (ဘ)ဦးမှူးက ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားဂရန်သက်တမ်းတိုး လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

မူးယစ်ဆေးဝါးများ ကောလင်းနှင့်ဝန်းသို၌ ဖမ်းမိ

ကောလင်း ဒီဇင်ဘာ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်းမြို့နယ် ကိုင်းဝန်းကျေးရွာတွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီခွဲက ကောလင်းမြို့နယ် ချောင်းနားရဲစခန်းမှူး ရဲအုပ်ဇော်ဝင်းနှင့်အဖွဲ့သည် ခရိုင်ရဲမှူး၏ မူးယစ်ဆေးဝါးပပျောက်ရေးစီမံချက်အရ ကိုင်းဝန်းကျေးရွာနေ ထွန်းရွှေဆိုသူ၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နေအိမ်ပေါ်တွင် ထွန်းရွှေ၊ ထွန်းဇော်၊ နိုင်ဦး တို့သုံးဦးကို တွေ့ရှိရပြီး ထွန်းရွှေဝတ်ဆင်ထားသော အနွေးထည်အကျႌ အိတ်ကပ်အတွင်းမှ ဆေးထိုးပိုက်နှင့်တွဲလျက် အပ်တစ်ချောင်း၊ ဘိန်းဖြူဟုယူဆရသော အဖြူမှုန့် အလေးချိန် ၁ ဒသမ ၀၅ ဂရမ်ပါ ပုလင်းတစ်လုံးတို့ကို ရှာဖွေတွေ့ရှိခဲ့ရသဖြင့် ဥပဒေအရ အရေးယူပေးပါရန် တိုင်ကြားထားသောအမှုဖြစ်ကြောင်း သိရသည်။

မူးယစ်ဆေးဝါး လက်ဝယ်ကိုင်ဆောင်သူ ထွန်းရွှေ(၄၇နှစ်)၊ နိုင်ဦး(၄၂နှစ်)၊ ထွန်းဇော်(၂၆နှစ်) ကိုင်းဝန်းကျေးရွာ ကောလင်းမြို့နယ်နေသူတို့ကို ဖမ်းဆီးအရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

အလားတူ ဒီဇင်ဘာ ၂၅ ရက်က ကသာခရိုင် ထနအဖွဲ့မှ ဒုရဲအုပ် အောင်မျိုးထိုက်နှင့်အဖွဲ့သည် ဝန်းသိုရဲစခန်းမှ ဒုရဲအုပ် ဇော်လင်းထွန်းနှင့်အဖွဲ့နှင့်အတူ ဝန်းသိုမြို့နယ် ပိန်းကံကျေးရွာအနီး စောင့်ဆိုင်းနေစဉ် ဇော်ထက်အောင်(ခ) ဇော်ဇော်အောင် ဆိုသူကို မသင်္ကာ၍ သက်သေများနှင့်အတူရှာဖွေရာ ဇော်ဇော်အောင် ဝတ်ဆင်ထားသော အကျႌအိတ်ကပ်အတွင်းမှ အနက်ရောင်ပလတ်စတစ်ဖြင့် ဖုံးထားသည့် ဘိန်းဖြူဟု ယူဆရသော အဖြူမှုန့် အလေးချိန် ၀ ဒသမ ၃ ဂရမ်ခန့်ထည့်ထားသော ပင်နီဆီလင်ပုလင်းငါးလုံးကို ရှာဖွေစစ်ဆေးတွေ့ရှိရသဖြင့် ဥပဒေအရ အရေးယူဆောင်ရွက်ထားသော အမှုဖြစ်ကြောင်း သိရသည်။

မူးယစ်ဆေးဝါးလက်ဝယ်ကိုင်ဆောင်သူ ဇော်ထက်အောင် (ခ) ဇော်ဇော်အောင် (၂၈နှစ်) ကျပန်း ပိန်းကံကျေးရွာ ဝန်းသိုမြို့နယ်နေသူကို ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

လှအောင် (ကသာ)

အလယ်အလတ်အဆင့်အရာထမ်းစီမံခန့်ခွဲမှု သင်တန်းအမှတ်စဉ်(၄၇)သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၉

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)ကေတုမတီခန်းမ၌ ယနေ့နံနက် ၇ နာရီခွဲတွင် အလယ်အလတ်အဆင့် အရာထမ်း စီမံခန့်ခွဲမှုသင်တန်းအမှတ်စဉ်(၄၇)သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပရာ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)ပါမောက္ခချုပ် ဦးညီညီစံက သင်တန်းဆင်းအမှာစကားပြောကြားသည်။

ယင်းသင်တန်းသို့ ဗဟိုအာဏာပိုင်အဖွဲ့အစည်းများနှင့်ဝန်ကြီးဌာနများမှ ဒုတိယညွှန်ကြားရေးမှူးနှင့် လက်ထောက်ညွှန်ကြားရေးမှူးအဆင့်ရှိ အရာထမ်းသင်တန်းသား၊ သင်တန်းသူ ၇၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်ခဲ့သည်။

(သတင်းစဉ်)

သီးညှပ်စိုက်ပျိုးခြင်း အညာခလေ့

ရေစကြို ဒီဇင်ဘာ ၂၉

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်မှ တောင်သူများသည် သီးနှံများကို ရာသီအလိုက် စိုက်ပျိုးကြရာတွင် သမားရိုးကျစိုက်ပျိုးခြင်းထက် သီးထပ်အပြင် သီးညှပ်စိုက်ပျိုးခြင်းဓလေ့ကို ကုန်းပိုင်းဒေသနှင့်ကျွန်းပိုင်းဒေသတွင် စိုက်ပျိုးလေ့ရှိသည်။

ယခုအခါ ဆောင်းသီးနှံများစိုက်ပျိုးကြရာတွင် ကန်စွန်းဥနှင့်ဖူးစားပြောင်း၊ မြေပဲနှင့် ဖူးစားပြောင်း၊ ပဲဇီးကွက်၊ ပဲလွန်းပြာ၊ ပဲလွန်းဖြူ ထောပတ်ပဲ၊ ပဲကြီးနှင့်ဖူးစားပြောင်း၊နေကြာ၊ ပဲစင်းငုံနှင့်နှမ်း၊ ဝါနှင့်ငရုတ် စသည်ဖြင့် သီးညှပ် စိုက်ပျိုးထားရှိသည်။ ကျွန်တော်တို့ ဒေသက ချင်းတွင်းမြစ်ရေဝင်ဒေသ ဖြစ်ပါတယ်။ မြစ်ရေကျသွားတာနဲ့ရာသီမီအောင်ထွန်ယက်စိုက်ပျိုးကြရပါတယ်။ စိုက်ပျိုးတဲ့အခါမှာလည်း သီးညှပ်ကို အဓိကထား စိုက်ပျိုးကြပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သီးနှံတစ်မျိုးတည်းစိုက်ပျိုးလို့ မအောင်မြင်ရင် လုံးဝရှုံးတယ်။ သီးညှပ်စိုက်တော့ တစ်မျိုးမအောင်မြင်ရင် တစ်မျိုးအောင်မြင်တော့ အရှုံးသက်သာတာပေါ့။ ပြီးတော့ သီးညှပ်စိုက်ပျိုးခြင်းအားဖြင့် အသီးအနှံတွေ အောင်မြင်ဖြစ်ထွန်းဖို့ အဓိကကျတဲ့ ဝတ်မှုန်ကူးမှုအတွက်လည်း အများကြီးအထောက်အကူဖြစ်စေပါတယ်။ဒီနှစ်မှာ မြေပဲ၊ ဖူးစားပြောင်းနဲ့ နေကြာစိုက်ပျိုးထား သလို ပဲဇီးကွက်၊ ဖူးစားပြောင်း၊ နေကြာတို့ကို စိုက်ပျိုးထားကြောင်း ချစ်သူရွာမှ တောင်သူ ဦးထွန်းဝင်းက ပြောပြသည်။ ရေစကြိုမြို့နယ်တွင် ဆောင်းသီးနှံများဖြစ်သော ဖူးစားပြောင်း ဧက ၆၀၀၀ကျော်၊ မြေပဲဧက ၁၈၀၀၀ ကျော်၊ နှမ်း ဧက ၆၅၀၀ ကျော်၊ နေကြာ ဧက ၃၀၀၀၀ ကျော်၊ ကုလားပဲ ဧက ၂၄၀၀၀ ကျော်၊ ပဲလွန်း ဧက ၃၅၀၀ ကျော်၊ ပဲကြီး ဧက ၁၀၀၀ ကျော်၊ ပဲစင်းငုံ ဧက ၇၀၀၀ ကျော်၊ မတ်ပဲ ဧက ၂၀၀၀ ကျော်၊ ထောပတ်ပဲ ဧက ၃၅၀ ကျော်နှင့် အခြားပဲဧက ၇၀၀၀ ကျော်၊ ငရုတ် ဧက ၁၂၀၀ ကျော်၊ ကြက်သွန်နီ ဧက၇၀၀၀ ကျော် စိုက်ပျိုးထားရှိကြောင်း လေ့လာသိရသည်။

ဖေထွဏ်းဇော်(ရေစကြို)

စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ကျေးလက်ဒေသမီးလင်းရေး ကွင်းဆင်းဟောပြော

ဆားလင်းကြီး ဒီဇင်ဘာ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ် ဆားခါး ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဒီဇင်ဘာ ၂၇ ရက် ညနေ ၃ နာရီက ကျေးလက်ဒေသမီးလင်းရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး ဟောပြောပွဲ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌ ဦးကျော်သောင်းက အမှာစကားပြောကြားပြီး မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးရဲလင်းကျော်က မီးသွယ်တန်းရေးနှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းပြောကြားသည်။

ဝိုင်းဝန်းစောင့်ရှောက်

မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းကြည်က စာဖတ်ခြင်းအကျိုးကျေးဇူး၊ ကျေးရွာစာကြည့်တိုက်များတွင် လစဉ်စာအုပ်စာစောင်တိုးပွားရေးနှင့် စာကြည့်တိုက်ရေရှည်ရှင်သန်ခိုင်မာရေး ကျေးလက်နေပြည်သူများက ဝိုင်းဝန်းစောင့်ရှောက်ပေးကြရေးတို့ကို ဟောပြောသည်။

အဆိုပါ ဟောပြောပွဲသို့ ကျေးလက်ဒေသဖွံ့ဖြိုးရေးကော်မတီများ၊ ရပ်မိရပ်ဖများ၊ ကျေးလက်ဒေသမီးလင်းရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ကျေးရွာစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ကျေးရွာပြည်သူများ စုစုပေါင်း ၁၁၅ ဦး တက်ရောက်ပြီး ကျေးရွာပြည်သူများ သိရှိလိုသော မေးမြန်းချက်များကို မြို့နယ်စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌ ဦးကျော်သောင်းက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

ပုံတောင်-ပုံညာ-ကျင်းကျေးရွာတွင် ဖုန်းတာဝါတိုင်စိုက်ထူရန် ဒေသခံများမျှော်လင့်

ထီးလင်း ဒီဇင်ဘာ ၂၉

ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် ကျင်းကျေးရွာသည် ပခုက္ကူ-ပေါက်- ရေဖြူ-ကျင်း-ထီးလင်းကားလမ်း၌ တည်ရှိသော်လည်း ခရီးသည်တင်လိုင်းကားမရှိ၍ ဒေသရှိ ကုန်တင်ကားကြီး၊ မော်တော်ဆိုင်ကယ်များဖြင့် သွားလာရသည်။ ကျင်းဒေသ ၁၂ ရွာရှိ လူဦးရေ ၇၆၀၀ ကျော်နှင့် ရဲစခန်း၊ ပညာရေး၊ ကျန်းမာရေး စသည့် ဌာနဆိုင်ရာ ဝန်ထမ်းများသည် အဆိုပါ သွားလာရေး အခက်အခဲများနှင့်အတူ ဧရိယာတိုင်ထောင်ထားသော CDMA အထိုင်ဖုန်းများမှ အသံချဲ့စက်ဖြင့် မကြာမကြာ အော်ကာခေါ်ယူပြောဆိုနေရကြောင်း သိရသည်။

"တန်ဖိုးနည်း ဖုန်းတော့ မဲပေါက်တယ်။ ဆင်းကတ်က ၁၅၀၀ ကျပ်၊ ဟန်းဆက်၊ ငွေကတ်၊ ထီးလင်း (မြို့ပေါ်) သွား စရိတ်နဲ့ အားလုံးငွေကျပ် ၆၀၀၀၀ ကျော် ကုန်တယ်၊ ဖုန်းဆက်ချင်ရင် ရဲစခန်းနားက တောင်ကုန်း၊ ပုံတောင် နက်ထိပ်တစ်နေရာရာကို သွားပြီးပြောရတယ်။ ဖုန်းတာဝါတိုင်ရှိမှ ပိုအဆင်ပြေမှာပါ။ တာဝါတိုင်အမြန်ဆောက်စေချင်ပါတယ်"ဟု ဖုန်းမဲပေါက်သူ ကျင်းကျေးရွာ ရွာချင်းဆက် ကျေးရွာသားတစ်ဦးက ပြောပြသည်။

ကျင်းဒေသကျေးရွာများတွင် လွန်ခဲ့သော ဩဂုတ်လမှစ၍ နိုဝင်ဘာလအထိ တန်ဖိုးနည်းဖုန်းများ မဲစနစ်ဖြင့် လေးကြိမ်ရရှိပြီး အချိန်မရွေး၊ အလွယ်တကူ ဖုန်းပြောဆိုနိုင်ရန် ဖုန်းတာဝါတိုင် အမြန်တည်ဆောက်ပေးရေး ဒေသခံများ မျှော်လင့်လျက်ရှိကြောင်း သိရသည်။

ဖိုးသားလေး(ယောမြေ)

လူကုန်ကူးမှု
ပပျောက်မှ
နို့တွေ စိတ်မှာ
ချမ်းသာရ

ဘာသာရေးချစ်ကြည်ရေးအားကစားများ နှစ်စဉ်ကျင်းပလျက်ရှိ

ဟားခါး ဒီဇင်ဘာ ၂၉

ချင်းပြည်နယ်၏မြို့တော် ဟားခါးတွင် ပွင့်လင်းရာသီရောက်ရှိချိန်၌ ဘာသာရေးချစ်ကြည်ရေး အားကစားများကို နှစ်စဉ် အစဉ်အလာမပျက် ကျင်းပလျက်ရှိကြောင်းသိရသည်။

အဆိုပါ ချစ်ကြည်ရေးအားကစားများတွင် ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်းများပါဝင်ကြောင်း၊ ဘာသာရေး ခေါင်းဆောင်များညှိနှိုင်း၍ လူငယ်များအချင်းချင်း ပိုမိုရင်းနှီးလာစေရန် ပြုလုပ်ပေးခြင်းဖြစ်ကြောင်းနှင့် နှစ်သစ်ကာလသို့မဟုတ် ခရစ္စမတ်ကာလအတွင်း ကျင်းပခြင်းဖြစ်ကြောင်းတို့ကို Calvary အသင်းတော်မှ ဆရာဦးထပ်ကီးယို၏ ပြောပြချက်အရသိရသည်။

ဂဇေ(iprd)

စက်မှုလက်မှုသိပ္ပံ(အင်းစိန်)မြို့ပြအင်ဂျင်နီယာ ကျောင်းသား/သူဟောင်းများ၏ တတိယအကြိမ် အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

စက်မှုလက်မှုသိပ္ပံ (အင်းစိန်)မြို့ပြအင်ဂျင်နီယာ ကျောင်းသား/သူဟောင်းများ၏ တတိယအကြိမ် အာစရိယပူဇော်ပွဲကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၅ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသဖြင့် ရပ်နီးရပ်ဝေးမှ သူငယ်ချင်းများအား အကြောင်းကြားအပ်ပါသည်။

စင်ကာပူနှင့် နိုင်ငံခြားရောက် အင်းစိန် AGTI မြို့ပြ ကျောင်းသား ကျောင်းသူဟောင်းများနှင့် သူငယ်ချင်းများသည် (KBZ Bank Co., Ltd.) ၀၂၁၁၂၂၀၀၈၆၆၈၀သို့ အလှူငွေထည့်ဝင်လှူဒါန်းနိုင်ပါသည်။

ကျင်းပမည့်နေရာ - ရွှေကျင်သာသနာ လင်္ကာရမဟာဓမ္မဗိမာန်တော်ကြီး
(ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်အနီး)

မွေးနေ့မင်္ဂလာဆုမွန်လွှာ

၃၀-၁-၂၀၁၄ ရက်တွင် ကျရောက်သော Trust and Gain Company Limited, Managing Director ဦးကြည်ထွန်း၏ မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းရာကျော်တိုင်အောင် စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာဖြင့် ချစ်သော မိသားစု၊ ဝန်ထမ်းများနှင့်အတူ သာသနာအကျိုး၊ နိုင်ငံအကျိုး၊ အများအကျိုးကို တိုးမြှင့်ဆောင်ရွက်နိုင်ပြီး ကြည်နူးပျော်ရွှင်ဖွယ်ရာ ဘဝခရီးကိုလျှောက်လှမ်းနိုင်စေကြောင်း ဆုမွန်ကောင်းတောင်း အပ်ပါသည်။

Trust and Gain Company Limited. ဝန်ထမ်းများ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄၅၊ မြေကွက်အမှတ် ၁၁၃၆၊ မြေကွက်တည်နေရာအမှတ် ၁၁၃၆၊ ၁၄၅ရပ်ကွက်၊ ဒဂုံတောင်မြို့နယ် ဦးထွန်းလင်း ၁၂/လမန(နိုင်)၁၀၅၃၁၅အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးထွန်းလင်းမှ ပါမစ်ပျောက်ဆုံးကြောင်း ရဲစခန်း၊ ရပ်ကွက်ထောက်ခံချက်များ၊ ဌာနဝန်ခံချက်နှင့် ကျမ်းကျိန်လွှာတို့တင်ပြ၍ ဂရန်သစ်လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၈၊ မြေကွက်အမှတ် ၁၁၈၁၊ မြေကွက်တည်နေရာအမှတ် ၁၁၈၁၊ သုခမိန်လမ်း၊ ၁၈ရပ်ကွက်၊ ဒဂုံတောင်မြို့နယ် ဦးတင်ဦး TZI-၀၈၅၁၀၃ အမည်ပေါက်နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးတင်ဦး (ဖခင်)၊ ဒေါ်တင်အုန်း(မိခင်)တို့ ကွယ်လွန်၍ ဦးကျော်မင်းဌေး ၁၂/ဒဂတ(နိုင်)၀၃၆၂၉၈၊ ဦးနိုင်နိုင်ထွန်း ၁၂/မဂတ(နိုင်)၀၂၈၉၀၄၊ ဒေါ်စန်းစန်းထွေး ၁၂/မဂတ(နိုင်)၀၂၉၀၃၉၊ ဒေါ်ခင်သီတာဦး ၉/မရတ (နိုင်)၀၀၄၄၀၈ တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်နှင့် ခိုင်လုံသောအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်း

ဦးသန်းမြင့်အမည်ပေါက် ဦးအောင်ကိုဝင်းလက်ရောက်ရရှိဝယ်ယူပိုင်ဆိုင်ထားသော ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃)ရပ်ကွက်၊ စက်မှုလယ်ယာ ၂လမ်း၊ မြေကွက်အမှတ် ၃၂(ခေါင်းရင်းခြမ်း)၊ ပေ(၂၀×၆၀)ဂရန်မြေအမျိုးအစားမြေကွက်ကို ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်စန်းစန်းအုန်းမှ စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများကို တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်း အဝယ်ကို ပြီးဆုံးအောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဇော်ကျော်အောင်(စဉ်-၃၄၄၉၀)၊ LL.B, C.B.L
ဒေါ်ကြည်သာဝင်း(စဉ်-၂၉၅၅၃)၊ LL.B, LL.M
ဒေါ်နန်းဆိုင်အုံ(စဉ်-၃၄၅၃၀) LL.B
ဒေါ်ဇင်လင်းထွေး(စဉ်-၃၈၂၃၈)LL.B
ဦးမိုးမင်းဟိန်း(စဉ်-၃၈၂၉၂)LL.B
အထက်တန်းရှေ့နေများ(ရွှေဟသာ်ာအိမ်ခြံမြေဥပဒေအတိုင်ပင်ခံအကျိုးဆောင်)
အမှတ်-၈၆၄၊ ပင်လုံလမ်း၊ (၃၆)အဆင့်မြင့်ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၇၃၀၈၉၂၁၃၊ ၀၉-၄၃၁၃၃၇၅၁၊ ၀၉-၃၁၂၁၀၇၇၂၊ ၀၉-၃၁၃၀၂၆၂၉၊ ၀၉-၄၂၀၂၅၇၄၀၃

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃/ ချမ်းအေးအရှေ့၊ ဦးပိုင်အမှတ် ၄၈ᵃ၊ ဧရိယာ ၀ဒသမ၀၇၆ဧကရှိ ဦးမြ (ဇနီး)ဒေါ်ဆအိအမည်ဖြင့်ပိုင်ဆိုင်သော ဘိုးဘပိုင်မြေကွက်အား ဦးဝင်းဦးနိုင်(အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ) ၉/ပမန(နိုင်)၀၄၂၁၃၅ (ဘ)ဦးအောင်ဝင်းက ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

လွမ်းလုံးပိုက်ကျေးရွာတွင် စာပေဟောပြော

မြေပုံ ဒီဇင်ဘာ ၂၉

ရခိုင်ပြည်နယ် မြေပုံမြို့နယ် ငမန်းရဲကြီးကျေးရွာအုပ်စု လွမ်းလုံးပိုက်ကျေးရွာတွင် ပထမအကြိမ်မြောက် စာပေဟောပြောပွဲကို ဒီဇင်ဘာ ၂၅ ရက် ညက ကျင်းပသည်။

ရှေးဦးစွာ စာပေဟောပြောပွဲကျင်းပရေးကော်မတီဝင် ဦးစံရွှေမောင်က အမှာစကားပြောကြားသည်။ ထို့နောက် စာရေးဆရာများဖြစ်ကြသော ဖဒူစံရွှေ စစ်တွေညိုသန့်၊ ပံသုခင်(ရခိုင်ပြည်)၊ လေးဝတီခိုင်ကျော်တို့က ဟောပြောကြသည်။အဆိုပါ စာပေဟောပြောပွဲကို ည ၇ နာရီမှ နံနက် ၂ နာရီအထိ ကျင်းပရာ လွမ်းလုံးပိုက်အနီးပတ်ဝန်းကျင်ကျေးရွာများမှ စာပေဝါသနာရှင် ၁၀၀၀ ခန့် တက်ရောက်ကြောင်း သိရသည်။ **(လ/၀၀၃)**

ဆိုင်ကယ်အမောင်းကြမ်း၍ တစ်ဦးသေ၊ သုံးဦးဒဏ်ရာရ

ငါးသိုင်းချောင်း ဒီဇင်ဘာ ၂၉

ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့နယ်ခွဲ နယ်မြေရဲစခန်း အနောက်ဘက်လေးမိုင်ခန့် ပုသိမ်-မုံရွာကားလမ်းမကြီး မိုင်တိုင် (၁/၅၉)နှင့် (၂/၅၉) ကြား သနပ်ပင်ရိုးတံတားအနီး၌ ဒီဇင်ဘာ ၂၅ ရက် ညနေ ၅ နာရီခွဲက ဇော်မင်းထက်(၃၀ နှစ်) ကျွန်းထောင့်ကျေးရွာနေသူမောင်းနှင်၍ နောက်မှ ဦးသန်းဝင်း(၃၀နှစ်) ထန်းပင်ကျိုးကျေးရွာ စီးနင်းလိုက်ပါလာသော လွန်စင်း အမျိုးအစား DT 125 ဆိုင်ကယ်နှင့် ဦးမြင့်အောင်(၃၀နှစ်) မောင်းနှင်၍ နောက်မှ ဦးမြင့်မောင်(၆၀ နှစ်) မအူကုန်းအုပ်စု ထောင့်မှန်ကျေးရွာနေသူ စီးနင်းလိုက်ပါလာသော လော်ဂျား110အမျိုးအစားဆိုင်ကယ်တို့မျက်နှာချင်းဆိုင်တိုက်မိရာ ဦးမြင့်မောင်မှာ ဒဏ်ရာကြောင့် နေရာ၌ ပွဲချင်းပြီးသေဆုံးခဲ့ပြီး ကျန်သုံးဦးမှာ ပြင်းထန်သောဒဏ်ရာများရရှိ၍ ငါးသိုင်းချောင်းမြို့နယ်ခွဲဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

အဆိုပါယာဉ်တိုက်မှုနှင့်ပတ်သက်၍ မြို့နယ်ခွဲ နယ်မြေရဲစခန်းမှ ဒုရဲအုပ်ကြည်စိုးက တရားလိုပြုလုပ်၍ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

တရားမဝင်တင်သွင်းသော လိုင်စင်မဲ့ဆိုင်ကယ်များ ဖမ်းဆီးရမိ

ကျောက်မဲ ဒီဇင်ဘာ ၂၉

ကျောက်မဲမြို့ပေါ်တွင် တရုတ်နိုင်ငံမှ တရားမဝင်တင်သွင်းပြီး ရောင်းချနေသော လိုင်စင်မဲ့ တရုတ်မော်တော်ဆိုင်ကယ်များကို ဒီဇင်ဘာ ၂၅ ရက် ည ၇ နာရီက သက်ဆိုင်ရာအဖွဲ့အစည်းများပါဝင်သည့် ပူးပေါင်းအဖွဲ့က ရှောင်တခင်ဖမ်းဆီးရာ ဆိုင်ကယ်ပြုပြင်ရေးဆိုင်များ၌ ဆိုင်ကယ်ပျက်၍ ပြင်နေသောလိုင်စင်မဲ့ဆိုင်ကယ်လေးစီးကို ဖမ်းဆီးခဲ့သည်ဟု သိရသည်။

ကိုမင်းလွင် ဆိုင်ကယ်ပြုပြင်ရေးဆိုင်တွင် ပြုပြင်လျက်ရှိသော လိုင်စင်မဲ့ဆိုင်ကယ် သုံးစီး၊ စိုးညီနောင် ဆိုင်ကယ်ပြုပြင်ရေးဆိုင်၌ ဆေးမှုတ်ရန် အပ်နှံထားသော လိုင်စင်မဲ့ဆိုင်ကယ်တစ်စီး စုစုပေါင်းလေးစီး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

လိုင်စင်မဲ့ဆိုင်ကယ်အသစ်အရောင်းဆိုင်များမှ ဆိုင်ကယ်များ ဖမ်းဆီးရမိခြင်းမရှိသည့်အတွက် မြို့လူထုမှ စိတ်ဝင်စားလျက်ရှိသည်ဟု ဆိုကြသည်။ **မောင်မောင်(ကျောက်မဲ)**

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကျွာ စိတ်ချမ်းသာ

ကျိုင်းတုံ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ အထောက်အကူပြုသင်တန်းဖွင့်

ကျိုင်းတုံ ဒီဇင်ဘာ ၂၉

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျှော့နည်းပပျောက်ရေး လုပ်ငန်းစဉ်များကို အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ အထောက်အကူပြု သင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၁၀ နာရီက ကျိုင်းတုံမြို့စည်ပင်သာယာခန်းမ၌ ကျင်းပသည်။ အခမ်းအနားသို့ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီများ၊ ကျိုင်းတုံမြို့နယ်အတွင်းရှိ ကျေးရွာခြောက်အုပ်စုမှ သင်တန်းသား၃၀တို့ တက်ရောက်ကြ သည်။ ရှေးဦးစွာ အုပ်ချုပ်ရေးမှူး ဦးထူးလွင်က အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ရှမ်းပြည်နယ်ရုံးခွဲ (ကျိုင်းတုံ) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးမျိုးအောင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး သင်တန်းကာလမှာ ဒီဇင်ဘာ၂၇ ရက်မှ ၃၁ရက်အထိ ငါးရက်ဖြစ်ကြောင်း သိရသည်။ **မောင်မောင်နိုင်(iprd)**

လမ်းဖြတ်ကူးသူ အမည်မသိအမျိုးသားတစ်ဦး ယာဉ်တိုက်ခံရ၍ သေဆုံး

ရန်ကုန် ဒီဇင်ဘာ ၂၉

ဒီဇင်ဘာ ၂၆ ရက် ညပိုင်းက သာကေတမြို့နယ် ရှုခင်းသာလမ်းတွင် လမ်းဖြတ်ကူးသူ အမျိုးသားတစ်ဦးမှာ ယာဉ်တိုက်ခံရပြီးသေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၆ ရက် ည ၈ နာရီခွဲက သာကေတမြို့နယ် ရှုခင်းသာလမ်းအတိုင်း ယာဉ်မောင်းဝင်းနိုင် မင်္ဂလာဒုံမြို့နယ်နေသူမောင်းနှင်လာသော ယာဉ်အမှတ်မရှိ၊ အာရာဖတ်အနက်ရောင်ယာဉ်သည် ဆောက်လုပ်ရေး မှတ်တိုင်အနီးအရောက်တွင် လမ်းဖြတ်ကူးသူ အသက် ၄၀ ခန့်ရှိ အမျိုးသားတစ်ဦး (အမည်၊ နေရပ်လိပ်စာစုံစမ်းဆဲ) ကိုတိုက်မိရာ ယာဉ်တိုက်ခံရသူတွင် ဒဏ်ရာများရရှိပြီး ရန်ကုန်ဆေးရုံကြီးသို့ တင်ပို့ကုသစဉ် သေဆုံးသွားခဲ့သဖြင့် ယာဉ်မဆင်မခြင် မောင်းနှင်သူ ဝင်းနိုင်ကိုသာကေတနယ်မြေရဲစခန်းက အမှုဖွင့်၍ ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **စိုးဝင်း(SP)**

အရန်မီးသတ်တပ်ဖွဲ့ဝင်များအား မီးသတ်တူညီဝတ်စုံများပေး

ဖြူး ဒီဇင်ဘာ ၂၉

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၇၃ အုပ်စုတို့မှ ကျေးရွာပေါင်း ၃၃၅ ရွာအတွင်းရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များအား မီးသတ်ဦးစီးဌာနရုံးချုပ်၏ အစီအစဉ်ဖြင့် ကျပ်တစ်သောင်းတန်မီးသတ်တူညီဝတ်စုံများကို မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ဦးစီးမှူး၊ ရပ်မိ/ရပ်ဖတစ်ဦးနှင့် ဒေသအရန်မီးသတ်တာဝန်ခံတစ်ဦးတို့ပါဝင်သော တူညီဝတ်စုံထုတ်ပေးရေးကော်မတီဖွဲ့စည်းပြီး ဒီဇင်ဘာ ဒုတိယပတ်မှစတင်၍ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စုများ အရောက်ထုတ်ပေးလျက်ရှိသည်။

တောင်ငူခရိုင် ဖြူးမြို့နယ်အတွင်း ရပ်ကွက်နှင့် ကျေးရွာအုပ်စုပေါင်း ၇၃ အုပ်စုရှိပြီး ကျေးရွာပေါင်း ၃၃၅ ရွာတို့မှ ပြည်သူသုံးသိန်းခန့်တို့ကို မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် စေတနာရှင် အရန်မီးသတ်တပ်ဖွဲ့ဝင်များအား တက်ကြွနိုးကြားစွာ ဆောင်ရွက်နိုင်ရန် မီးသတ်ဦးစီးဌာနရုံးချုပ်မှ အရန်မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးလျှင် ကျပ်တစ်သောင်းတန် မီးသတ်တူညီဝတ်စုံများကို ပံ့ပိုးထုတ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ဖြူး-မြင့်ဦး**

မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြလေ့ကျင့်

ရန်ကုန် ဒီဇင်ဘာ ၂၉

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်တွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်မောင်သိန်း၊ မြို့မရဲစခန်းမှူး ဒုရဲမှူး ခင်မောင်လွင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ကျော်သူအောင်နှင့်အဖွဲ့ဝင်များသည် ဒီဇင်ဘာ ၂၇ ရက် ညနေ ၃ နာရီက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး မီးငြိမ်းသတ်လက်တွေ့သရုပ်ပြလေ့ကျင့်ခြင်းကို ရဲတပ်ဖွဲ့ဝင်များနှင့်မိသားစုများက ဒလမြို့မရဲစခန်းဝင်းအတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်မီးသတ်ဦးစီးမှူး ကျော်သူအောင်က လျှပ်စစ်မီး မီးလောင်မှုကိုပါ မီးငြိမ်းသတ်နိုင်သည့် Dry Chemical Powder Type မီးသတ်ဆေးဘူး အသုံးပြုပုံကို ရှင်းလင်းပြောကြားကာ လက်တွေ့သရုပ်ပြသပြီးနောက် ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများကို မီးသတ်ဆေးဘူးဖြင့်မီးငြိမ်းသတ်မှုကို လက်တွေ့သရုပ်ပြ လေ့ကျင့်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သန်းဌေး(ဒလ)**

လူဦးရေနှင့်အိမ်အကြောင်းအရာ ပညာပေး

လက်ပံတန်း ဒီဇင်ဘာ ၂၉

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့ မကျီးကွင်းအုပ်စု ဂရံစံပြကျေးရွာ ဗုဒ္ဓတစ်ထောင်သိဒ္ဓိအောင်ကျောင်း ဓမ္မာရုံ၌ ဒီဇင်ဘာ ၁၉ ရက် ညနေ ၃ နာရီက လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းပညာပေးဟောပြောပွဲကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဦးစီးဌာနမှူးက လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းနှင့်ပတ်သက်၍ ပညာပေးဟောပြောရာ တက်ရောက်လာကြသည့်ပြည်သူများက သိရှိလိုသည်များ မေးမြန်းခြင်းကို တိုင်းဒေသကြီး ဦးစီးဌာနမှူး၊ ခရိုင်ဦးစီးဌာနမှူး ဦးကျော်ထွဋ်၊ မြို့နယ်ဦးစီးအရာရှိ ဦးတင်ထွန်းတို့က ပြန်လည်ဖြေကြားပြီး ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသောင်းညွှန့်ကလာရောက်၍ ပညာပေးဟောပြောပေးသည့်အတွက် ကျေးဇူးတင်ရှိကြောင်း ပြန်လည်ပြောကြားသည်။ **(၀၉၈)**

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၌ ရန်ကုန်တိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတွင် အောက်ဖော်ပြပါ ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါ၍ လုပ်ငန်းရှင်များ အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

(က) ဒဂုံအရှေ့မြို့နယ်၊ ရွာသာကြီး(အရှေ့ကွင်း)၊ အမှတ်(၂)လမ်းနှင့် (၁၄၀) ရပ်ကွက်သွားလမ်းထောင့်တွင် မြေ(၁၀)ဧက မြေဖို့ခြင်း၊

(ခ) အဆိုပါမြေနေရာတွင် ပေ(၆၀×၄၀) ရုံးအဆောက်အအုံ(တစ်ထပ်) ဆောက်လုပ်ခြင်း

၂။ သို့ပါ၍ စိတ်ပါဝင်စားသူလုပ်ငန်းရှင်များအနေဖြင့် အထက်ပါလုပ်ငန်းများနှင့်ပတ်သက်၍ မြေဖို့ရမည့်ဧရိယာ၊ ဆောက်လုပ်ရမည့်ပုံစံ၊ အတိုင်းအတာအသေးစိတ် အချက်အလက်များပါဝင်သော အိတ်ဖွင့်တင်ဒါ လျှောက်လွှာပုံစံအား ရုံးချိန်အတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ အမှတ်(၄၆)ရပ်ကွက်၊ ရွှေလီ ၁ လမ်း (ဗိုလ်မှူးဗထူးလမ်းမကြီးအနီး)တွင် လာရောက် ဝယ်ယူနိုင်ပါသည်။

၃။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၆-၁၂-၂၀၁၃ ရက်
တင်ဒါပုံစံရောင်းချမှုနောက်ဆုံးရက် - ၃-၁-၂၀၁၄ ရက် (၁၆း၀၀)နာရီ

၄။ အသေးစိတ်သိလိုသော အချက်အလက်များအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံး ဖုန်း-၀၉-၄၉၂၉၃၂၅၇၊ ၀၉-၄၂၀၀၇၇၀၇၄တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/ဆေးစက်၊ မြေကွက်အမှတ် ၄၉၆၊ မြေကွက်တည်နေရာအမှတ် ၁၅၊ (၂)လမ်း၊ ဇေယျာသီရိရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးသော်ဒါ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးသော်ဒါ(ခင်ပွန်း) ကွယ်လွန်သဖြင့် ဒေါ်မြရီ ၁၂/ဒပန(နိုင်)၀၀၂၈၃၅က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့်သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

စက်မှုလက်မှု အထက်တန်းကျောင်း အမှတ် (၂)၊ ရန်ကုန် (ဘောင်ဒရီ)
၂၀၁၄ခုနှစ် နဝမအကြိမ် မြတ်ဆရာပူဇော်ပွဲနှင့် ကျောင်းသားများတွေ့ဆုံပွဲဖိတ်ကြားလွှာ

စက်မှုလက်မှု အထက်တန်းကျောင်း အမှတ်(၂)တွင် ပညာသင်ယူခဲ့ကြသော တပည့်များမှ ဆရာကြီး ဆရာမကြီးများအား ဂါရဝပြုပူဇော်ကန်တော့ရန်နှင့်ကွဲကွာနေသော ဆရာတပည့်များ ပြန်လည်တွေ့ဆုံနိုင်ရန် အောက်ပါအစီအစဉ်အတိုင်း ကြွရောက်ပါရန် ရိုသေစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက်	- ၂၀၁၄ခုနှစ် ဇန်နဝါရီ ၁၂ရက် (တနင်္ဂနွေနေ့)
အချိန်	- နံနက် ၈း၀၀နာရီမှ ၁၁း၃၀နာရီအထိ
အခမ်းအနားစတင်ချိန်	- နံနက် ၈း၃၀နာရီ
နေရာ	- Dolphin Restaurant မြေပဒေသာကျွန်း၊ နတ်မောက်လမ်း၊ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ရှေ့၊ ဗဟန်းမြို့နယ်

ကိုခင်ဆွေ **(R-72)** ဖုန်း-၀၉-၇၃၁၃၁၉၅၇၊
ကိုဇော်ဇော်ထွန်း **(BC-94)** ဖုန်း-၀၉-၂၅၄၀၄၃၃၂၆

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၃၂၊မြေကွက်အမှတ်၁၅၂၊မြေကွက်တည်နေရာအမှတ်၁၅၂၊ (၃၂)ရပ်ကွက်၊ ဒဂုံမြောက်မြို့နယ် ဦးစံလု CE-၀၃၅၁၀၀အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးစံလုကွယ်လွန်သဖြင့် ဒေါ်လှမြင့် ၁၂/ဒဂန(နိုင်) ၀၀၈၂၇၃က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထား များဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်တရားမရုံးတော်၌
၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ် ၃၂ နှင့်ဆက်သွယ်သည့်
၂၀၁၃ ခုနှစ် တရားမဇာရီမှုအမှတ်-၂၇

ဦးကြည်ညွှန့် **နှင့်** ၁။ ဦးသိန်း ၂။ ဒေါ်သန်းနွယ် ၃။ ဦးအုန်းကြည် ၄။ ဦးတင်မောင်အေး ၅။ ဦးခင်ဝင်း ၆။ ဒေါ်အမာ ၇။ ဒေါ်လတ်လတ်ဆွေ ၈။ ဦးမြင့်ဌေး ၉။ ဦးထွဋ် ၁၀။ ဒေါ်ခင်စုစု

တရားနိုင် **တရားရှုံးများ**

ဒေါ်အမာ အမှတ်၂/သ၊ သာယာအေးလမ်းသွယ်(၃)၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် နေ(ယခုနေရပ်လိပ်စာမသိ)နှင့်ဒေါ်ခင်စုစု အမှတ်၂/၁၊ ဘီပီအိုင်ရိပ်သာ၊ကြို့ကုန်း၊အင်းစိန်မြို့နယ် (ယခုနေရပ်လိပ်စာမသိ)တို့သိစေရမည်။

၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၃၂တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံး တော်တွင် တရားနိုင် ဦးကြည်ညွှန့်က လျှောက်ထားသည်ဖြစ်၍မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့် အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၄ခုနှစ် ဇန်နဝါရီ ၁၄ရက် (၁၃၇၅ခုနှစ် ပြာသိုလဆန်း ၁၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **(စန္ဒာကျော်)**
တွဲဖက်မြို့နယ်တရားသူကြီး(၂)
မရမ်းကုန်းမြို့နယ်တရားရုံး

မန္တလေးသမိုင်းလေ့လာနေသူများ ဤစာအုပ်ကို လက်မလွှတ်သင့် နတ်မောက်ထွန်းရှိန်- ရေး မန္တလေးခေတ် ပိဋကတ်ပုံနှိပ်တိုက်များ နှင့် မန္တလေးခေတ် ပိဋကတ်စာအုပ်ဆိုင်များ စာအုပ်

ဆိုင်ပေါ်ရောက်နေပြီ
မန္တလေး ဖြန့်ချိရေး - ထွန်းဦး စာပေ
ရန်ကုန် - ပဥ္စဂံ စာအုပ်တိုက်

ထီးချိုင့်၌ ပရိယတ္တိဓမ္မာနုဂ္ဂဟစာတော်ပြန်ပွဲကျင်းပ

ထီးချိုင့် ဒီဇင်ဘာ ၂၉

ပထမအကြိမ် ထီးချိုင့်မြို့နယ်လုံးဆိုင်ရာ ပရိယတ္တိဓမ္မာနုဂ္ဂဟစာတော်ပြန်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၉နာရီက ထီးချိုင့်မြို့ အမှတ်(၂)ရပ်ကွက် ရွှေတောရကျောင်း၌ ကျင်းပသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဖွင့်လှစ်ပြီးနောက် ထီးချိုင့်မြို့နယ် အမျိုးဘာသာသာသနာ စောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ရွှေဂူတောင်ဆရာတော်ကြီးထံမှ ငါးပါးသီလနှင့် သြဝါဒခံယူဆောက်တည်ကြသည်။ ထို့နောက် စာတော်ပြန်ပွဲ ဖြစ်မြောက်ရေး အကျိုးတော်ဆောင် အဖွဲ့ဥက္ကဋ္ဌ ဆရာတော် အရှင်ဇယန္တ(ရန်ကုန်မြို့)မှ စာတော်ပြန်ပွဲနှင့် ပတ်သက်၍ လျှောက်ထားပြီး မြို့နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် မစိုးရိမ်ဆရာတော်က လည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ကိုယ်စား အမှတ်(၂)ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးခင်မောင်လွင်က လည်းကောင်း၊ တည်တောဆရာတော်ကလည်းကောင်း ကျေးဇူးတင်စကားမြွက်ကြားပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ စာတော်ပြန်ပွဲ ဝင်ရောက်ဖြေဆိုစာပြန်ကြမည့် သာမဏေများ ကြီးကြပ်ဆောင်ရွက်ကြမည့် ဆရာတော်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အလှူရှင်များ တက်ရောက်ကြပြီး စာတော်ပြန်ပွဲကို သုံးရက်တိတိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(စောကလျာ)

ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး ကလေးကုသဆောင် ဓာတ်လှေကားတပ်ဆင်ရန် ကျပ်သိန်းတစ်ထောင်လှူဒါန်း

ရန်ကုန် ဒီဇင်ဘာ ၂၉

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ရန်ကုန်အနောက်ပိုင်းဆေးရုံကြီးကလေးကုသဆောင်လေးထပ်အဆောက်အအုံအတွက်ဓာတ်လှေကားတစ်စင်းဆောက်လုပ်တပ်ဆင်ရန် အလှူငွေပေးအပ်ပွဲကို ဒီဇင်ဘာ ၂၇ရက် ညနေ ၃နာရီက ကလေးကုသဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး တိုင်းကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဦးအေးကိုကို၊ ဆေးရုံအုပ်ကြီး ဒေါက်တာဦးသန်းထွန်းတို့က အမှာစကား ပြောကြားသည်။

ဆက်လက်၍ ကြည့်မြင်တိုင်မြို့နယ် ရွှေလှိုင်လမ်း အမှတ်(၇)နေ ကွယ်လွန်သူ မိဘနှစ်ပါးဖြစ်သော ဦးဝေးရာ-ဒေါ်ကျင်အေးမိသားစုတို့က ကလေးကုသဆောင်ဓာတ်လှေကား ဆောက်လုပ်ရန်အတွက် ငွေကျပ်သိန်းတစ်ထောင်ပေးအပ်လှူဒါန်းရာ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်ခင်ဆွေကလက်ခံပြီးဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ကြောင်းသိရသည်။

(အပေါ်ဝဲပုံ)တင်စိုး(မြန်မာ့အလင်း)

တောင်သူများမြေပဲကောက်သင်းကောက်ရသဖြင့် အဆင်ပြေ

မြိုင် ဒီဇင်ဘာ ၂၉

မြန်မာပြည်အလယ်ပိုင်း မိုးခေါင်ရေရှားရပ်ဝန်းဒေသဖြစ်သော မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်၊ မြိုင်မြို့နယ် ကြည့်ကန်းကျေးရွာအုပ်စု၊ တောရွာမှတောင်သူဦးကြီးများသည် မိုးမြေပဲကို မေလက စိုက်ပျိုးကြပြီး နိုဝင်ဘာ လဆန်းပိုင်းတွင် မြေပဲများ ဖော်ကြသည်။ ယင်းသို့ ဖော်ရာ၌ ယင်းကျေးရွာမှ အကူလက်လုပ်အလုပ်သမားများက အခမဲ့မြေပဲလိုက်သိမ်းပေးကြသည်။ ယင်းမြေပဲခင်းမှ မြေပဲရိတ်သိမ်းအပြီးတွင် မြေပဲခင်းပိုင်ရှင် တောင်သူများက အပင်မှအောက်သို့ ကျနေသည့်မြေပဲများအားအခမဲ့ကူညီသည့် လုပ်သားများအတွက် အခမဲ့ ကောက်ယူခွင့်ပြုပေးကြသဖြင့် လူတစ်ဦးလျှင် တစ်နေ့ပျမ်းမျှမြေပဲ ၁၀ပြည်မှ ၂ပြည်အထိရရှိကာမြေပဲ တစ်ပြည်လျှင်သုံးရာကျပ်ဈေးရောင်းချရပြီး လူတစ်ဦး တစ်နေ့ပျမ်းမျှငွေကျပ်သုံးထောင်ခန့်ရရှိသဖြင့်လက်လုပ်လုပ်သားများစားဝတ်နေရေးအဆင်ပြေချောမွေ့ကြောင်း သိရသည်။**(၁၀၂)**

ဒဂုံမြို့သစ်(ဆိပ်ကမ်း)၌ လျှပ်စစ်အန္တရာယ် ကင်းရှင်းစေရေးနှင့် ဓာတ်အားပျောက်ဆုံးမှု လျော့နည်းစေရေးဆောင်ရွက်

ရန်ကုန် ဒီဇင်ဘာ ၂၉

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် (၈၇)ရပ်ကွက်၌ ဒီဇင်ဘာ ၂၁ ရက် နံနက် ၁၁ နာရီက လျှပ်စစ်အန္တရာယ် ကင်းရှင်းစေရေးနှင့် ဓာတ်အားပျောက်ဆုံးမှု လျော့နည်းစေရေးကို ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် လျှပ်စစ်ဓာတ်အားပေးရေးရုံးမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စန်းအောင်ဦးစီး၍ လျှပ်စစ်အင်ဂျင်နီယာဌာန လိုင်းဝန်ထမ်းများက ကွင်းဆင်း၍ (၈၇)ရပ်ကွက်အတွင်း မိဘပြည်သူများ လျှပ်စစ်အန္တရာယ် ကင်းရှင်းစေရေး၊ ဓာတ်အားပျောက်ဆုံးမှု လျော့နည်းစေရေးအတွက် ဓာတ်အားလိုင်းများနှင့် မလွတ်ကင်းသောသစ်ပင်ကိုင်းများခုတ်ထွင်ရှင်းလင်းခြင်း**(အပေါ်ပုံ)**နှင့် (၈၇)ရပ်ကွက်၊ 11-O-4KV 500, KVA ထရန်စဖော်မာဝန်အားနှင့် ညီမျှစေရေးအတွက် 400 ဗို့ဓာတ်အားလိုင်းများဝန်အားညှိခြင်းလုပ်ငန်းများကိုကွင်းဆင်းဆောင်ရွက်ကြသည်။ ကျန်ရှိနေသေးသည့် ရပ်ကွက်၊ ကျေးရွာများသို့လည်း ဆက်လက်၍ ကွင်းဆင်းဆောင်ရွက်ရန်ရှိကြောင်း မြို့နယ်လျှပ်စစ်ဓာတ်အားပေးရေးမြို့နယ်မှူး ဦးကျော်ဆန်းအောင်က ပြောကြားကြောင်း သိရသည်။

(၀၈၁)

အအေးပို၍ ဘောထုပ်အနွေးထည်များ အရောင်းတွင်ကျယ်

မကွေး ဒီဇင်ဘာ ၂၉

ဆောင်းအဝင် နောက်ကျခဲ့သော မကွေးဆောင်းသည် ယခုရက်ပိုင်းအတွင်း အအေးဓာတ်လွန်ကဲလာပြီဖြစ်သည်။ ညအပူချိန်သာမက နေ့အပူချိန်ပါကျဆင်းလာသဖြင့်နေ့လယ်ပိုင်းတွင်လည်း အနွေးအကျႌများဝတ်ဆင်ကြရသည်။ "ဒီနှစ်ဆောင်းကတော့ အတော်ထူးခြားတယ်၊ တန်ဆောင်မုန်းလမှာ လုံးဝမအေးဘူး၊ ပြီးသွားတဲ့ တန်ဆောင်မုန်းလပြည့်ညတုန်းကဆိုရင် အနွေးထည်မဝတ်၊ မီးမလှုံလိုက်ရဘူး၊ အခု နတ်တော်လပိုင်းရောက်တော့ ပြုန်းခနဲ တော်တော်အေးသွားတယ်၊ မိုးနည်းနည်းရွာပြီးကတည်းက အေးတော့တာပဲ၊ ဒီလို ဆောင်းရာသီမျိုးမကြုံဖူးဘူး"ဟု အဒေသခံတစ်ဦးက ပြောပြသည်။ အအေးဓာတ်လွန်ကဲလာသည်နှင့်အမျှ ပလက်ဖောင်း လမ်းဘေးဈေးတန်းများတွင် ဘောထုပ်အနွေးထည်ဂျာကင်မျိုးစုံအရောင်းသွက်လျက် ရှိနေသည်။ အနိမ့်ဆုံးငွေကျပ် ၁၅၀၀မှ ၂၅၀၀ အထိ အော်ဟစ်ရောင်းချနေသော အနွေးထည်များကို ရန်ကုန်၊ မန္တလေးနှင့်လားရှိုးမြို့များမှ မှာယူတင်သွင်းကြကြောင်း၊ ဆောင်းဦးပိုင်းတွင် အရောင်းအေးခဲ့သလောက် ယခုရက်ပိုင်းတွင် လက်မလည်အောင် အလုပ်ဖြစ်နေကြောင်း ကြိတ်ကြိတ်တိုးဝယ်ယူသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ကျော်စွာ (မကွေး)

ရေကြည်မြို့နယ်၌ စာပေဟောပြောပွဲ ကျင်းပလျက်ရှိ

ရေကြည် ဒီဇင်ဘာ ၂၉

ဧရာဝတီတိုင်းဒေသကြီးပုသိမ်ခရိုင် ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့ အထကတွင် (၁၉)ကြိမ်မြောက်အာစရိယပူဇော်ပွဲ၊ စာပေဟောပြောပွဲ၊ ကဗျာပြိုင်ပွဲ၊ အားကစားပြိုင်ပွဲများကို ဒီဇင်ဘာ၂၇ရက်မှ ၃၀ရက်အထိ စည်ကားသိုက်မြိုက်စွာကျင်းပလျက်ရှိရာ ဒီဇင်ဘာ၂၇ရက်ညတွင် စာရေးဆရာညီမင်းညို၊ဆရာလင်းသိုက်ညွန့် (မြန်မာမြေ)တို့က ဟောပြောကြပြီး ဒီဇင်ဘာ ၃၀ရက်တွင် ရုပ်ရှင်သရုပ်ဆောင် စာရေးဆရာကျော်သူက ဟောပြောမည်ဖြစ်ကြောင်း သိရသည်။

မင်းဇော်ဦး(ရေကြည်)

မိုးညှင်း-မန္တလေး တိုးချဲ့အထူးခရီးစဉ်သစ်ဖွင့်

မိုးညှင်း ဒီဇင်ဘာ ၂၉

မိုးညှင်းမြို့တွင် အောင်ရတနာ အဆင့်မြင့်ခရီးသည်တင်ပို့ဆောင်ရေးမော်တော်ယာဉ်အသင်းက မိုးညှင်း-မန္တလေးတိုးချဲ့ အထူးခရီးစဉ်အသစ်ကို မိုးညှင်းမော်တော်ယာဉ် ကားဂိတ်တွင်း၌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုး၊ ခရိုင်ရဲမှူး၊ဒုရဲမှူးကြီး ထွန်းထွန်းဝေ၊အောင်ရတနာကားအသင်းပိုင်ရှင်ဦးမြင့်ဦးတို့က ဆိုင်းဘုတ်တင်ပွဲ အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

မိုးညှင်း-မန္တလေး ခရီးစဉ်ကို တစ်ဦးလျှင် ကျပ် ၁၈၀၀၀ဖြစ်ပြီး မိုးညှင်းမှ ညနေ ၃နာရီတွင် ထွက်ခွာ၍ မန္တလေးသို့ နောက်တစ်နေ့နံနက်၇နာရီ ဆိုက်ရောက်မည်ဖြစ်ပြီး မန္တလေးမှ ညနေ၃နာရီစတင်ထွက်ခွာလာ၍ မိုးညှင်းသို့ နံနက်ပိုင်း ၇နာရီ ဆိုက်ရောက်မည်ဖြစ်ကြောင်းသိရသည်။ **(ယာပုံ)**

ဦးထွန်းရီ

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့

(စည်ပင်သာယာရေးဝန်ကြီးဌာန)

ဧရာဝတီတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့

အဆင့်မြင့်ကုန်စည်ဒိုင်ဆောင်ရွက်ရန် အဆိုပြုလွှာခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ်(၂)ရပ်ကွက်၊ ကမ်းနားလမ်းပေါ်တွင် တည်ရှိသော မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တို့ပိုင်ဆိုင်သော မြေကွက်လပ်တွင် အဆင့်မြင့်ကုန်စည်ဒိုင်တစ်ခုအား ဆောင်ရွက်လိုပါသဖြင့် စိတ်ပါဝင်စားသော မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား အဆိုပြုလွှာခေါ်ယူအပ်ပါသည်။

၂။ အဆိုပြုလွှာတင်သွင်းရာတွင် အောက်ပါအချက်များပါဝင်ရပါမည်-

(က) လုပ်ငန်းရှင်၊ ကုမ္ပဏီအမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊

(ခ) လုပ်ငန်းရှင်၊ ကုမ္ပဏီ၏အထောက်အထားများ၊

(ဂ) ဆောင်ရွက်မည့်အဆိုပြုလွှာ၊

(ဃ) ရင်းနှီးမြှုပ်နှံမည့်ပမာဏ။

၃။ အဆင့်မြင့်ကုန်စည်ဒိုင်ဆောင်ရွက်ရန်အဆိုပြုလွှာအား ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့၊ ပုသိမ်မြို့သို့ ၁၁-၁-၂၀၁၄ရက် နောက်ဆုံးထား၍ ပေးပို့ရန်ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များသိလိုပါက တိုင်းဒေသကြီးစည်ပင်ရုံးဖုန်း-၀၄၂-၂၂၆၅၅၊ ပုသိမ်မြို့နယ် စည်ပင်ရုံးဖုန်း-၀၄၂-၂၂၀၀၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

စက်မှုလယ်ယာဦးစီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနမှ မော်တော်ယာဉ်အပိုပစ္စည်းများနှင့် ဆောက်လုပ်ရေးကုန်ကြမ်းပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် -၂-၁-၂၀၁၄ရက်

တင်ဒါပိတ်မည့်ရက်နှင့်အချိန် -၁၆-၁-၂၀၁၄ရက်၊ မွန်းတည့် ၁၂:၀၀နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၃၁၂၁၉သို့ စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊

စက်မှုလယ်ယာဦးစီးဌာန၊ ရုံးအမှတ်(၅၀)၊ နေပြည်တော်

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

စက်မှုနှင့် သက်မွေးပညာဦးစီးဌာန

အစိုးရနည်းပညာအထက်တန်းကျောင်း (ဘားအံ)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့် သက်မွေးပညာဦးစီးဌာနလက်အောက်ရှိ အစိုးရ နည်းပညာအထက်တန်းကျောင်း (ဘားအံ)တွင် သံပန်းနှင့် သံတံခါးတပ်ဆင်ခြင်း လုပ်ငန်းများအတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

လုပ်ငန်းအမည်

(က) စာသင်ဆောင်နှင့် အလုပ်ရုံ သုံးရုံတွင် သံပန်းနှင့် သံတံခါးတပ်ဆင်ခြင်း

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁-၁-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း အစိုးရနည်းပညာအထက်တန်းကျောင်း (ဘားအံ)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၂၈-၁-၂၀၁၄ ရက် ညနေ ၄:၃၀ နာရီနောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို အစိုးရနည်းပညာအထက်တန်းကျောင်း (ဘားအံ) ဖုန်း-၀၅၈-၂၂၂၈၂နှင့် ၀၉-၂၅၅၇၂၅၆၁၀တို့တွင် စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ

အစိုးရနည်းပညာအထက်တန်းကျောင်း (ဘားအံ)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့၊သီလဝခန်းမတည်ဆောက်ခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များ၊ ဗိသုကာပုံစံနှင့်အသေးစိတ်အချက်အလက်များကို ၆-၁-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း ရမည်းသင်းမြို့နယ်၊ စည်ပင်သာရေးအဖွဲ့ရုံးတွင် ရောင်းချမည်ဖြစ်ပြီး ၁၁-၂-၂၀၁၄ ရက် ၁၃:၀၀နာရီနောက်ဆုံးထား၍ တင်ဒါတင်သွင်းရန်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းသူသည် လုပ်ငန်းအတွက် သတ်မှတ်ထားသော တင်ဒါအာမခံကြေးပေးသွင်းလွှာနှင့်အတူ တင်သွင်းရမည်။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့တွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၆၄-၄၀၄၇၂၊ ၀၉-၄၂၀၀၀၂၈၂၄တို့သို့ဖြစ်စေ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေးဦးစီးဌာန၊ ကရင်ပြည်နယ်၊ ပြည်နယ်ဦးစီးမှူးရုံးဝင်း၊ ဘားအံမြို့တွင် ဓာတ်ခွဲခန်းတစ်ခု တည်ဆောက်ခြင်းလုပ်ငန်းနှင့် ဘားအံမြို့နယ်၊ မြိုင်ကလေးပညာပေးရှေ့တန်းစခန်းတည်ဆောက်ခြင်းလုပ်ငန်းတို့အတွက် တရားဝင်အသိအမှတ်ပြု (အဖွဲ့အစည်း၊ ကုမ္ပဏီ၊ ကန်ထရိုက်တာ)များထံမှ အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) ပေ(၅၀×၄၈×၁၁) အရွယ်အစား ဓာတ်ခွဲခန်းတစ်ခုတည်ဆောက်ခြင်း

(ခ) ပေ(၄၀×၂၅×၁၂) အရွယ်အစား ပညာပေးရှေ့တန်းစခန်းတည်ဆောက်ခြင်း

၂။ **တင်ဒါတင်သွင်းရမည့်ရက်** -၁၆-၁-၂၀၁၄ ရက်

၃။ **တင်ဒါစိစစ်ရွေးချယ်မည့်ရက်** -၁၇-၁-၂၀၁၄ ရက်

၄။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများကို စိုက်ပျိုးရေးဦးစီးဌာန၊ ကရင်ပြည်နယ်၊ ပြည်နယ်ဦးစီးမှူးရုံး၊ ဘားအံမြို့တွင် ၁-၁-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၅၈-၂၂၀၆၅၊ ၀၅၈-၂၁၀၇၁၊ ၀၉-၈၇၃၀၆၃၁ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

စိုက်ပျိုးရေးဦးစီးဌာန

ကရင်ပြည်နယ်၊ ဘားအံမြို့

အလုပ်အကိုင်အခွင့်အလမ်းနှင့်ဌာနဆိုင်ရာ၊ စီးပွားရေးကြော်ငြာ

မြန်မာပြည်ပအလုပ်အကိုင်လုပ်ငန်းရှင်များ အဖွဲ့ချုပ်တွင် တာဝန်ထမ်းဆောင်ရန်

ရုံးဝန်ထမ်း-ကျား ၁ ဦးအလိုရှိသည်။

ရုံးလုပ်ငန်းအတွေ့အကြုံ (၅)နှစ်အထက်ရှိသူ၊ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ အသက် (၃၅)နှစ်မှ (၅၀)ကြားရှိသူ၊ အသင်းအဖွဲ့ (သို့မဟုတ်) အစိုးရအမှုထမ်း(ငြိမ်း)ဖြစ်ရမည်။

လျှောက်ထားလိုသူများသည် ကြော်ငြာပါသည့်ရက်မှစပြီး ခုနစ်ရက်အတွင်း လာရောက် လျှောက်ထားနိုင်ပါသည်။

ရုံးခန်းလိပ်စာ - အမှတ် ၂၈၇ မြေညီထပ်၊ ဗိုလ်ဆွန်ပက်လမ်း(အပေါ်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၄၈၂၅၅

ဝန်ထမ်းများအလိုရှိပါသည်

၁။	ဗုတီယဆေးရုံအုပ်	ကျား/မ ဆရာဝန် (၁) ဦး
၂။	လက်ထောက်ဆရာဝန်	ကျား/မ ဆရာဝန် (၁) ဦး
၃။	သူနာပြု	မ (၂) ဦး

ရောဝတီတိုင်းအတွင်း ခရိုင်မြို့ ပုဂ္ဂလိကဆေးရုံတွင် လစ်လပ်သော အထက်ပါ နေရာများအတွက် ဆရာဝန်/သူနာပြုများ လျှောက်ထားနိုင်ပါသည်။

ညှိနှိုင်းလစာ၊ နေထိုင်ရန် အခမဲ့စီစဉ်ပေးပါမည်။

ဆက်သွယ်ရန်ဖုန်း- ၀၉ ၅၁၅၃၄၁၄၊ ၀၉-၄၃၀၉၆၅၀၈

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

Nissan Condor,

MK-25 A

6920 CC, Body 18 ပေ, 2003

စတီ၊ ကျပ်သိန်း ၂၄၀။

ဖုန်း-၀၉-၅၁၆၅၈၉၁

ဝန်ထမ်း အလိုရှိသည်

[illegible]

မြန်မာ့သြဘာလုပ်ငန်းစု

အမှတ်(၃၃)၊ ရွှေပိတောက်ရိပ်မွန်၊ ဘုရင့်နောင်လမ်းမကြီး၊ ကမာရွတ်မြို့နယ်။

ဖုန်း-၀၉-၇၃၁၄၀၃၁၂၊ ၀၉-၄၂၁၀၄၁၄၆၃

မြန်မာ့သြဘာလုပ်ငန်းစုသည် အောက်ဖော်ပြပါလစ်လပ်ရာထူးများအတွက် စိတ်ပါဝင်စားပြီး အရည်အချင်း ပြည့်မီသူများ အလိုရှိပါသည်။

(၁) **Human Resources Manager** **M/F(1)post**

- MBA(or)HR နှင့် ပတ်သက်သော Diploma တစ်ခုခုရရှိပြီးသူဖြစ်ရမည်။
- HR စီမံခန့်ခွဲမှု အတွေ့အကြုံအနည်းဆုံး (၃)နှစ်အထက်ရှိသူဖြစ်ရမည်။
- လုပ်ငန်းနှင့်ကိုက်ညီ၍ ကောင်းမွန်သော HR Plan & Policies များ ရေးဆွဲအကောင်အထည်ဖော်နိုင်ပြီး ဦးဆောင်မှုကောင်း၍ ဆက်ဆံရေးပြေပြစ်ကောင်းမွန်ရမည်။
- ကွန်ပျူတာကျွမ်းကျင်စွာအသုံးပြုနိုင်၍ အင်္ဂလိပ်စာအရေး၊ အဖတ်၊ အပြော ကျွမ်းကျင်ရမည်။

(၂) **Human Resources Assistant** **M/F(3)posts**

- တက္ကသိုလ်မှဘွဲ့တစ်ခုခုရ၍ HR နှင့် ပတ်သက်သော Diploma တစ်ခုခုရရှိပြီးသူဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၁)နှစ်ရှိရမည်။
- ချမှတ်ထားသော HR Plan & Policies များနှင့်အညီ သွက်လက်ထက်မြက်စွာ ဆောင်ရွက်နိုင်သော အရည်အချင်းရှိရမည်။
- ကွန်ပျူတာကျွမ်းကျင်စွာအသုံးပြုနိုင်၍ အင်္ဂလိပ်စာအရည်အချင်းအသင့်အတင့်ရှိရမည်။

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်ပုံစံအပြည့်အစုံကို ၁၇-၁-၂၀၁၄ ရက် နောက်ဆုံးထား၍ အထက်ပါလိပ်စာအတိုင်း လာရောက်လျှောက်ထားနိုင်ပါသည်။

ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

၁။	အုပ်ချုပ်ရေးမှူး(သို့)လုပ်ငန်းကြီးကြပ်ရေးမှူး(ရန်ကုန်၊ မန္တလေး) (လစာ-၁၀၀၀၀၀-၁၅၀၀၀၀)	(ကျား၊မ)	၁၀ ဦး
၂။	သွင်းကုန်ထုတ်ကုန် (MICB/MFTB) ဘဏ်လုပ်ငန်းကျွမ်းကျင်သူ (လစာ-၁၀၀၀၀၀-၁၂၀၀၀၀)	(မ)	၅ ဦး
၃။	(အရောင်း/စာရင်းကိုင်/စာရင်းစစ်)ဝန်ထမ်း(လစာ-၈၀၀၀၀-၁၀၀၀၀၀)	(ကျား/မ)	၁၅ ဦး
၄။	ယာဉ်မောင်း(လစာ-၁၅၀၀၀၀-၂၀၀၀၀၀)	(ကျား)	၁၀ ဦး
၅။	တာယာ၊ ဘက်ထရီ ဖြုတ်/တပ် ကျွမ်းကျင်သူ(လစာ ၈၀၀၀၀-၁၀၀၀၀၀)	(ကျား)	၁၀ ဦး
၆။	ညစောင့်(လစာ-၆၀၀၀၀-၈၀၀၀၀)	(ကျား)	၁၀ ဦး

- အမှတ်စဉ်(၂)အတွက် လျှောက်ထားသူများသည် ဘွဲ့ရပြီးသူဖြစ်ရမည်။ Computer ကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။
  အသက်(၂၀)မှ (၃၀)အတွင်း ဖြစ်ရမည်။ ဘဏ်လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၁)နှစ်ရှိရမည်။
- ယာဉ်မောင်းလျှောက်ထားသူများသည် အနည်းဆုံးယာဉ်မောင်းသက်တမ်း(၂)နှစ်ရှိရမည်။
- အမှတ်စဉ်(၁၊ ၄)အတွက် အသက်(၃၀)မှ (၄၅)နှစ်အတွင်းဖြစ်ရမည်။
- အမှတ်စဉ်(၃၊၅)အတွက် အသက် (၂၀)မှ (၃၀)အတွင်း ဖြစ်ရမည်။လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။
  အမှတ်စဉ်အားလုံးအတွက် လုပ်ငန်းအတွေ့အကြုံရှိသူဦးစားပေးမည်။ လျှောက်ထားသူများသည် လုပ်ငန်းအတွေ့အကြုံပေါ်မူတည်၍ မျှော်မှန်းလစာကို ဖော်ပြနိုင်သည်။ အလုပ်သမားမှတ်ပုံတင်မူရင်း၊ အမျိုးသားမှတ်ပုံတင် မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ဓာတ်ပုံနှစ်ပုံ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်များနှင့်အတူ လျှောက်ထားနိုင်သည်။

ဆက်သွယ်ရန် ။ ။ ဝင်းဘက်ထရီနှင့် တာယာရောင်းဝယ်ရေး
အမှတ်(၂၃၅)၊ အလယ်ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
(တော်ဝင်နှင်းဆီခြံအနီး)။

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ဘုရင့်နောင်၊ မြေကွက်/ဦးပိုင်အမှတ် ၁၈^က၊ ဧရိယာ ၀ဒသမ၀၃၄၉ဧကရှိ ဒေါ်ထူးထူးလင်းအမည်ဖြင့် ပိုင်ဆိုင်သော အငှားဂရန်မြေကွက်အား ဒေါ်ထူးထူးလင်း ၉/မရတ(နိုင်)၀၀၄၃၆၄ (ဘ)ဦးမင်းဟန်က ပိုင်ဆိုင်ကြောင်းအထောက်အထားများတင်ပြပြီး မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းစာချုပ်ချုပ်ဆိုရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန် ဆဋ္ဌမအကြိမ် ဘွဲ့နှင်းသဘင်

ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်၏ ဆဋ္ဌမအကြိမ်ဘွဲ့နှင်းသဘင်အခမ်းအနားကို ၁၁-၂-၂၀၁၄ ရက် (အင်္ဂါနေ့) နံနက်ပိုင်းတွင်လည်းကောင်း၊ အစမ်းလေ့ကျင့်ခြင်းကို ၁၀-၂-၂၀၁၄ ရက်(တနင်္လာနေ့) နံနက်ပိုင်းတွင်လည်းကောင်း၊ ရန်ကုန်တက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အောက်ဖော်ပြပါ သင်တန်းများ၏ ဘွဲ့ရအောင်စာရင်း ထုတ်ပြန်ပြီးသူများသည် ဘွဲ့နှင်းသဘင် တက်ရောက်ရန် ဤတက္ကသိုလ်တွင် လျှောက်ထားရမည်။

၁။ ပါရဂူဘွဲ့(ပြည်သူ့ကျန်းမာရေး)(၁၂/၂၀၀၉) သင်တန်းဘွဲ့ရအောင်စာရင်း ထုတ်ပြန်ပြီးသူ။

၂။ ပြည်သူ့ကျန်းမာရေးမဟာဘွဲ့ (၁၂/၂၀၁၂) သင်တန်းဘွဲ့ရအောင်စာရင်းထုတ်ပြန်ပြီးသူများ။

၃။ ဆေးရုံအုပ်ချုပ်မှုပညာဒီပလိုမာ (၁၂/၂၀၁၂) သင်တန်းဘွဲ့ရအောင်စာရင်း ထုတ်ပြန်ပြီးသူများ။

၄။ ဆေးပညာသင်ကြားရေးဒီပလိုမာ (၂/၂၀၁၃) သင်တန်းဘွဲ့ရအောင်စာရင်း ထုတ်ပြန်ပြီးသူများ။

ဘွဲ့နှင်းသဘင် တက်ရောက်ဘွဲ့ယူလိုသူများသည် ဘွဲ့နှင်းသဘင်ကြေး ၁၅၀၀၀/- နှင့် အဝေးရောက်ဘွဲ့ယူလိုသူများသည် အဝေးရောက်ဘွဲ့နှင်းသဘင်ကြေး ၁၀၀၀၀/- ကို ပေးသွင်းရမည်။ သတ်မှတ်ထားသောလျှောက်လွှာတွင် ပြည့်စုံစွာ ဖြည့်စွက်လျက်လွန်ခဲ့သည့် သုံးလအတွင်း ရိုက်ကူးထားသော (တစ်လက်မခွဲ×နှစ်လက်မ)အရွယ် ရောင်စုံဓာတ်ပုံငါးပုံနှင့် အတူ ၃၁-၁-၂၀၁၄ ရက်နောက်ဆုံးထား၍ ပြည်သူ့ကျန်းမာရေး တက္ကသိုလ်၊ ရန်ကုန်မော်ကွန်းထိန်းထံ လျှောက်ထားနိုင်သည်။ ဘွဲ့တက်ရောက်ယူမည့်သူများသည် အစမ်းလေ့ကျင့်ခြင်းကို မပျက်မကွက် တက်ရောက်ရမည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်မော်ကွန်းထိန်းရုံးခန်း ဖုန်း-၀၁-၃၉၅၂၀၉၊ စာမေးပွဲ/ ဘွဲ့နှင်းသဘင်ဌာနစု ဖုန်း-၀၁-၃၉၅၂၁၁၊ ၃၉၅၂၁၃ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ကြည်ကြည်မင်း
မော်ကွန်းထိန်း
ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့၊ သီလဝခန်းမ အဆောက်အအုံအား ဖျက်သိမ်းရောင်းချမည်ဖြစ်ပါ၍ ဖျက်သိမ်းဝယ်ယူလိုသူများအားအိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **အဆောက်အအုံ** - တစ်ထပ်အုတ်ညှပ်အဆောက်အအုံ (၁)လုံး

(ခ) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၆-၁-၂၀၁၄ ရက်မှ ၁၁-၂-၂၀၁၄ရက်အထိ (ရုံးချိန်အတွင်း)

(ဂ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ရမည်းသင်းမြို့။

(ဃ) **တင်ဒါတင်သွင်းဖွင့်ဖောက်မည့်အချိန်/နေရာ** - ၁၁-၂-၂၀၁၄ရက် (၁၃း၀၀)နာရီ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ရမည်းသင်းမြို့။

၂။ တင်ဒါဖွင့်ဖောက်မည့်ရက်တွင် တင်ဒါတင်သွင်းသူကိုယ်တိုင် အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့၏ ရှေ့မှောက်တွင် အဆိုပြုလွှာအား တင်ဒါပုံးအတွင်း ထည့်သွင်းယှဉ်ပြိုင်ရမည်ဖြစ်ပါသည်။

၃။ အဆိုပါဖျက်သိမ်းရောင်းချမည့် သီလဝခန်းမ၏ အသေးစိတ်အချက်အလက်များကို တင်ဒါပုံစံရောင်းချမည့်နေရာတွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၆၄-၄၀၇၄၂၊ ၀၉-၄၂၀၀၀၂၈၂၄ တို့သို့ ဖြစ်စေ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)မိုင်၊ တော်ဝင်လမ်းပေါ်ရှိ သီရိရိပ်သာအိမ်ရာ အဆောက်အအုံ (တာဝါ ၁နှင့်၂)ကို ဆေးသုတ်လိုပါသဖြင့် ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါကို ၂၀၁၄ခုနှစ် ဇန်နဝါရီ ၁၀ ရက် နောက်ဆုံးထားပြီးရုံးချိန်အတွင်း သာယာရေးကော်မတီရုံးခန်းသို့ ပေးသွင်းကြပါရန် တင်ဒါခေါ်ယူအပ်ပါသည်။ (အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။)

သီရိရိပ်သာ၊ သာယာရေးကော်မတီ
ဖုန်း-၀၉-၅၃၈၀၂၀၈

ကန့်ကွက်နိုင်ပါကြောင်း

ပုဗ္ဗန်တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇ဒီ၊ မြေကွက်အမှတ် ၆၂၊ မြေကွက်တည်နေရာအမှတ် ၈၊ ဦးဝိဇ္ဇာလမ်း၊ (၇)ရပ်ကွက်၊ ပုဗ္ဗန်တောင်မြို့နယ် ဦးမောင်မောင်ခင်(ခ)ဝမ်ခင် ၁၂/ပဇတ(နိုင်)၀၀၉၃၂၄ အမည်ပေါက် နှစ် ၉၀ ဂရန်မြေအား အမည်ပေါက် ဦးမောင်မောင်ခင်(ခ)ဝမ်ခင် (ဖခင်) နှင့် ဒေါ်အေးကြည် (မိခင်)တို့ အသီးသီးကွယ်လွန်သဖြင့် ဦးမြင့်ထွန်းအောင် ၁၂/ပဇတ(နိုင်)၀၀၀၈၆၈နှင့် ဒေါ်သန်းသန်းဆွေ ၁၂/ပဇတ(နိုင်)၀၀၁၂၄၇ တို့က သားသမီးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ဘုရင့်နောင်၊ ဦးပိုင်အမှတ် ၁၀၂၊ ဧရိယာ ၀ဒသမ၁၉၀ဧကရှိ ဦးခါလစ်အမည်ဖြင့် ပိုင်ဆိုင်သော အငှားဂရန်မြေကွက်အား ဦးစိုးနိုင်ဦး (အထွေထွေလွှဲစာရသူ) ၉/တကန (နိုင်)၀၀၁၆၅၈ (ဘ)ဦးခါလစ်မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး အမွေဆက်ခံနှင့်စွန့်လွှတ်စာချုပ်ရန် မြေပုံရာဇဝင်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၇/အနော်ရထာရပ်၊ မြေကွက်၊ ဦးပိုင်အမှတ် ၈၊ ဧရိယာ ၀ဒသမ၁၃၀ဧကရှိ ဦးလူအေးအမည်ဖြင့်ပိုင်ဆိုင်သော အငှားဂရန်မြေမြေကွက်အား ဒေါ်အမာစီ(ပါ) ၆၊ ၉/တကန (နိုင်)၀၀၄၅၉၅၊ (ဘ) ဦးလူလေးက ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး အမွေဆက်ခံစာချုပ်ချုပ်ဆိုရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၁၅၅၊ မြေကွက်အမှတ် ၈၅၂၊ အလျားပေ ၄၀× အနံပေ ၆၀ မြေကွက်ရရှိသူ အမည်ပေါက် ဦးသန်းထွန်းထံမှ စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားသူ ဒေါ်ခင်ခင်ဝင်း(ဘ)ဦးမြစိန် ၁၂/သဃက(နိုင်)၁၂၅၉၆၃ က မြေချပါမစ်ပြုလုပ်ပေးပါရန် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ပြုလုပ်ပေးရန်အတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြေယာရုံးခွဲ (၆)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ဌာနဆိုင်ရာနှင့်စီးပွားရေးကြော်ငြာ

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အောက်ပါပစ္စည်းများအား ဂိုဒေါင်ရောက်တန်ဖိုး D.D.P (Paung Laung) USD နှင့် D.D.P (Paung Laung/ Upper Keng Taung) Kyat ဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	Tender No.	အရေအတွက်	ပစ္စည်းပေးပို့ရန်နေရာ
(က)	Generator Spare Parts	21	1 Lot	D.D.P (Phyu Site)USD
(ခ)	H-Beam	22	1 Lot	D.D.P (Paung Laung)USD
(ဂ)	Nikon Total Station	23	5 Nos	D.D.P (Paung Laung)Kyat
(ဃ)	Vale Port Current Meter VF101	23	5 Nos	D.D.P (Paung Laung)Kyat
(င)	G-60 Derformed Bar (32 mm)	24	2000 Tons	D.D.P (Paung Laung)Kyat
(စ)	Concrete Pole (10 m)	25	177 Nos	D.D.P (Upper Keng Tawng) Kyat
(ဆ)	Concrete Pole (9 m)	25	90 Nos	D.D.P (Upper Keng Tawng) Kyat
(ဇ)	ACSR Conductor (70 mm^2)	25	8655 kg	D.D.P (Upper Keng Tawng) Kyat
(ဈ)	400 V Distribution Line Material	26	5 Items	D.D.P (Paung Laung) Kyat
(ည)	11/0.4, 500 kVA Transformer	27	10 Nos	D.D.P (Paung Laung) Kyat
(ဋ)	Pozzolan Factory Spare Parts	28	1 Lot	D.D.P (Paung Laung) Kyat
(ဌ)	Laser Guidance System For Concreting Levelling Mounted for Dozer CAT D5N or Similar	29	2 Nos	D.D.P (Paung Laung) Kyat

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal)အား ၉-၁-၂၀၁၄ ရက် မွန်းတည့် ၁၂ နာရီတွင် နောက်ဆုံးထား၍ တင်သွင်းရမည်။
၃။ နည်းပညာစံချိန်စံညွှန်းကိုက်ညီသောကုမ္ပဏီများအား ပြန်လည်အကြောင်းကြားပေးမည်ဖြစ်ပြီး ဈေးနှုန်းအဆိုပြုလွှာ (Price Proposal)အား ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၄ ရက် မွန်းတည့် ၁၂ နာရီတွင် နောက်ဆုံးထားတင်သွင်းရန်နှင့် မွန်းလွဲ ၁ နာရီတွင် အများရှေ့မှောက်၌ ဖွင့်ဖောက်ကြေညာရွေးချယ်ပါမည်။
၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
ရုံးအမှတ် ၃၈၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၄၀၅၊ ဖက်စ်-၄၁၁၀၈၁

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် အလုပ်လျှောက်လွှာခေါ်ယူခြင်း

မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ရုံးတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးနေရာများ လစ်လပ်လျက်ရှိပါသဖြင့် အောက်ပါသတ်မှတ်ချက်နှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) **ဒုတိယညွှန်ကြားရေးမှူးရာထူး -**
လစာနှုန်းကျပ် ၁၆၀၀၀၀+၃၀၀၀၀ကျပ် = ၁၉၀၀၀၀ကျပ် (၂)ဦး
လက်ထောက်ညွှန်ကြားရေးမှူးရာထူး -
လစာနှုန်းကျပ် ၁၄၀၀၀၀+၃၀၀၀၀ကျပ်= ၁၇၀၀၀၀ကျပ် (၁)ဦး
(၁) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။
(၂) မဟာဘွဲ့ရရှိသူများကို ဦးစားပေးမည်။
(၃) အသက် (၅၀) အောက်ဖြစ်ရမည်။
(၄) လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၅)နှစ်ရှိရမည်။
(၅) အင်္ဂလိပ်စာ အရေး၊ အဖတ်၊ အပြော ကျွမ်းကျင်ရမည်။
(၆) လူတွေ့စစ်ဆေးခြင်းပြုလုပ်မည်။

(ခ) **လက်ထောက်စာကြည့်တိုက်မှူးရာထူး -**
လစာနှုန်းကျပ် ၁၂၀၀၀၀+၃၀၀၀၀ကျပ်= ၁၅၀၀၀၀ ကျပ် (၁)ဦး
(၁) စာကြည့်တိုက်ပညာဘွဲ့ရရှိသူဖြစ်ရမည်။
(၂) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ အခြားဘွဲ့တစ်ခုခုရရှိသူဖြစ်ပါက စာကြည့်တိုက်ဒီပလိုမာရရှိထားသူဖြစ်ရမည်။
(၃) အသက်(၄၀)အောက် ဖြစ်ရမည်။
(၄) လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၃)နှစ်ရှိရမည်။
(၅) အင်္ဂလိပ်စာ အရေး၊ အဖတ်၊ အပြော ကျွမ်းကျင်ရမည်။
(၆) လူတွေ့စစ်ဆေးခြင်းပြုလုပ်မည်။

မှတ်ချက် ✱ အထက်ဖော်ပြပါအရည်အချင်းနှင့်ကိုက်ညီသူများသည် လျှောက်လွှာတွင်-
- Curriculum Vitae (CV) Form နှင့် အောက်ဖော်ပြပါအထောက်အထားများ ပြည့်စုံစွာဖြင့် **၁၀-၁-၂၀၁၄** ရက်နောက်ဆုံးထား၍ အမှတ် ၂၇၊ ပြည်လမ်း၊ လှိုင်မြို့နယ်ရှိ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၏ စီမံရေးရာဌာနသို့ လျှောက်ထားနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ်-၀၁-၆၅၄၆၈၁၊ ၆၅၄၆၈၄ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။
- ဘွဲ့လက်မှတ်မိတ္တူ
- နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
- အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရဲစခန်း (သို့မဟုတ်) ပြန်တမ်းဝင်အရာရှိတစ်ဦး (သို့မဟုတ်) အကြီးတန်းမန်နေဂျာထောက်ခံချက်
- အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ
- အခြားကျွမ်းကျင်မှုနှင့် လုပ်ငန်းအတွေ့အကြုံ အထောက်အထားများ။

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အထူးစီမံကိန်းကြီးအဖွဲ့(၂)မှ တာဝန်ယူကြီးကြပ်လျက်ရှိသော ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ရန်ပုံငွေ/ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေတို့ဖြင့် ဆောင်ရွက်မည့် လမ်း/တံတားများတည်ဆောက်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သည့်အောက်ဖော်ပြပါတည်ဆောက်ရေးပစ္စည်းများကို မြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	1/2"~3/4" ကျောက်	၃၀၀ ကျင်း
၂။	မြစ်ကျောက်စရစ်	၁၈၀ ကျင်း
၃။	မြစ်သဲ	၂၄၀ ကျင်း
၄။	တောသစ်(ရှယ်စုံ)	၁၄၀ တန်
၅။	6"~9" ကျောက်	၆၇၀ ကျင်း
၆။	Water Tight Natural Curing Silicon(Grey)(300/m Catridge)	၂၃၂၀ ခု
၇။	Bentonite (မြေဖယောင်း)	၅၀ တန်

၂။ **တင်ဒါတင်သွင်းရမည့်ရက်** - ၃၀-၁၂-၂၀၁၃ မှ ၃-၁-၂၀၁၄အထိ
တင်ဒါစိစစ်ရွေးချယ်ရမည့်ရက် - ၄-၁-၂၀၁၄ ရက်၊ မွန်းလွဲ ၁၃:၀၀ နာရီ
တင်ဒါစိစစ်ရွေးချယ်ရမည့်နေရာ - အင်ဂျင်နီယာမှူးကြီးရုံး၊ အထူးစီမံကိန်းကြီးအဖွဲ့(၂) ဧရာဝတီတံတား(ရတနာပုံ) စီမံကိန်းဝင်း၊ အမရပူရမြို့နယ်၊ ဖုန်း-၀၇၂-၂၂၂၈၀

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အထူးစီမံကိန်းကြီးအဖွဲ့(၂) ဧရာဝတီတံတား(ရတနာပုံ)စီမံကိန်းဝင်းတွင် ၃၀-၁၂-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ပြင်ဆင်ရန် (သို့မဟုတ်) အယူခံအတွက် လျှောက်ထားကြောင်း ပြင်ဆင်မှုလျှောက်ထားခံရသူ(သို့မဟုတ်)အယူခံတရားပြိုင်သို့ထုတ်ပေးသည့် အကြောင်းကြားစာ

တောင်ငူခရိုင် တရားရုံးတော်၌
၂၀၁၃ခုနှစ် တရားမပြင်ဆင်မှုအမှတ်-၃၃

ဒေါ်ချိုမာ	နှင့်	၁။ ဒေါ်သန်းဝင်း ၂။ ဒေါ်တင်မာချို ၃။ ဦးမျိုးညွှန့် ၄။ ဦးသန်းဇော်
ပြင်ဆင်မှုလျှောက်ထားသူ		**ပြင်ဆင်မှုလျှောက်ထားခံရသူများ**

အုတ်တွင်းမြို့၊ လက်ပံခုံကျေးရွာ၊ ဈေးရောင်း၊ ဒေါ်တင်မာချို (ဘ)ဦးထွန်းမှီ (ယခုနေရပ်လိပ်စာမသိ)အား အကြောင်းကြားသိစေအပ်ပါသည်။

၂၀၁၂ခုနှစ် တရားမအထွေထွေမှုအမှတ် ၃ ၌ တောင်ငူမြို့၊ ဒုတိယမြို့နယ်တရားသူကြီးက ချမှတ်သောအမိန့်ကို ပြင်ဆင်ရန်အတွက် လျှောက်လွှာတစ်စောင်ကို အထက်အမည်ပါပြင်ဆင်မှုလျှောက်ထားသူက ဤရုံးတော်သို့ ၂၀၁၃ခုနှစ် အောက်တိုဘာ ၂၈ရက်တွင် တင်သွင်းသည်ဖြစ်၍ အဆိုပါပြင်ဆင်ရန်အတွက် လျှောက်လွှာကို နှစ်ဖက်ဆိုင်ဆိုကြားနာရန်အတွက် ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၂ရက် နံနက် ၁၀ နာရီတွင်ကြားနာရန် သတ်မှတ်ထားသောကြောင့် သင့်အား အကြောင်းကြားစာပေးလိုက်သည်။

၂၀၁၃ခုနှစ် ဒီဇင်ဘာ ၂၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဦးရွှေ၊ ဒုတိယခရိုင်တရားသူကြီး (၂)
တောင်ငူခရိုင်တရားရုံး

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၄၁-တိုးချဲ့)၊မြေကွက်အမှတ် $\frac{၂၊ ၄၊ ၆}{၇}$ နှစ်၆၀ဂရန်၊ မြေဧရိယာ ၀ဒသမ၁၄၇၈ဧကရှိ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာချက်

အထက်အမည်ပါမြေကွက်နှင့်ပတ်သက်၍ အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ရွှယ်ဂျီး ၉/မနမ(နိုင်)၁၁၀၇၀၇ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးနိုင်ထွဋ်လင်း (ဥပဒေဘွဲ့)
အထက်တန်းရှေ့နေ၊ စာချုပ်စာတမ်းနှင့်ဥပဒေအတိုင်ပင်ခံ
အမှတ် ၉၉၊ ဒုတိယထပ်(ယာ)၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၅၀၆၁၅၇

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ မြေကွက်အမှတ် ၁၂၄၇၊ မြေအကျယ်အဝန်းပေ(၅၀×၅၀) ရှိသောမြေကွက်နှင့် ထိုမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မြို့မြေစာရင်းတွင် ဗိုလ်မှူးချုပ်ဦးကျော်ဦးလွင်အမည်ဖြင့် မှတ်သားတည်ရှိသော မြေကွက်ဖြစ်ပြီး မူလအမည်ပေါက်ပိုင်ရှင်ထံမှ နှစ်ဦးသဘောတူအရောင်းအဝယ်စာချုပ်အဆက်ဆက်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထား၍ လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသူ ဦးသန်းဝင်းမောင် ၉/ကသန(နိုင်)၁၉၈၀၁၇ က ကျွန်ုပ်၏မိတ်ဆွေထံသို့ အထက်ပါမြေကွက်အား ရောင်းချရန် ကမ်းလှမ်းလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ကျွန်ုပ်ထံပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်ယဉ်ယဉ်ကြည် LL.B အထက်တန်းရှေ့နေ (စဉ်-၃၀၀၂၂)
အမှတ် ၅၄၄၊ ဓမ္မာရုံလမ်း ၂၀၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၄၃၁၁၄၆၅၄၊ ၀၉-၃၁၀၀၄၉၉၄

ဝမ်းနည်းကြေကွဲခြင်း
ဦးမောင်တင် (တိုင်းပညာရေးမှူး၊ ငြိမ်း)
အသက်(၉၀)

ချစ်ခင်လေးစားရပါသော ဖေတင် ၄-၁၂-၂၀၁၃ရက်တွင် မန္တလေးမြို့၌ ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူ မေကြည်၊ ဗိုလ်မှူးရည်မွန်(ငြိမ်း)-ဒေါ်ချယ်ရီတင်၊ ဒေါက်တာတင်မောင်ဟန်-ဒေါ်နွယ်နီတင်၊ ကိုကြီး-မငွေး၊ ကိုချို-မမာတို့မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဗိုလ်မှူးလှမိုး(ငြိမ်း)၊ ဗိုလ်ကြီးလူအေး(ငြိမ်း)၊ ဗိုလ်ကြီးပေါင်ဇလန်း(ငြိမ်း)

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်အေးမြင့် (ပဲခူးမြို့)
အသက် (၇၅)နှစ်

ဦးရည်မွန် (ဦးဆောင်ညွှန်ကြားရေးမှူး၊ စက်မှုဝန်ကြီးဌာန)-ဒေါ်ချယ်ရီတင်တို့၏မိခင် ဒေါ်အေးမြင့် အသက် (၇၅)နှစ်သည် ၂၁-၁၂-၂၀၁၃ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဗိုလ်မှူးလှမိုး(ငြိမ်း)၊ ဗိုလ်ကြီးလူအေး(ငြိမ်း)၊ ဗိုလ်ကြီးပေါင်ဇလန်း(ငြိမ်း)

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးစိုးမြင့်(မန်နေဂျင်းဒါရိုက်တာ၊ DICE Co., Ltd.)၏ မိခင်ကြီး ဒေါ်ဂနေစ်မား(ခ)ဒေါ်ခင်စိန် အသက်(၇၃)နှစ်သည် ၂၇-၁၂-၂၀၁၃ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

DICE Shirt Maker
ဝန်ထမ်းမိသားစုများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးစိုးမြင့်(မန်နေဂျင်းဒါရိုက်တာ၊ DICE Co., Ltd.)၏မိခင်ကြီး ဒေါ်ဂနေစ်မား(ခ)ဒေါ်ခင်စိန် အသက်(၇၃)နှစ်သည် ၂၇-၁၂-၂၀၁၃ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

Bachelors လူငယ်များ
လမ်း(၅၀)

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ဂနေစ်မား(ခ)ဒေါ်ခင်စိန်
အသက်(၇၃)နှစ်

ရန်ကုန်မြို့နေ ဦးသိန်းလွင်၊ ဦးလှအောင်၊ ဦးစိုးမြင့်၊ ဦးအေးကြူ(ခ)ဦးရာဂျူး၊ ဦးစိန်လွင်၊ ဦးဘိုကြီးတို့၏မိခင်ကြီး ဒေါ်ဂနေစ်မား(ခ)ဒေါ်ခင်စိန် အသက်(၇၃)နှစ်သည် ၂၇-၁၂-၂၀၁၃ ရက် နံနက်တွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးဝင်းကြိုင်နှင့်ညီအစ်ကိုမောင်နှမများ
စိန်ရတနာရောင်းဝယ်ရေး
ရွှေဘုံသာလမ်း၊ ရန်ကုန်မြို့

စီးပွားရေးနှင့်လူမှုရေးကြော်ငြာ

အထူးဝမ်းနည်းကြေကွဲခြင်း
လင်ချန်အင်(ခ)ဦးစန်ရင်
ရွှေတောင်တန်းလမ်း
အသက် (၉၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ ဝါးတန်းလမ်း TAFA Trading Co.,Ltd. ၏ Managing Director ဦးကျင်စိန်-ဒေါ်နီနီအေး၊ Executive Director ဦးထွန်းကြည်-ဒေါ်တင်လှမြင့်၊ Director ဒေါ်ခင်ခင်ကြည်တို့၏ ကျေးဇူးရှင်ဖခင်ကြီးသည် ၂၅-၁၂-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်တကွ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

TAFA Trading Co.,Ltd.
တောင်ကြီးရုံးခွဲမှဝန်ထမ်းများ

ဝမ်းနည်းကြေကွဲခြင်း
ဒုတိယဗိုလ်မှူးကြီးအောင်မြင့် (ကြည်း-၇၆၀၉)
ပဲခူးတိုင်းဒေသကြီး ပါတီကော်မတီအတွင်းရေးမှူး(ငြိမ်း)
အသက် (၇၈)နှစ်

ပဲခူးတက္ကသိုလ် ဓာတုဗေဒဌာနမှ ဒေါ်ခင်မော်မြင့်(ကထိက)-ဦးကျော်ထင် (ဌာနခွဲမှူး၊ ဘဏ္ဍာ) အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်တို့၏ ဖခင် ဒုတိယဗိုလ်မှူးကြီးအောင်မြင့် (ပဲခူးတိုင်းဒေသကြီးပါတီကော်မတီအတွင်းရေးမှူး-ငြိမ်း)သည် ၂၄-၁၂-၂၀၁၃ရက် နံနက် ၀၅း၁၅နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

ဓာတုဗေဒဌာန မိသားစု
ပဲခူးတက္ကသိုလ်

ဝမ်းနည်းကြေကွဲခြင်း

ဦးဝင်းလွင်အောင်၏ဖခင် ဦးအောင်ချို ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းရပါကြောင်း။

ဒေါ်ညွှန့်ညွှန့်ရီ (Carolyn Waynor)
နှင့် မိသားစု (New Jersey, USA)

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်ကြွေ (ဆိပ်ကြီးခနောင်တို)
အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၁၄)၊ မဟာဗေယျလမ်း၊ ရေကျော်နေ ဦးအောင်မြတ်မျိုး (လက်ထောက်ညွှန်ကြားရေးမှူး၊ တည်ဆောက်ရေး-၁၊ ဆည်မြောင်း ဦးစီးဌာန)၏အဒေါ် ဒေါ်ခင်ကြွေ (ဆိပ်ကြီးခနောင်တို) အသက်(၈၄)နှစ်သည် ၂၈-၁၂-၂၀၁၃ရက် (စနေနေ့) ည ၇း၀၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းမိသားစု
တည်ဆောက်ရေး(၁)၊ ဆည်မြောင်းဦးစီးဌာန

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်ကြွေ (ဆိပ်ကြီးခနောင်တို)
အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၁၄)၊ မဟာဗေယျလမ်း၊ ရေကျော်နေ ဦးအောင်မြတ်မျိုး (လက်ထောက်ညွှန်ကြားရေးမှူး၊ တည်ဆောက်ရေး-၁၊ ဆည်မြောင်း ဦးစီးဌာန)၏ အဒေါ် ဒေါ်ခင်ကြွေ (ဆိပ်ကြီးခနောင်တို) အသက်(၈၄)နှစ်သည် ၂၈-၁၂-၂၀၁၃ရက်(စနေနေ့) ည ၇း၀၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းမိသားစု
တည်ဆောက်ရေး(၉)၊ ဆည်မြောင်းဦးစီးဌာန

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ဂနေစ်မား(ခ)ဒေါ်ခင်စိန်
အသက်(၇၃)နှစ်

ရန်ကုန်မြို့နေ ဦးသိန်းလွင်၊ ဦးလှအောင်၊ ဦးစိုးမြင့်၊ ဦးအေးကြူ(ခ)ဦးရာဂျူး၊ ဦးစိန်လွင်၊ ဦးဘိုကြီးတို့၏မိခင်ကြီး ဒေါ်ဂနေစ်မား(ခ)ဒေါ်ခင်စိန် အသက်(၇၃)နှစ်သည် ၂၇-၁၂-၂၀၁၃ ရက် နံနက်တွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

လှမ္မနီဘိုးဘွားရိပ်သာစောင့်ရှောက်ရေးအဖွဲ့

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ဂနေစ်မား(ခ)ဒေါ်ခင်စိန်
အသက်(၇၃)နှစ်

ရန်ကုန်မြို့နေ ဦးသိန်းလွင်၊ ဦးလှအောင်၊ ဦးစိုးမြင့်၊ ဦးအေးကြူ(ခ)ဦးရာဂျူး၊ ဦးစိန်လွင်၊ ဦးဘိုကြီးတို့၏မိခင်ကြီး ဒေါ်ဂနေစ်မား(ခ)ဒေါ်ခင်စိန် အသက်(၇၃)နှစ်သည် ၂၇-၁၂-၂၀၁၃ ရက် နံနက်တွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးဝင်းကြိုင်၊ ကိုကြည်အေး၊ ကိုကျော်မင်းထွန်း

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးခင်မောင်ရင်(စလင်း) M.A-Economic Advisor -ရှီးမဘဏ်လီမိတက်၊ ဗဟိုဘဏ်(ငြိမ်း)
အသက် (၇၂)နှစ်

ဆရာကြီးဦးခင်မောင်တင် (ဌာနမှူး-သင်ကြားရေး၊ ငြိမ်း)၊ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ဒေါ်ချိုချိုမြင့်တို့၏ အစ်ကိုသည် ၂၄-၁၂-၂၀၁၃ရက်တွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒေါ်လှိုင်သီရိ
ဌာနမှူး(တာဝန်)၊ ရေကြောင်းလျှပ်စစ်နှင့်အီလက်ထရွန်နစ်ဌာန
မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ငွေရီ အသက်(၆၈)နှစ်

ဦးဂွန်ဂျာအောင် တွဲဖက်မြို့နယ်တရားသူကြီး၊ ပုသိမ်မြို့နယ်တရားရုံး၏မိခင်ကြီး ဒေါ်ငွေရီသည် ၂၆-၁၂-၂၀၁၃ရက်တွင် ပုသိမ်မြို့၌ ရုတ်တရက်ကွယ်လွန်သွားကြောင် သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

လုပ်ငန်းဝင်သင်တန်းအပတ်စဉ်(၁၅)သူငယ်ချင်းများ

(၂)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
ဗိုလ်မှူးဟိန်းစိုး(ခ)မျိုးအောင်အောင်ထွန်း
ကြည်း-၃၂၇၇၄
ဒုတိယတပ်ရင်းမှူး
အသက် (၃၂)နှစ်
(၂၇-၁၂-၂၀၁၁) - (၂၇-၁၂-၂၀၁၃)

(၂)နှစ်ကာလကြာခဲ့ပေမယ့်၊ အဖြစ်အပျက်တွေက မနေ့ကအတိုင်းပါပဲ။ ချစ်တဲ့သား ကောင်းမွန်ရာဘုံဘဝမှာ ဘဝသစ်စနိုင်ပါစေ-

ဘွားဘွား	- ဒေါ်ခင်မြင့်(ကသာမြို့)
ဖေဖေ၊ မေမေ	- ဦးမြင့်ထွန်း-ဒေါ်ခင်ရွှေ
ဦးဦး၊ ဒေါ်ဒေါ်များ	- အမေမြိုင်၊ အမေနု၊ အမေမြင့်(အဘဝေ- အန်တီအေးသီတာ)၊ အမေချို၊ အမေနီ၊ အဘစန်း၊ ဦးမိုး-အန်တီယု၊ ဒေါ်လေးမို့
ချစ်ဇနီး	- ဗိုလ်ကြီးခင်ဝင်းမာ (တဆရ ၁/၇၀၀ ဆေးရုံ ပြင်ဦးလွင်)
ချစ်သား	- ဥက္ကာစိုး၊ ထက်နိုင်စိုး
ညီလေး၊ ညီမလေးများ	- မမျိုး၊ မဖြိုး၊ ဇာနီ၊ သိမ့်သိမ့်၊ သွန်းဆစ်

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ ဗားကရာတိုက်၊ မောင်းထောင်ကျောင်းဆရာတော်
ဘဒ္ဒန္တစက္ကိန္ဒ
သက်တော်(၉၁)နှစ်၊ သိက္ခာတော်(၇၁)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ ဗားကရာတိုက်၊ မောင်းထောင်ကျောင်းဆရာတော် ဘဒ္ဒန္တစက္ကိန္ဒသည်(၁၃၇၅ခုနှစ် နတ်တော် လပြည့်ကျော် ၁၀ရက်) ၂၇-၁၂-၂၀၁၃ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ (၁၃၇၅ခုနှစ် နတ်တော်လကွယ် ၁၄ရက်) ၃၀-၁၂-၂၀၁၃ရက်(အင်္ဂါနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌ အန္တိမအဂ္ဂိ ဈာပနကျင်းပမည်ဖြစ်ပါကြောင်း ဒါယကာ၊ ဒါယိကာမအပေါင်းအား အကြောင်း ကြားသိစေအပ်ပါသည်။ (မောင်းထောင်ကျောင်းမှကားများ မွန်းလွဲ ၁၂း၃၀နာရီ တွင် ထွက်ခွာပါမည်။)

ဈာပနကော်မတီ

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တသုမင်္ဂလသာမီဘိဝံသ
သ-အ မ္မောစရိယ၊ အဂ္ဂမဟာပဏ္ဍိတ
မြင်းခြံမြို့၊ ကိုးဆောင်တိုက်
မဟာဝိသုတာရာမိက ပခုက္ကူကျောင်းသစ်
သက်တော်(၈၆)နှစ်၊ သိက္ခာတော်(၆၆)ဝါ

ပဓာနနာယက မဟာထေရ်မြတ်ဆရာတော်ကြီးသည် (၁၃၇၅ခုနှစ် နတ်တော် လပြည့်ကျော် ၁၁ရက်)၂၈-၁၂-၂၀၁၃ရက်(စနေနေ့)နံနက်၂နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါ၍ ရပ်ဝေးရပ်နီးမှ တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအပ်ပါသည်။ (၁၃၇၅ခုနှစ် ပြာသိုလဆန်း ၈ရက်) ၈-၁-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့)တွင် အန္တိမအဂ္ဂိဈာပနပူဇော်ပွဲ ကျင်းပမည်ဖြစ်ပါကြောင်း။

ဂဏဝါစကဆရာတော်များနှင့် တပည့်ဒါယကာ ဒါယိကာမများ

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဆရာတော် ဘဒ္ဒန္တဝိမလ (ခရမ်းမြို့)
သဃ်ာန်းကျွန်းမြို့နယ် သံဃနာယက(ဥက္ကဋ္ဌဟောင်း)
သက်တော်(၇၈)နှစ်၊ သိက္ခာကော်(၅၉)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ာန်းကျွန်းမြို့နယ်၊ ကျိုက္ကဆံအနောက်ရပ်ကွက်၊ ဓမ္မသိဒ္ဓိ ကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝိမလသည် (၁၃၇၅ခုနှစ် နတ်တော်လပြည့်ကျော် ၁၀ရက်) ၂၇-၁၂-၂၀၁၃ရက်(သောကြာနေ့)ညနေ ၆နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ (၁၃၇၅ခုနှစ် နတ်တော်လပြည့်ကျော် ၁၄ရက်)၃၀-၁၂-၂၀၁၃ရက်(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိဈာပန ကျင်းပမည်ဖြစ်ကြောင်း ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ (အထက်ပါကျောင်းတိုက်မှ မွန်းလွဲ ၁နာရီတွင် ရေဝေး သုသာန်သို့ ပို့ဆောင်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တပါမောက္ခ (ဘိုကလေး)
(သာသနဓဇ ဓမ္မာစရိယ၊ အဘိဓာန်ကျမ်းပြုအဖွဲ့ဝင်၊ တိုင်းဝိနည်းဓိုရ်)
သက်တော်(၇၁)နှစ်၊ သိက္ခာတော်(၅၁)ဝါ

ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့၊ (၄)ရပ်ကွက်၊ ၅လမ်း၊ ရန်ကုန် ကျောင်းတိုက်၊ ပဓာနနာယကဆရာတော် ဘဒ္ဒန္တပါမောက္ခသည် (၁၃၇၅ခုနှစ် နတ်တော်လပြည့်ကျော် ၉ရက်) ၂၆-၁၂-၂၀၁၃ရက်(ကြာသပတေးနေ့)ည ၇း၁၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၅ခုနှစ် ပြာသိုလဆန်း ၅ရက်) ၅-၁-၂၀၁၄ရက်(တနင်္ဂနွေနေ့)တွင် ဘိုကလေးသုသာန်၌ အန္တိမအဂ္ဂိဈာပနသဘင် ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

တပည့်သံဃာတော်များနှင့်ဈာပနကျင်းပရေးကော်မတီ

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ဂနေစ်မား(ခ)ဒေါ်ခင်စိန်
အသက်(၇၃)နှစ်

ရန်ကုန်မြို့နေ ဦးသိန်းလွင်၊ ဦးအေးကြူ(ခ)ဦးရာဂျူးတို့၏မိခင်ကြီး ဒေါ်ဂနေစ်မား(ခ) ဒေါ်ခင်စိန် အသက်(၇၃)နှစ်သည် ၂၇-၁၂-၂၀၁၃ရက်နံနက်တွင် ကွယ်လွန်ကြောင်းကြား သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဒေါ်မြင့်မြင့်အေး(ဆရာမ)
စိန်ရတနာရောင်းဝယ်ရေး
ရွှေဘုံသာလမ်း၊ ရန်ကုန်မြို့

အထူးကျေးဇူးတင်ရှိခြင်း

၂၃-၁၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားသော ကျွန်တော် ကျွန်မများ၏ သာသနာ့မိခင်ကြီး (ဆရာပြောင်ကြီးဆေးတို့ဖတ်ဆေးတိုက်ပိုင်ရှင်)ဒေါ်မြင့်မြင့်သိန်း ဆေးကုသမှုခံယူစဉ် လိုလေသေးမရှိအောင် ပြုစုစောင့်ရှောက်ပေးသော ရွှေဂုံတိုင်အထူးကုဆေးခန်းမှ အထူးကုဆရာဝန်ကြီးများ၊ ခြောက်လွှာ (VIP Ward) နှင့် I.C.U မှ ဒေါက်တာဒေါ်နီလာစိုးနှင့်တာဝန်ကျဆရာဝန်၊ ဆရာမများအားလည်းကောင်း၊ နာရေးကိစ္စအဝဝတွင် အဘက်ဘက်မှဝိုင်းဝန်းကူညီပေးပါသော ရဟန်းသံဃာတော်များ၊ လူပုဂ္ဂိုလ်များ၊ အနယ်နယ်အရပ်ရပ်မှ တယ်လီဖုန်းနှင့်သော်လည်းကောင်း၊ လူကိုယ်တိုင်ကြွရောက်၍သော်လည်းကောင်း သတင်းမေးကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ လွမ်းသူ့ပန်းခြင်း၊ သက်န်းခြင်းနှင့်လှူဖွယ်ပစ္စည်းများ ပေးပို့သူများအားလည်းကောင်း ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

ဗိုလ်မှူးစိုင်းသီဟ
(တဗ-၂၇)
ကြည်း/၃၂၉၃၈
အသက်(၃၇)နှစ်

